# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ကဆုန်လဆန်း (၃) ရက် ၊ စနေနေ့ ၊ (22-4-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၃၅၁)

**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Don Pramudwinai ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Don Pramudwinai ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် ဧပြီ ၂၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Don Pramudwinai ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံတို့အကြား

**စာမျက်နှာ ၁၆ ကော်လံ ၃ သို့**



ရတနာပုံ
၂၀၂၄ ခုနှစ် မေ ၂၂ ရက်
အယ်ဒီတာ့အာဘော်

# ကမ္ဘာမြေ . . .စိမ်းလန်းပါစေ

ယနေ့ကမ္ဘာကြီးသည် လွန်ခဲ့သော နှစ်သန်းပေါင်းများစွာကပင် စကြဝဠာကြီးအတွင်း တည်ရှိခဲ့သည်။ ကမ္ဘာကြီးတွင် လူနှင့်သက်ရှိမျိုးစိတ်များစွာရှင်သန်လျက်ရှိပြီး သောက်သုံးရေ၊ အစားအစာ၊ ရှူရှိုက်ရန်လေများ အပြည့်အစုံရှိသည်။ ကမ္ဘာသူ၊ ကမ္ဘာသားတို့ ရှင်သန်ရပ်တည်နိုင်ရန်အတွက် ကာလအပိုင်းအခြားအလိုက် နွေ၊ မိုး၊ ဆောင်းဟူသည့် သဘာဝအလျောက်ရာသီဥတုအခြေအနေ အမျိုးမျိုးရှိသည်။

ကမ္ဘာပေါ်ရှိ သက်ရှိများအားလုံးတွင် လူသည် အသိဉာဏ် ဉာဏ်ရည်ဉာဏ်သွေးအမြင့်ဆုံးဖြစ်သည့်အလျောက် စက်မှုပညာ၊ သိပ္ပံပညာများ တစ်ဟုန်ထိုးတိုးတက်လာသောအခါ ကာဗွန်ဓာတ်ငွေ့အပါအဝင် ဖန်လုံအိမ်ဓာတ်ငွေ့များ ကမ္ဘာ့လေထုထဲသို့စွန့်ထုတ်မှု အလွန်အမင်းများပြားလာခဲ့သည်။ ထိုမှ ကမ္ဘာအရပ်ရပ်ရှိ သစ်တော၊ သစ်ပင်နှင့် ပင်လယ်သမုဒ္ဒရာတို့ စုပ်ယူသိုလှောင်နိုင်သော ကာဗွန်ဓာတ်ငွေ့ပမာဏကို ကျော်လွန်သွားခဲ့သည်။ ကာဗွန်အပါအဝင် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့များကြောင့် ကမ္ဘာကြီးပူနွေးမှုဖြစ်လာသည်နှင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်တို့ ဖြစ်ပေါ်လာကာ ကမ္ဘာပေါ်ရှိ လူနှင့် သက်ရှိမျိုးစိတ်အားလုံးအတွက် သက်ရှင်ရပ်တည်ရေးတွင် ဆိုးကျိုးများ သက်ရောက်လာရသည်။

ကမ္ဘာ့အပူချိန်မြင့်တက်လာခြင်း၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲလာခြင်း၏ ဆိုးကျိုးရလဒ်များကို ကုစားကာကွယ်နိုင်ရန်အတွက် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့က ၁၉၇၀ ပြည့်နှစ်ကစ၍ နှစ်စဉ် မေ ၂၂ ရက်ကို **ကမ္ဘာ့မြေနေ့**အဖြစ်သတ်မှတ်ကာ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု၊ ကမ္ဘာ့ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာဖြေရှင်းကြရာ၌ ကမ္ဘာ့နိုင်ငံအသီးသီး တာဝန်သိသိပူးပေါင်းပါဝင်လာစေရန် ဦးဆောင်ဦးရွက်ပြုလျက်ရှိသည်။

**"ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို တားဆီးလျော့ချရန်နှင့်ပြန်လည်ကုစားပြီး ပုံမှန်အခြေအနေပြန်ရောက်အောင် ဆောင်ရွက်သည့်နေရာတွင် အကောင်းဆုံးနှင့် အရိုးရှင်းဆုံးနည်းလမ်းမှာ သဘာဝကိုအခြေခံသည့်ဖြေရှင်းနည်း(Nature-based Solution-Nbs)ဖြစ်ကြောင်း။ သဘာဝကို အခြေခံပြီးဖြေရှင်းသည့်အတွက် အရေးကြီးသည့်ဂေဟစနစ်ဝန်ဆောင်မှုများ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ရေရျှိရရှိနိုင်မှု၊ ပိုမိုကောင်းမွန်သည့် အသက်မွေးဝမ်းကျောင်းမှု၊ ကျန်းမာရေးနှင့်ညီညွတ်ပြီး ရေရှည်တည်တံ့သည့်စားနပ်ရိက္ခာဘေးကင်းလုံခြုံမှု စသည်တို့ကို ပံ့ပိုးပေးသည့်အပြင် လူသားများနှင့် သဘာဝတရားတို့အကြား သဟဇာတဖြစ်စေပြီး ရာသီဥတုပြောင်းလဲမှုကို ပြည်သူဗဟိုပြုတုံ့ပြန်နိုင်ရေးအတွက်လည်း အားပေးလှုံ့ဆော်ရာရောက်ကြောင်း"**ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၂ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

လူသားတို့၏ပယောဂကြောင့် ဖြစ်ပေါ်လာရသော ကမ္ဘာ့အပူချိန်မြင့်တက်လာမှု၊ ရာသီဥတုပြောင်းလဲမှုတို့ကို ပြန်လည်ကုစားရေးအတွက် လူသားတို့ကပင် ပြန်လည်ဂရုတစိုက်ထိန်းကျောင်းစောင့်ရှောက်ရမည်ဖြစ်ပါသည်။ ကမ္ဘာ့လူသားတိုင်း သစ်ပင်များကို စိုက်ပျိုးထိန်းသိမ်းကြမည်ဆိုပါက စိမ်းလန်းစိုပြည်သာယာဖွယ်ကောင်းသည့် သဘာဝပတ်ဝန်းကျင်ကောင်းတစ်ရပ်ကို ပြန်လည်ပိုင်ဆိုင်ကြမည်ဖြစ်ပါသည်။ ထို့ကြောင့် ကမ္ဘာမြေစိမ်းလန်းစေရေး ယခုကျရောက်သော **ကမ္ဘာမြေနေ့**မှစ၍ လူတိုင်းကိုယ်စီ နှစ်လတ်၊ နှစ်ရှည်ပင် အနည်းဆုံးတစ်ပင်စီကို ရှင်သန်အောင်မြင်ဖြစ်ထွန်းရေး တတ်စွမ်းသရွေ့ စီမံစိုက်ပျိုးသင့်ပါကြောင်း အကြံပြုရေးသားအပ်ပေသည်။

# ယခုနှစ်ထွက်ရှိလာမည့် ငရုတ်သီးများကို တရုတ်နိုင်ငံဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်နေ



**မန္တလေး မေ ၂၁**

ယခုနှစ်ထွက်ရှိလာမည့် ငရုတ်သီးများကို တရုတ်နိုင်ငံဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်နေကြောင်း ငရုတ်ဈေးကွက်နှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း(မန္တလေး)ဥက္ကဋ္ဌ ဒေါ်ဥမ္မာကျော်က ပြောပြ၍ သိရသည်။

အဆိုပါ မြန်မာ့ထွက်ကုန် ငရုတ်သီးများကို Export အနေဖြင့် တရုတ်နိုင်ငံသို့ တင်ပို့သွားရန်အတွက် ပြင်ဆင်ဆောင်ရွက်နေကြောင်း၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း ပြန်လည်ဖွင့်လှစ်လိုက်သည့်အတွက် ကျောက်ဆည်နယ်ဘက်မှထွက်ရှိလာမည့် ငရုတ်သီးကို တင်ပို့သွားရန် အားထားနေကြောင်း၊ ငရုတ်သီးများတင်ပို့ရောင်းချနိုင်ရေးအတွက် ငရုတ်စိုက်ပျိုးသည့်ဒေသများအလိုက် တောင်သူများ၊ ကုန်သည်များ၊ အသင်းအဖွဲ့များက တရုတ်ကုန်သည်များနှင့် ချိတ်ဆက်ထားကြောင်း သိရသည်။

"တရုတ်လိုင်းကို ငရုတ်သီး တင်ပို့သွားဖို့ ပြင်ဆင်နေတယ်။ ငရုတ်သီးက ရောဝတီတိုင်းဒေသကြီးဘက်ကထွက်နေပါပြီ။ ဒါပေမဲ့ ဒီနှစ် ငရုတ်သီးက မလှပါဘူး။ ဒါကြောင့် ကျောက်ဆည်နယ်ဘက်တွေက ထွက်လာတဲ့ငရုတ်သီးကို တင်ပို့ဖို့အားထားပါတယ်။ အခုချိန်က ထွက်ရှိမှုနည်းသေးပါတယ်။ မေလကုန်ရင်တော့ ထွက်လာမဲ့ ငရုတ်သီးတွေရှိပါတယ်။ တင်ပို့မှုလမ်းကြောင်း အခက်အခဲမရှိရင် မှာယူသလောက် တင်ပို့ပေးသွားဖို့ ဆောင်ရွက်ထားပါတယ်။ လက်ရှိမှာလဲ ငရုတ်သီးအစိုတွေကို ပြည်တွင်းဈေးကွက်အတွင်းမှာ ရောင်းချပေးနေပါတယ်"ဟု ဒေါ်ဥမ္မာကျော်က ပြောပြသည်။

ငရုတ်ကို ရောဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးကြကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၅)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး မေ ၂၁**

မန္တလေး အိမ်ခြံမြေဈေးကွက်အတွင်း တန်ဖိုးနည်းအကွက်ရိုက်မြေကွက်များ အရစ်ကျစနစ်ဖြင့် အရောင်းအဝယ်ဖြစ်နေပြီး ငှားရမ်းနေထိုင်မှုများလည်း မြင့်တက်နေကြောင်း အိမ်ခြံမြေဈေးကွက်အတွင်းမှ သိရသည်။

အကွက်ရိုက်မြေကွက်များသည် မြေတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းကို ပေးချေပြီး ကျန်ငွေကို အရစ်ကျစနစ်ဖြင့် ရောင်းဝယ်နေခြင်းဖြစ်ကြောင်း၊ အရောင်းအဝယ်ဖြစ်နေသည့် အကွက်ရိုက်မြေကွက်များမှာ ချမ်းမြသာစည်မြို့နယ် အရှေ့ခြမ်းရှိ အကွက်ရိုက်မြေကွက်များ၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်ရှိ ကျေးရွာမြေများဖြစ်ကြောင်း သိရသည်။

"အခုက တန်ဖိုးနည်း အကွက်ရိုက်မြေကွက်တွေ အရောင်းအဝယ်ရှိနေတာပါ။ တော်တော်များများကတော့ အကွက်ရိုက်မြေကွက်တွေကို လာဝယ်ပြီး ချက်ချင်း အိမ်ဆောက်နေကြတာ။ သူက စရန်ချ အိမ်ဆောက်နေ ကျန်တာ အရစ်ကျဆိုတော့ အဆင်ပြေကြတယ်။ အိမ်ငှားတွေလဲ သွက်လာပါတယ်"ဟု ပုသိမ်ကြီးမြို့နယ်မှ အိမ်ခြံမြေ အကျိုးတော်ဆောင် ဦးညိုဝင်းက ပြောပြသည်။

ငှားရမ်းမှုများတွင် တစ်လလျှင် ငွေကျပ် ၅၀၀၀၀ မှ ၁၀၀၀၀၀ ခန့် ဈေးတန်းရှိ အိမ်ခန်းများ၊ လုံးချင်းနေအိမ်များကို ငှားရမ်းမှု အများဆုံးဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပိုင်ဆိုင်မှုခိုင်မာသည့် အိမ်ခြံမြေများ အရောင်းအဝယ်ဖြစ်မှုနည်းပါးခဲ့ရာမှ ယခုအခါ ပြန်လည် လှုပ်ခတ်စပြုလာပြီဖြစ်သော်လည်း ငွေကြေးရင်းနှီးမြှုပ်နှံမှုကြီးမားသည့် လုပ်ငန်းရှင်များ ဝင်ရောက်လာမှုမရှိခြင်းနှင့်အတူ အမြင့်ဈေးများဖြင့် ရပ်တည်နေသည့်မြေကွက်များ တင်းခံနေမှုကြောင့် ဈေးနှုန်းများ သိသိသာသာ ကျဆင်းလာခြင်းမျိုး မရှိသေးကြောင်း အိမ်ခြံမြေအရောင်းအဝယ် လုပ်ကိုင်သူများထံမှ သိရသည်။

အိမ်ခြံမြေဈေးနှုန်းများအနေဖြင့် မြို့သစ်ပိုင်း (မြို့သစ် ၁၊ ၂၊ ၃၊ ၄၊ ၅) လမ်းမတန်းမြေကွက်များမှာ ငွေကျပ် သိန်း ၂၀၀၀ နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၅၀၀ မှ သိန်း ၂၀၀၀ ခန့်၊ စက်မှုဇုန်နှင့် အနီးဝန်းကျင်ရပ်ကွက်များရှိ လမ်းတင်မြေကွက်များမှာ ငွေကျပ် သိန်း ၂၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀ နှင့် အထက်၊ မြရည်နန္ဒာရပ်ကွက်ရှိ လမ်းမတန်းမြေကွက်များမှာ ငွေကျပ်သိန်း ၁၃၀၀ နှင့် အထက်၊ ကြားကွက်များမှာ ငွေကျပ် သိန်း ၈၀၀ မှ သိန်း ၁၅၀၀ ခန့်ထိ ဈေးရှိကြောင်း အိမ်ခြံမြေအရောင်းအဝယ်လုပ်ကိုင်သူများထံမှ သိရသည်။

(၁၇၃)

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် မြေပြန့်ဒေသများမှ ဝင်ရောက်လာသည့် မုန်လာဥများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး မေ ၂၁**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာကုန်စိမ်းဈေးတွင် မြေပြန့်ဒေသများမှ ဝင်ရောက်လာသည့် မုန်လာဥများ အရောင်းအဝယ် ကောင်းနေကြောင်း အဆိုပါဈေးအတွင်းရှိ အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

လက်ရှိအချိန်တွင် မန္တလေး သီရိမာလာ ကုန်စိမ်းဈေးသို့ မြေပြန့်ဒေသများမှ မုန်လာဥများ နေ့စဉ် ခြောက်ဘီးကား လေးစီးမှ ငါးစီးခန့် ပုံမှန်ဝင်ရောက်နေကြောင်း၊ အဆိုပါ မုန်လာဥများ ဈေးကွက်သို့ လှိုင်လှိုင်ဝင်ရောက်လာပြီး ဈေးနှုန်းများမှာ အတွဲ ၃၀၊ ၄၀ ပါ အိတ်တစ်အိတ်လျှင် ငွေကျပ် ၈၀၀၀ မှ ၁၀၀၀၀ ထိဈေးရှိကြောင်း သိရသည်။

"မုန်လာဥက ဈေးတက်ပြီးတော့ အရောင်းအဝယ်ကောင်းနေပါတယ်။ မြေပြန့်ဒေသက စိုက်ပျိုးထားပြီး ထွက်ရှိလာတဲ့ မုန်လာဥတွေ ဈေးကွက်အတွင်းကို နေ့စဉ် လှိုင်လှိုင်ဝင်ရောက်လာပါတယ်။ ညောင်ပင်ဝန်း၊ မကျီးကန်၊ ပုံညာ၊ မဒူးလှ၊ ညောင်မြစ်စတဲ့ ဒေသတွေကပဲ ထွက်ရှိတော့တာပါ။ စိုက်ပျိုးတာတွေကလဲ နည်းလာပါတယ်။ ဒါပေမဲ့ ဈေးကွက်အတွင်းမှာ အရောင်းအဝယ်တွေ ကောင်းနေပါတယ်။ အခြားကုန်စိမ်းသီးနှံတွေဖြစ်တဲ့ ခရမ်းချဉ်၊ ဂေါ်ဖီ၊ အာလူး၊ မုန်ညင်း၊ ဗိုလ်စားပဲ၊ ကြက်ဟင်းခါးသီး၊ မုန်ညင်းဖြူ စတဲ့သီးနှံတွေလဲ အရောင်းအဝယ်တွေ ကောင်းနေပါတယ်"ဟု ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဟုမ္မလင်းမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဝါးအခြေပြုသင်တန်းဖွင့်

**ဟုမ္မလင်း မေ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဝါးအခြေပြုသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီ မိနစ် ၃၀ က အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဟုမ္မလင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲဝင်းနှင့် ဟုမ္မလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်တင်ယုမေတို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ ဟုမ္မလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဟန်မင်းဆွေက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဝါးအခြေပြုသင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဝါးအခြေပြုသင်တန်းကို ဟုမ္မလင်းမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများမှ သင်တန်းသား၊ သင်တန်းသူ ၁၅ ဦးတက်ရောက်ကြပြီး သင်တန်းတွင် သင်တန်းနည်းပြများက စာတွေ့၊ လက်တွေ့ဖြင့် ယနေ့မှ မေ ၃၀ ရက်ထိ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း ဟုမ္မလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်တင်ယုမေက ပြောပြ၍ သိရသည်။ (၂၀၆)



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် ဦးမောင်ကို-ဒေါ်ရွှေဥ ထားဝရကုမ္ပဏီမိသားစုက ဆွမ်းပဒေသာပင်အတွက် ငွေကျပ် ၃၀၀၀၀၀၀ လှူဒါန်းရာ ပါမောက္ခဒေါက်တာဦးမြမောင်၊ ပါမောက္ခဒေါက်တာဦးမိတ်၊ ဆရာကြီးဦးတင်မောင်နှင့် ဒေါ်မေသက်မော်တို့က လက်ခံရယူစဉ်။

# ဘူဆန်မြို့၌ကျင်းပမည့် Busan International Seafood & Fisheries Expo 2023 သို့ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်မည်



**ရန်ကုန် မေ ၂၁**

တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့၌ ကျင်းပပြုလုပ်မည့် Busan International Seafood & Fisheries Expo 2023 သို့ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် UMFCCI မှ ဗဟိုအလုပ်အမှုဆောင် ဒေါက်တာအောင်ဝင်းက ပြောပြ၍ သိရသည်။

တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့၌ ကျင်းပပြုလုပ်မည့် Busan International Seafood & Fisheries Expo 2023 ကို ယခုနှစ် နိုဝင်ဘာ ၁ ရက်မှ ၃ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါ ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များသာမက တောင်ကိုရီးယားနိုင်ငံတွင် သွားရောက်၍ စီးပွားရေးလုပ်ကိုင်နေသော မြန်မာစီးပွားရေးလုပ်ငန်းရှင်များလည်း တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

"တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့မှာ ကျင်းပပြုလုပ်မဲ့ Busan International Seafood & Fisheries Expo 2023 ကို မြန်မာနိုင်ငံက စီးပွားရေးလုပ်ငန်းရှင် အယောက် ၃၀ လောက် တက်ရောက်ပြီးတော့ ထုတ်ကုန်တွေကို ပြသဖို့ရှိတယ်။ အလားတူ တောင်ကိုရီးယားနိုင်ငံမှာ သွားရောက်ပြီးတော့ စီးပွားရေးလုပ်ကိုင်နေကြတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေလဲ တက်ရောက်ကြမှာပါ။ မြန်မာနိုင်ငံကသွားရောက်ပြီးတော့ ကုန်စည်တွေပြသမဲ့ စီးပွားရေးလုပ်ငန်းရှင်တွေကိုလဲ အကျယ်ဝန်း စတုရန်းမီတာ ၃၀ ရှိတဲ့ ပြခန်းနှစ်ခန်းကို တောင်ကိုရီးယားနိုင်ငံက အခမဲ့စီစဉ်ပေးတာပါ"ဟု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် UMFCCI မှ ဗဟိုအလုပ်အမှုဆောင် ဒေါက်တာ အောင်ဝင်းက ပြောပြသည်။

အဆိုပါ ကုန်စည်ပြပွဲတွင် နိုင်ငံပေါင်း ၂၅ နိုင်ငံမှ ကုမ္ပဏီနှင့် အဖွဲ့အစည်းပေါင်း ၄၂၀ ကျော်က ခင်းကျင်းပြသသွားမည်ဖြစ်ပြီး စုစုပေါင်းပြခန်းပေါင်း ၁၀၀၀၀ ခန့်ပါဝင်ပြသသွားမည်ဖြစ်ကြောင်း၊ ပြပွဲကာလအတွင်း ဖိုရမ်များ၊ Guest Country of Honour၊ Guest Provinces of Honour and Themes Cities အစီအစဉ်များ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအစီအစဉ်များနှင့် ကွန်ဖရင့်များကို ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် UMFCCI မှ ဗဟိုအလုပ်အမှုဆောင် ဒေါက်တာအောင်ဝင်းက ပြောပြ၍ သိရသည်။ ASH

# မလှိုင်မြို့နယ် ကြာအိုင်ကျေးရွာ၌ သောက်သုံးရေပြတ်လပ်မှုမရှိစေရေး စစ်ဆေး

**မလှိုင် မေ ၂၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သက္ကယ်ကျင်းကျေးရွာအုပ်စု ကြာအိုင်ကျေးရွာ၌ နွေရာသီ သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေးနှင့် စက်ရေတွင်းများကြံ့ခိုင်မှုရှိ၊ မရှိ အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ (နည်းပညာ) ဒေါ်ခင်မာလွင်နှင့် ဝန်ထမ်းများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ကြာအိုင်ကျေးရွာ၌ နွေရာသီသောက်သုံးရေပြတ်လပ်မှု မရှိစေရေးနှင့် စက်ရေတွင်းများကြံ့ခိုင်မှု ရှိ၊ မရှိ အခြေအနေနှင့် လက်ရှိရေပေးဝေသုံးစွဲမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက သောက်သုံးရေဖူလုံစွာပေးဝေနိုင်ရေး ကျေးရွာရေရရှိရေးကော်မတီများအနေဖြင့် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန်နှင့် ပြုပြင်ဆောင်ရွက်ရန်လိုအပ်ပါက အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ကြာအိုင်ကျေးရွာ၌ သောက်သုံးရေဖူလုံစွာ ပေးဝေနိုင်ရန်အတွက် အကျယ် လေးလက်မ၊ အနက်ပေ ၆၀၀ ပေရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ပြောပြ၍ သိရသည်။

**ဟိန်းထက်ရိုး(မလှိုင်)**

# မြင်းခြံမြို့နယ် သမုန်းကိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒုတိယအကြိမ်ထုတ်ချေး

**မြင်းခြံ မေ ၂၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်စေရန်ရည်ရွယ်၍ ပျော်ဘွယ်ကျေးရွာအုပ်စု သမုန်းကိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒုတိယအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သက်သက်နွယ်က ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများတိုးချဲ့လုပ်ကိုင်နိုင်စေရန် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်သက်သက်နွယ်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက သမုန်းကိုင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၈ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၇ ဦးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၄၃ ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၁၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ရှိုးသန်းညွန့်**



# အပူလျှပ်သတိလစ်ခြင်းအကြောင်းသိကောင်းစရာ

ကြည်လွင်မြင့် (မုံရွာ)

နွေရာသီရောက်လာလျှင် သတိထားရမည့်ရောဂါမှာ "အပူလျှပ်ခြင်း"ပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် အလွန်ပူပြင်းသည့် မတ်လ၊ ဧပြီလနှင့် မေလ (တပေါင်း၊ တန်ခူး၊ ကဆုန်) များတွင် အပူလျှပ်ရောဂါအဖြစ်များသည်။ ရုတ်တရက် သတိလစ်ပြီး သေဆုံးနိုင်သည့်ရောဂါမျိုးဖြစ်သည်။ အပူဒဏ်လွန်ကဲခြင်းကြောင့် ဦးနှောက်အတွင်းမှ သွေးကြောကြီး သို့မဟုတ် လက်တက်ခွဲသွေးကြောငယ်လေးတစ်ခုခုပေါက်ပြီး ရုတ်တရက်မူးမိုက်ကာ သတိလစ်လဲကျသွားသောရောဂါမျိုးဖြစ်သည်။ ဦးနှောက်သွေးကြောပေါက်သည့်နေရာအနေအထားပေါ် မူတည်ပြီး အသက်သေဆုံးခြင်းထိဖြစ်နိုင်သလို ကုသမှုကောင်းသဖြင့် ပြန်သတိရပြီးနောက်တွင်လည်း လေဖြတ် ကိုယ်တစ်ခြမ်းမလှုပ်နိုင်သည့်ဝေဒနာခံစားရနိုင်သည်။

**Heat Stroke အကြောင်း**

Heat ဆိုသည်မှာ အပူ၊ Stroke ဆိုသည်မှာ လေဖြတ်ခြင်းဖြစ်သဖြင့် အပူလျှပ်ပြီးဖြစ်သော လေဖြတ်ရောဂါဟု ဘာသာပြန်ဆိုနိုင်သည်။ ယခုခေတ်စားနေသော Heat Stoke ခေါ် "အပူလျှပ်၍လေဖြတ်ခြင်း" အကြောင်း သိထားသင့်သည်ထင်သဖြင့် ဖြစ်ခဲ့ကြပုံဇာတ်အလုံးစုံကလေးများကို သာဓကပြု၍ တင်ပြလိုက်ရပါသည်။

အပူလွန်ကဲချိန်တွင် နေပူထဲမှပြန်လာသူတစ်ဦးသည် ရုတ်တရက် ရေမချိုးရန်၊ ခြေလက်မဆေးရန်၊ ဦးခေါင်း၊ ဇက်ပိုး စသည်တို့ကို ရေမဆွတ်ရန် သတင်းစာ၊ ရေဒီယို စသည်တို့မှလည်း သတိပေးကြေညာနေသဖြင့် အတော်များများသိပြီးဖြစ်နေကြမည်ထင်သည်။ နေပူထဲမှပြန်လာလျှင် ရေမချိုးရ၊ ရေမလောင်းရဟူသောအပြောနှင့် ပြောင်းပြန်ဖြစ်ရပ်တစ်ခုဖြစ်ခဲ့သည်။

**အပူလျှပ်ခြင်းအကြောင်းများ**

တစ်ခါက ပလိပ်မြို့နယ် ရွာတစ်ရွာမှ မိန်းကလေးတစ်ဦးမှာ နေ့လယ်အိမ်အပြင်မထွက်မီကပင် ရေချိုး၊ သနပ်ခါးနံ့သာလိမ်းပြီးမှ သွားစရာရှိသော တစ်ဖက်ရွာသို့ ခြေချင်းဝတ်ခန့်မြုပ်သည့်ချောင်းရေစပ်မှ ဖြတ်၍သွားခဲ့သည်။ အထက်ကနေ၊ အောက်ကရေဖြင့် အပူလျှပ်ပြီး လမ်းခရီးတွင်ပင် လဲကျသတိလစ်သွားခဲ့သည်။ ဆေးရုံရောက်သောအခါ အသက်မရှိတော့။ သက်ဆိုင်ရာဆရာဝန်များက လေဖြတ်၊ ဦးနှောက်သွေးကြောပြတ်သွားကြောင်းပြောသည်။

အထက်ပါဖြစ်ရပ်တွင် သတိချပ်ရန်မှာ နေပူထဲမှအပြန် ရေချိုးခြင်းမဟုတ်ဘဲ ရေချိုးပြီးမှ နေပူထဲထွက်သူတွင် အပူ၊ အအေးဆန့်ကျင်ဘက်ဖြစ်ပြီး လေဖြတ်၊ ဦးနှောက်သွေးကြောပြတ်သွားရကြောင်း သတိပြုရမည်။ ပြီးခဲ့သော ၁၀ နှစ်ကျော်ကလည်း အလွန်ပူပြင်းသောမေလတွင် ညောင်ဦးလေဆိပ်မှလာသော အလုံပိတ်၊ လေအေးစက်(Aircon) အပြည့်ဖွင့်ပေးထားသော ဘတ်စကားကြီးပေါ်မှအဆင်း၊ အာနန္ဒာစေတီအနီး ပြတိုက်ရှေ့နားတွင် အသက်ကြီးကြီးနိုင်ငံခြားခရီးသည်တစ်ဦးမှာ ရုတ်တရက် လမ်းသွားရင်း အပူရှိန်ကြောင့် ဒူးထောက်လဲကျသွားရာမှ လေဖြတ်သွားသည်ကို အမှတ်ရမိသည်။

ထို့အတူ ရန်ကုန်မြို့ မီးပွိုင့်တစ်ခုတွင် မကြာသေးမီရက်ပိုင်းက Taxi ကားမောင်းသူတစ်ဦး Snow Towel ခေါ် ရေအေးဖတ်ကိုမျက်နှာပွတ်ပြီး ကုပ်ပေါ် တင်ထားလိုက်ရာမှ ရုတ်တရက်သတိလစ်ပြီး မှောက်ကျသွားရာ ကားမထွက်သဖြင့် ယာဉ်ထိန်းကပြေးသွားကြည့်မှ သေဆုံးနေသည်ကိုတွေ့ရကြောင်း ကြားသိရသည်။ ထို့အတူ ဘတ်စကားကြီးမောင်းသူတစ်ဦးမှာလည်း ကားရပ်ပြီး ရေသန့်ဘူးဆင်းဝယ်ကာ ရေသောက်ပြီးနောက် ခေါင်းပေါ်၊ လည်ကုပ်ပေါ်သို့ ရေလောင်းချရာမှ ရုတ်တရက်တက်သွားသဖြင့် ဆေးရုံပို့လိုက်ရသည်။ ၎င်းသည် ကံကောင်းထောက်မ၍ အသက်မသေသော်လည်း ကိုယ်တစ်ခြမ်းလေဖြတ်ပြီး စကားလည်းမပြောနိုင်တော့ကြောင်း သိရသည်။

**အပူအအေး အပြောင်းအလဲ**

အပူဒဏ်ကိုသည်းမခံနိုင်တော့သဖြင့် ရေအေးကို အငမ်းမရသောက်ခြင်း၊ ထို့ထက်ဆိုးသည်မှာ မျက်နှာသစ်ခြင်း၊ ကိုယ်ပေါ် လောင်းချခြင်းများကြောင့် ခန္ဓာကိုယ်တွင် အပူ၊ အအေးဆန့်ကျင်ဘက်တိုက်ပွဲဖြစ်ကာ လေဖြတ်သွားရခြင်းဖြစ်သည်။ မိတ်ဆွေအရာရှိကြီးတစ်ဦးပြောကြားချက်မှာ သင်ခန်းစာယူစရာများပါသဖြင့် ထပ်ဆင့်ပြန်လည်တင်ပြလိုပါသည်။ လူကြီးတစ်ဦးသည် လွန်ခဲ့သောနှစ်အနည်းငယ်က လေဖြတ်ဖူးသည်။ ပါးပါရွဲ့သွားပြီး စကားပြောလျှင် လျှာလေးသွားဖူးသည်။ ဖြစ်ပုံက သူရုံးလာလျှင် သူရုံးခန်းကို သူ့တပည့်များက သန့်ရှင်းရေးလုပ်ပြီး လေအေးစက်ကို အေးနေအောင် ကြိုတင်ဖွင့်ပေးထားသည်။ သူကလည်း သဘောကျနေမိသည်။ တစ်ရက်တွင် သူစစ်ဆေးစရာရှိသောလုပ်ကွက်များတွင် ကွင်းဆင်းစစ်ဆေးပြီး နေပူထဲမှပြန်အလာ ရုံးခန်းအတွင်းသို့ ဝင်လိုက်သည်နှင့် "မိုက်ခနဲ" ခေါင်းထဲတွင်မူးသွားပြီး ယိုင်လဲကျသွားသည်။ ဆေးရုံအရောက်စောသဖြင့်သာ ကံကောင်း၍ အသက်မသေသော်လည်း ကိုယ်တစ်ခြမ်းလေဖြတ်သလိုဖြစ်သွားသည်ကို တစ်လခန့်နားပြီး ကုသလိုက်ရသည်။ ယခုထိ စကားပြောလျှင် ပါးအနည်းငယ်ရွဲ့တာကျန်နေသေးသည်။ သည့်နောက်တွင် ရုံးပြန်တက်သောအခါ သူ့ရုံးခန်းကိုလေအေးစက်ကြိုပြီး ဖွင့်မထားခိုင်းတော့ပါ။ သူရောက်ပြီး အနားယူ၊ ရေတစ်ခွက်သောက်ပြီးမှ လေအေးစက်ကို အနိမ့်ဆုံးဒီဂရီမှစ၍ ဖွင့်ခိုင်းသည်။

**အပူ၊ အအေးကွာခြားချက်**

အနောက်တိုင်းလေ့လာချက်များအရ အခန်းအပူချိန်နှင့် လူ၏ခန္ဓာကိုယ်အပူချိန် ရုတ်တရက် ၁၅ ဒီဂရီစင်တီဂရိတ်ကွာခြားလျှင် Heat Stroke ရနိုင်သည်ဟုဆိုသည်။ ဥပမာ-ခန္ဓာကိုယ်အပူချိန်က ၄၀ ဒီဂရီစင်တီဂရိတ်ရှိပြီး ရုတ်တရက် အပြင်ထွက်လျှင် အပြင်အပူချိန်က ၁၀၅ ဒီဂရီစင်တီဂရိတ်ရှိနေလျှင် ရုတ်တရက် ဦးနှောက်သွေးကြောပြတ်လေဖြတ်သွားနိုင်သည်။ ထို့အတူ ၁၀၅ ဒီဂရီစင်တီဂရိတ်အပူရှိသော အပြင်မှပြန်လာပြီး ၄၀ ဒီဂရီစင်တီဂရိတ်အောက်အေးနေသော အခန်းအတွင်းသို့ ရုတ်တရက်ဝင်လျှင်လည်း လေဖြတ်နိုင်သည်။

**ခေါင်းလျှော်သူများ သတိထားရော**

စာရေးသူ၏ သမီးငယ်တစ်ဦးသည် အပြင်မှပြန်လာလျှင် ဆံပင်ဖြန့်ချ၍ ပန်ကာရှေ့မှာသွားရပ်ပြီး ခေါင်းငုံ့လေအေးခံလေ့ရှိသဖြင့် မကြာခဏလှမ်းအော်ပြီး သတိပေးရသည်။ ပန်ကာလေကြောင့်လည်း လေဖြတ်နိုင်သည်။ ခေါင်းလျှော်ဆိုင်များမှာ ရေအေးဖြင့် ဇိမ်ခံခေါင်းလျှော်ပြီးနောက် ပါးရွဲ့လေဖြတ်ခြင်းဖြစ်ပွားသူများလည်း တွေ့ဖူးကြုံဖူးသည်။ ပူပြင်းသောရာသီတွင် ခေါင်းလျှော်လျှင် အပူမလျှပ်အောင် အထူးသတိပြုကြစေလိုသည်။

**နေပူထဲမှပြန်လာလျှင်**

နေပူထဲမှပြန်လာလျှင် ရေအေးတစ်ခွက် သောက်သင့်သည်။ သို့သော် ရောက်ရောက်ချင်း အငမ်းမရ၊ အဆောတလျင်မသောက်သင့်ပါ။ ခေတ္တနားပြီး ၁၀ မိနစ်၊ ၁၅ မိနစ်ခန့်ကြာမှ သောက်သင့်သည်။

ရေကလည်း ရေခဲရေ၊ ရေခဲသေတ္တာထဲမှ ရေအေးကို မသောက်သင့်ပါ။ ရေခဲတုံးများအပြည့်ထည့်ထားသောဖျော်ရည်များ၊ သံပရာရည်ချဉ်ချဉ်များ မသောက်သင့်ပါ။ အသင့်အတင့်အေးသောရေ၊ မြေအိုးတွင် ထည့်ထားသော ရေအေးမျိုးကိုသာသောက်ပါ။



ရေခဲရေသောက်ခြင်းကြောင့် လည်ချောင်းနှင့် အစာအိမ်တွင်ရှိနေသော အပူဓာတ်မှာ ရုတ်တရက် ငုပ်လျှိုးပြီး လည်ချောင်းနာခြင်း၊ အသံဝင်ခြင်း၊ အစာအိမ်ရောင်ခြင်း၊ အသည်းရောင်ခြင်း၊ ပန်ကရိယရောင်ခြင်းများဖြစ်တတ်သည်။ တိုင်းရင်းဆေးပညာအယူအဆအရ ရေခဲရေသည် ဝမ်းမီးကိုငြိမ်းစေ၊ ပျက်စေတတ်သဖြင့် ရေခဲရေအမြဲသောက်နေသူများမှာ အစာမကြေရောဂါရလာတတ်သည်။ အအေးကြောင့်ဖြစ်သောဒဏ်၊ အပူကြောင့်ဖြစ်သောဒဏ်များကို ခန္ဓာကိုယ်ကြီးက ခံရစမြဲဖြစ်ရာ အပူဒဏ်ကို ကာကွယ်ရမည်ဖြစ်သော်လည်း တတ်နိုင်သမျှ သည်းခံပြီးနေသင့်သည်။

ရုတ်တရက်ဆန့်ကျင်ဘက်မပြုရ။

အပူမှအအေးရှိရာသို့ ရုတ်တရက်မသွားရ။

အပူအအေးဝိရောဓိကြောင့် ခန္ဓာကိုယ်တွင်းမှ သွေးကြောများပေါက်ပြီး အသက်ဆုံးရှုံးရသည်ထိ ဖြစ်လာတတ်သည်။ အလွန်အကဲမပူလျှင် သည်းခံပြီး သင့်တင့်သောနေရာတွင်နေကာ အပူကိုဖျောက်ကြပါ။ သင့်တင့်ရုံအေးသောရေကိုသာ သောက်သုံးပါ။

**နေပူဒဏ်ကာကွယ်ရန်အတွက်**

၁။ သနပ်ခါးလိမ်းပါ (အမျိုးသမီးများ၊ ကလေးများ)

၂။ မိတ်ထွက်လျှင်သနပ်ခါးအနည်းငယ်စားပေးပါ။

၃။ ရေတစ်ခွက်သောက်ပြီးမှ အပြင်ထွက်ပါ။

၄။ အပြင်မှပြန်လာလျှင် ရေခဲရေမသောက်ပါနှင့်။

၅။ ခြေထောက်ရေမဆေးပါနှင့်။

၆။ မျက်နှာမသစ်ပါနှင့်။

၇။ ရေချက်ချင်းမချိုးပါနှင့်။

၈။ ခေါင်းမူး၊ ခေါင်းချွေးပြန်လျှင် သံပရာရည် မသောက်ပါနှင့်။

၉။ ဦးခေါင်း၊ ဆံပင်ဖြန့်၍ ပန်ကာလေမခံပါနှင့်။

၁၀။ ရေခဲသေတ္တာထဲမှရေဘူးကို အပြင်မှာ ၁၅ မိနစ်ခန့်ထုတ်ထားပြီးမှသောက်ပါ။

၁၁။ ဝမ်းချုပ်လျှင် မန်ကျည်းမှည့်ထန်းလျက်ဖျော်ရည်သောက်ပါ။

၁၂။ ဝမ်းပျက်လျှင် သကြားသုံးဇွန်း၊ ဆားတစ်ဇွန်း၊ လက်ဖက်ခြောက်လက်တစ်ဆုပ်ကို ဒယ်အိုးဖြင့်လှော်ပြီး ရေနွေးခတ်သောက်ပါ။

**အပူလျှပ်သတိလစ်သူကိုတွေ့ရှိလျှင် လုပ်ဆောင်ရမည့်အချက်များ**

၁။ သတိလစ်နေသူကို နေပူ သို့မဟုတ် လမ်းဘေးတွင်ဖြစ်နေလျှင် အရိပ်ရသောနေရာသို့ ချက်ချင်းပြောင်းရွှေ့ပါ။

၂။ ဆေးရုံ၊ ဆေးခန်းသို့ပို့ပေးနိုင်သောယာဉ်များ၊ အဖွဲ့အစည်းများရှိလျှင် ချက်ချင်းအကြောင်းကြားပါ။

၃။ သတိလစ်နေသူကို လေလုံသောနေရာတွင် မထားပါနှင့်။ လေဝင်လေထွက်ရှိသောနေရာတွင်သာ ပြောင်းရွှေ့ထားရှိပါ။

၄။ ထိုသူ အသက်မရှူလျှင် ရင်ဘတ်အထက်ပိုင်းကို လက်နှစ်ဖက်ဖြင့် ဖိနှိပ်ပေးပါ။

၅။ ပါးစပ်စေ့နေလျှင် ပါးစပ်ကိုပွင့်အောင် ဇွန်းဖြင့်ကလန့်ခြင်း၊ တစ်နည်းနည်းဖြင့် ပါးစပ်ပွင့်အောင်ပြုလုပ်ပါ။ ပါးစပ်မှ လေဝင်လေထွက်ရပြီး အသက်ရှူနိုင်စေရန် ပါးစပ်ပွင့်နေရပါမည်။

၆။ အကယ်၍ ပါးစပ်အတွင်း၌ ချွဲနှင့် အစားအစာများပိတ်ဆို့နေပါက လက်ဖြင့် ကလော်ထုတ်ပေးပါ။

၇။ ရေတိုက်လိုလျှင် ပါးစပ်အတွင်းသို့ ရေကိုအစက်ချပေးပါ။ ခွက် သို့မဟုတ် ရေသန့်ဘူးဖြင့် လောင်းထည့်ခြင်းမပြုလုပ်ပါနှင့်။ အသက်ရှူလမ်းကြောင်းသို့ ရေဝင်သွားနိုင်သည်။

၈။ သတိလစ်နေသူသည် ထူထဲသောအဝတ်အစားများ ဝတ်ဆင်ထားပါက ချွတ်ပေးရပါမည်။

၉။ လိုအပ်ပါက လူနာကို ရေပတ်တိုက်ပေးရမည်။ ရေပတ်တိုက်လျှင် အေးသောရေ သို့မဟုတ် ရေခဲရေအသုံးပြုနိုင်သည်။

၁၀။ ရေခဲတုံးများရှိပါက ကြွပ်ကြွပ်အိတ်ဖြင့်ထုပ်ပြီး လူနာ၏ ချိုင်းကြားနှစ်ဖက်၊ ပေါင်ခြံနှင့် တံကောက်ကွေးနှစ်ဖက်တို့တွင်ထားပေးပါ။

၁၁။ လူနာအသက်ရှူလမ်းကြောင်းဖြောင့်စေရန်အတွက် အဝတ်တစ်ခုကိုလိပ်ပြီး ဇက်အောက်တွင် ခုထားပေးပါက ခေါင်းမော့သည့်အနေအထားဖြစ်ပြီး ပါးစပ်ပွင့်စေနိုင်သည်။ ထိုအခါ ပါးစပ်မှ အသက်ရှူလာနိုင်သည်။

၁၂။ လူနာကိုယ်အပူချိန်အလွန်များပါက စောင် သို့မဟုတ် အဝတ်ကို ရေညှစ်ပြီး အိပ်ရာခင်းကဲ့သို့ အောက်ခံခင်းထားပေးပါ။ ရေခြောက်သွားလျှင် ထပ်မံရေဆွတ်ပေးပါ။

၁၃။ အဝတ်အခင်းရှားပါးသောနေရာ၊ ကျေးလက်တောရွာများဖြစ်ပါက ငှက်ပျောရွက်ကို အိပ်ရာခင်းပေးခြင်းဖြင့် အပူဒဏ်မှ ကာကွယ်နိုင်သည်။

၁၄။ လူနာသတိရပါက ဓာတ်ဆားရည်တိုက်ကျွေးပေးပါ။ အကယ်၍ ဓာတ်ဆားရည်မရှိပါက ရေနွေးတွင် သကြားဟင်းစားဇွန်းသုံးဇွန်း၊ အိမ်သုံးဆား ဟင်းစားဇွန်းတစ်ဇွန်းရောစပ်ဖျော်ပြီး အအေးခံ၍ ဖြည်းဖြည်းချင်းတိုက်ကျွေးပေးပါ။

၁၅။ သတိလစ်နေသောလူနာကို ယပ်ခတ်ပေးခြင်း၊ ရေပတ်တိုက်ခြင်းများသာပြုလုပ်ပေးပါ။

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# MSMEs လုပ်ငန်းရှင် ၂၁၀၀ ကျော်ကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၃ ခုနှစ် မတ်လထိ ချေးငွေကျပ် ၄၀၀ ဘီလီယံခန့် ထုတ်ချေးထား

**ရန်ကုန် မေ ၂၁**

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSMEs) ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၃ ခုနှစ် မတ်လထိ MSMEs လုပ်ငန်းရှင် ၂၁၀၀ ကျော်ကို ချေးငွေကျပ် ၄၀၀ ဘီလီယံခန့် ထုတ်ချေးထားကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးသိဟက ပြောပြ၍ သိရသည်။

နိုင်ငံတစ်ဝန်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ(MSMEs)ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လိုအပ်သောငွေကြေးပံ့ပိုးမှုများကို ဆောင်ရွက်ပေးလျက်ရှိရာ SME နှစ်ဆင့်ချေးငွေစီမံကိန်းမှ လုပ်ငန်းရှင် ၂၁၀၀ ကျော်ကို ချေးငွေကျပ် ၄၀၀ ဘီလီယံခန့်ထုတ်ချေးထားကြောင်း သိရသည်။

"မြန်မာနိုင်ငံမှာ MSMEs လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က လိုအပ်တဲ့ ငွေကြေးပံ့ပိုးမှုတွေကို SME နှစ်ဆင့်ချေးငွေစီမံကိန်း အဆင့်(၁)၊ အဆင့်(၂) နဲ့ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်ကစပြီး အကောင်အထည်ဖော်ခဲ့တာဖြစ်ပါတယ်။ ဒီစီမံကိန်းတွေအရ MSME လုပ်ငန်းတွေကို ချေးငွေတွေ ထုတ်ချေးပေးခဲ့ပြီး SME လုပ်ငန်းရှင်တစ်ဦးကို ချေးငွေကျပ်သန်း ၅၀၀ ထိ အရစ်ကျစနစ်နဲ့ ထုတ်ချေးခဲ့ပါတယ်။ စီမံကိန်းအဆင့်(၁) ကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလကနေ စတင်ပြီး ငွေကျပ် ၅၇ ဒသမ ၆၃၄ ဘီလီယံနဲ့ မတည်ဆောင်ရွက်ခဲ့ပြီး ၂၀၂၃ ခုနှစ် မတ်လကုန်ထိ SME လုပ်ငန်းရှင် ၅၅၃ ယောက်ကို ချေးငွေကျပ် ၁၂၄ ဒသမ ၇၇၈ ဘီလီယံ ထုတ်ချေးပြီးဖြစ်ပါတယ်။ အဲဒီလိုပဲ စီမံကိန်းအဆင့်(၂) ကို ၂၀၁၈ ခုနှစ် စက်တင်ဘာလမှာ အကောင်အထည်ဖော်ခဲ့ပြီး ဘဏ် ၁၁ ဘဏ်ကတစ်ဆင့် ပြီးခဲ့တဲ့ ၂၀၂၃ ခုနှစ် မတ်လထိ SME လုပ်ငန်းရှင် ၁၅၉၅ ယောက်ကို ချေးငွေကျပ် ၂၇၅ ဒသမ ၀၁၁ ဘီလီယံ ထုတ်ချေးထားပါတယ်"ဟု စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးသိဟက ပြောပြသည်။ ASH



# ဒေးဒရဲမြို့နယ် ဘုရားချောင်းကျေးရွာ၌ ရေသန့်စင်စနစ်လုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ဒေးဒရဲ မေ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် ဘုရားချောင်းကျေးရွာအုပ်စု ဘုရားချောင်းကျေးရွာ၌ မဲခေါင်-လန်ချန်းအထူးစီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် ရေသန့်စင်စနစ်လုပ်ငန်း ဆောင်ရွက်နေမှုကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးသန်းနှင့် တာဝန်ရှိသူများသည် မေ ၂၀ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးသန်းနှင့် တာဝန်ရှိသူများသည် ဖျာပုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇေယျာဇော်မျိုးနှင့် တာဝန်ရှိသူများ၊ ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စွာမြင့်နှင့်အတူ ဘုရားချောင်းကျေးရွာ၌ ရေသန့်စင်စနစ်လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ဘုရားချောင်းကျေးရွာ၌ ရေသန့်စင်စနစ်ဆောင်ရွက်ခြင်းလုပ်ငန်းကို မဲခေါင်-လန်ချန်းအထူးစီမံကိန်းရန်ပုံငွေကျပ် ၁၅၀ ဒသမ ၅ သန်းဖြင့် ၂၀၂၃ ခုနှစ် မတ်လ ပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်း၏ ၄၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်လာစေရန် ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုအစီအစဉ် ၂၀၃၀ ရည်မှန်းချက်ကို တိုးမြှင့်အကောင်အထည်ဖော်နိုင်ရန်နှင့် စီမံကိန်းဒေသရှိ တောင်သူများ၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အဆိုပါစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စွာမြင့်က ပြောပြ၍ သိရသည်။

**သန်းသန်းစိုး**

## မြန်မာ့အလှ မြန်မာ့ရှုခင်း

- လှည်းဝင်ရိုးသံ တညံညံနှင့်
ပုဂံမြေအား လှဆင်ထားသည့်
ဘုရားစေတီ အလီလီကား
စီရီပွင့်လန်း ကုသိုလ်ပန်းတို့
ဆင်မြန်းလျက်ပါ အေးချမ်းသာ၏။

- မန်းရွှေစက်တော် သမိုင်းကျော်၍
ဖူးမြော်တစ်မျိုး ကျိုက်ထီးရိုးနှင့်
တန်ခိုးကြီးစွာ ကျောင်းတော်ရာပင်
မဟာမုနိ ထူးမြတ်ရှိပေ
အမိမြန်မာ ဂုဏ်ရောင်ဖြာ၏။

- မြစ်ကြီးလေးစင်း ရစ်ခွေဆင်းလို့
ချင်းတွင်း သံလွင် စစ်တောင်းထင်၍
မြစ်ပြင်ဧရာ တည်ရှိရာဝယ်
သာယာရှုမော ရေလျဉ်ကြောမှာ
စီးမျောထွေထွေ ကောင်းကျိုးဝေ၏။

- ရိုးမလေးတန် ဝိုင်းကာရံ၍
ဘေးရန်ကင်းရေး ကာကွယ်ပေးသည်
ဘယ်ဆေးပန်းချီ လိုက်မမီအောင်
စီရီတောတန်း ချိတ်ဆက်မြန်းလို့
တောပန်းများစွာ ဖူးပွင့်ပါ၏။

- အင်းလေးကန်သာ အင်းရိုးရာနှင့်
ရေမှာတည်ထား အိုးအိမ်များက
ထူးခြားသဏ္ဌာန် ဓလေ့ဟန်ပင်
အားမာန်မစဲ လှေပြိုင်ပွဲမှာ
ဆင်နွှဲအမှု ညီညွတ်ပြု၏။

- ဩော် . . .
ဘုရားစေတီ ကျောင်းကန်မှီသည့်
မြန်ပြည်အခင်း မြေတလင်းမှာ
အဆင်းတည်ကာ ဂုဏ်အင်ဖြာလို့
ကြည်သာစိတ်ဝမ်း ဖော်ဆောင်ငြမ်းက
မနွမ်းရှင်ပျို စိမ်းစိမ်းစိုသည်တကား။ ။

**ဇေဒါမောင်(ပညာရေး)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ **Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။**

➤ **မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း၊ စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။**

# နိုင်ငံတကာ သတင်းများ

## မက္ကဆီကိုနိုင်ငံက သမ္မတအထူးလေယာဉ်ကို တာဂျစ်ကစ္စတန်သို့ ကန်ဒေါ်လာ ၉၂ သန်းဖြင့် ရောင်းချ

**မက္ကဆီကိုစီးတီး မေ ၂၁**

မက္ကဆီကိုနိုင်ငံသည် ယခင်အစိုးရလက်ထက် သမ္မတအထူးလေယာဉ်ကို တာဂျစ်ကစ္စတန်နိုင်ငံသို့ ရောင်းချလိုက်ပြီဖြစ်ကြောင်း ရိုက်တာသတင်းဌာနက မေ ၂၀ ရက်တွင် ဖော်ပြခဲ့သည်။

သမ္မတ အထူးလေယာဉ်အား တာဂျစ်ကစ္စတန်နိုင်ငံသို့ ရောင်းချခဲ့မှုကို မက္ကဆီကိုသမ္မတ လိုပက်ဇ် အော်ဘရေဒေါက ၎င်း၏ တွစ်တာစာမျက်နှာပေါ်၌ အတည်ပြုထားသည်။

ဘိုအင်း ၇၈၇ ဒရင်းလိုင်နာ အမျိုးအစား သမ္မတအထူးလေယာဉ်ကို ပီဆိုငွေ ၁ ဒသမ ၆၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၉၂ သန်း) ဖြင့် ရောင်းချခဲ့ခြင်းဖြစ်ကြောင်း သမ္မတ အော်ဘရေဒေါ၏ အဆိုအရ သိရသည်။

အဆိုပါသမ္မတအထူးလေယာဉ်ကို ၂၀၁၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၁၈ သန်းဖြင့် ဝယ်ယူခဲ့ပြီး ယခင်မက္ကဆီကို သမ္မတဟောင်း ပီနေနီယေးတိုက အသုံးပြုခဲ့သည်။

သို့ရာတွင် လက်ဝဲဝါဒီတစ်ဦးဖြစ်သည့် လက်ရှိ မက္ကဆီကိုသမ္မတ အော်ဘရေဒေါကမူ ၎င်းလေယာဉ်ကို တစ်ကြိမ်မျှ သုံးစွဲဖူးခြင်းမရှိသကဲ့သို့ အဆိုပါ လေယာဉ်ကိုလည်း ယခင်အစိုးရများ၏ နိုင်ငံ့ဘဏ္ဍာ အလွန်အကျွံ သုံးစွဲမှုပြယုဂ်အဖြစ် ဝေဖန်ထားကြောင်း သိရသည်။

KKO

## ချီလီနိုင်ငံက လစ်သီယမ်သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းကို နိုင်ငံပိုင်လုပ်ငန်းအဖြစ် ပြောင်းလဲမည်



**ဆန်တီယာဂို မေ ၂၁**

စီးပွားရေးကို မြှင့်တင်ရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ရေးတို့အတွက် လစ်သီယမ်သတ္တုတူးဖော်ရေးလုပ်ငန်းကို နိုင်ငံပိုင်ပြုလုပ်ရန် ချီလီအစိုးရကစီစဉ်ထားကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

လစ်သီယမ်သတ္တုသည် လျှပ်စစ်စွမ်းအင်သုံး မော်တော်ယာဉ်ဘက်ထရီများအတွက် အရေးကြီးသော သတ္တုတစ်မျိုးဖြစ်ပြီး ၎င်းသတ္တုအမျိုးအစားများကို ချီလီနိုင်ငံအနေဖြင့် ကမ္ဘာပေါ်တွင် ဒုတိယအများဆုံး ထုတ်လုပ်သည့်နိုင်ငံဖြစ်သည်။

နိုင်ငံစီးပွားရေးကို မြှင့်တင်ရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ရေးအတွက် လစ်သီယမ်သတ္တုတူးဖော်ရေးလုပ်ငန်းကို မိမိအနေဖြင့် နိုင်ငံပိုင်အဖြစ် ပြောင်းလဲမည်ဟု ချီလီသမ္မတ ဂါဘရီရယ်လ်ဘောရစ်က မေ ၂၀ ရက်တွင် ပြောကြားခဲ့ကြောင်း သိရသည်။

နိုင်ငံပိုင်ပြုလုပ်ရေးအစီအစဉ်အရ ပုဂ္ဂလိက သတ္တုတူးဖော်ရေးကုမ္ပဏီ နှစ်ခုတို့၏ လစ်သီယမ်သတ္တုတူးဖော်ရေးလုပ်ငန်းများအား ထိန်းချုပ်ခွင့်ကို နိုင်ငံပိုင်သီးခြားကုမ္ပဏီတစ်ခုထံ လွှဲပြောင်းပေးမည်ဖြစ်သည်။

လစ်သီယမ်သတ္တုတူးဖော်ရေးလုပ်ငန်းကို နိုင်ငံပိုင်အဖြစ် ပြောင်းလဲမည့် ချီလီအစိုးရ၏ အစီအစဉ်ကြောင့် လျှပ်စစ်ကားဘက်ထရီသုံး သတ္တုများ အလုံအလောက်ရယူနိုင်ရန် ကြိုးစားနေသည့် နိုင်ငံတကာ လျှပ်စစ်ကားဘက်ထရီထုတ်လုပ်သူများအတွက် အခက်အခဲများ ရှိလာနိုင်သည်။

ချီလီနိုင်ငံကဲ့သို့ အမေရိကနိုင်ငံတစ်နိုင်ငံဖြစ်သည့် မက္ကဆီကိုနိုင်ငံသည်လည်း လစ်သီယမ်သတ္တုသိုက်များကို နိုင်ငံပိုင်သတ္တုသိုက်များအဖြစ် ပြီးခဲ့သည့်နှစ်အတွင်းက ကြေညာခဲ့ကြောင်း သိရသည်။

KKO

## အမေရိကန်ရေငုပ်သင်္ဘော ရေပြင်ပေါ်သို့ ပြန်တက်လာရန် အီရန်ရေတပ်ဖိအားပေးခဲ့

**တီဟီရန် မေ ၂၁**

ပါရှန်ပင်လယ်ကွေ့ အတွင်း ဝင်ရောက်လာသည့် အမေရိကန်ရေတပ် ရေငုပ်သင်္ဘောရေမျက်နှာပြင်ပေါ်သို့ တက်ရောက်ရန် အီရန်ရေတပ်က ဖိအားပေးခဲ့ကြောင်း အီရန်အစိုးရ မီဒီယာများကို ကိုးကား၍ ရိုက်တာသတင်းဌာနက မေ ၂၀ ရက်တွင် ဖော်ပြခဲ့သည်။

ဟော်မုဇ်ရေလက်ကြားကို ဖြတ်သန်းနေသည့် အမေရိကန်ရေငုပ်သင်္ဘောတစ်စင်း ရေမျက်နှာပြင်ပေါ်သို့ ပြန်တက်လာစေရန် အီရန်ရေတပ်မှ ဖာတီးအမည်ရှိ ရေငုပ်သင်္ဘောတစ်စင်းက ပြုလုပ်နိုင်ခဲ့ကြောင်း အီရန်ရေတပ်တာဝန်ရှိသူများက နိုင်ငံပိုင်ရုပ်သံဌာနသို့ မေ ၂၀ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့ပြင် အမေရိကန်ရေငုပ်သင်္ဘောသည် အီရန်ရေပိုင်နက်အတွင်း ဝင်ရောက်နေခြင်းဖြစ်ပြီး အီရန်ရေငုပ်သင်္ဘော၏ သတိပေးချက်ကြောင့် လမ်းကြောင်းပြောင်း ထွက်ခွာသွားကြောင်း အီရန်ရေတပ်တာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

သို့ရာတွင် အီရန်ရေတပ်တာဝန်ရှိသူများ၏ အဆိုပါ ပြောကြားချက်များကို ဘာရိန်းနိုင်ငံအခြေစိုက် အမှတ်-၅ အမေရိကန်ရေတပ်အုပ်စုက သတင်းမှားထုတ်လွှင့်မှုအဖြစ် ငြင်းပယ်ထားသည်။

ထို့ပြင် ဟော်မုဇ်ရေလက်ကြားကို မေ ၂၀ ရက်တွင်လည်းကောင်း၊ ယင်းနေ့မတိုင်မီရက်များတွင်လည်းကောင်း၊ မည်သည့်အမေရိကန်ရေငုပ်သင်္ဘောမျှ ဝင်ရောက်ဖြတ်သန်းမှု မရှိခဲ့ကြောင်း အမေရိကန်ရေတပ်က သတင်းထုတ်ပြန်ထားသည်။

သို့သော်လည်း အမှတ်-၅ ရေတပ်အုပ်စုကို အကူအညီပေးရေးအတွက် ဖလော်ရီဒါအမည်ရှိ နျူကလီးယားစွမ်းအင်သုံး ပဲ့ထိန်းဒုံးကျည်တင် ရေငုပ်သင်္ဘောတစ်စင်းကို အရှေ့အလယ်ပိုင်းသို့ စေလွှတ်ထားသည်ဟု အမေရိကန်ရေတပ်က ယခုလအစောပိုင်းတွင် ပြောကြားထားကြောင်း သိရသည်။ KKO



## တရုတ်နိုင်ငံ၏ ငါးဖမ်းဆီးမှုပိတ်ပင်ချက် ဗီယက်နမ်နိုင်ငံ ကန့်ကွက်

**ဟနွိုင်း မေ ၂၁**

တောင်တရုတ်ပင်လယ်ပိုင်ဆိုင်ခွင့် အငြင်းပွားရေပြင်ဒေသတစ်ခု၌ နှစ်စဉ် ငါးမဖမ်းရကာလ တရုတ်နိုင်ငံက တစ်ဖက်သတ် သတ်မှတ်မှုကို ဗီယက်နမ်နိုင်ငံက ဝေဖန်ကန့်ကွက်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက မေ ၂၀ ရက်တွင် ဖော်ပြခဲ့သည်။



တရုတ်နိုင်ငံသည် မေ ၁ ရက်မှ ဩဂုတ် ၁၆ ရက်ထိ အကျုံးဝင်မည့် ငါးဖမ်းဆီးမှုပိတ်ပင်ရေးစည်းမျဉ်းကို တောင်တရုတ်ပင်လယ်ရေပြင်ပိုင်ဆိုင်ခွင့် အငြင်းပွားရေပြင်ဒေသတစ်ခု၌ မေ ၂၀ ရက်က ကြေညာထားသည်။

ရေရှည်ငါးဖမ်းဆီးနိုင်မှု အားကောင်းလာစေရေး၊ အဏ္ဏဝါဂေဟစနစ်မြှင့်တင်ရေးတို့အတွက် အဆိုပါ ငါးဖမ်းဆီးမှု ပိတ်ပင်ရေးစည်းမျဉ်းကို နှစ်စဉ်ချမှတ်နေခြင်းဖြစ်ကြောင်း တရုတ်တာဝန်ရှိသူများက ပြောကြားထားသည်။

သို့ရာတွင် တရုတ်နိုင်ငံ၏ ငါးဖမ်းဆီးမှု ပိတ်ပင်ရေးစည်းမျဉ်း၌ ဗီယက်နမ်နိုင်ငံ၏အထူးစီးပွားရေးရေပြင်ဇုန် တစ်စိတ်တစ်ဒေသနှင့် တရုတ်နှင့် ဗီယက်နမ်အကြား ပိုင်ဆိုင်ခွင့်အငြင်းပွားနေသော ရေပြင်များလည်း ပါဝင်နေကြောင်း ဗီယက်နမ်နိုင်ငံ၏ အဆိုအရ သိရသည်။

တရုတ်နိုင်ငံ၏ ငါးဖမ်းဆီးမှု ပိတ်ပင်ရေးစည်းမျဉ်းသည် ဗီယက်နမ်၏ အချုပ်အခြာပိုင်စိုးမှုကို ချိုးဖောက်ရာ ရောက်ကြောင်း ဗီယမ်နမ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် အဆိုပါ ငါးဖမ်းဆီးမှု ပိတ်ပင်ရေးစည်းမျဉ်းကို ၁၉၉၉ ခုနှစ်မှစ၍ နှစ်စဉ်ကျင့်သုံးခဲ့သလို ဗီယက်နမ်နိုင်ငံကလည်း နှစ်စဉ်ကန့်ကွက်လေ့ရှိကြောင်း သိရသည်။

KKO

## ဆူဒန်နိုင်ငံရှိ အမေရိကန်သံဝန်ထမ်းများကို လိုအပ်လာပါက ခေါ်ထုတ်နိုင်ရေးအတွက် အမေရိကန်အစိုးရပြင်ဆင်

**ဝါရှင်တန် မေ ၂၁**

ဆူဒန်နိုင်ငံရှိ အမေရိကန် သံဝန်ထမ်းများကို လိုအပ်လာပါက အရေးပေါ် ကယ်ထုတ်ပေးနိုင်ရေးအတွက် ဂျီဘူတီနိုင်ငံရှိ အမေရိကန်စစ်အခြေစိုက်စခန်း၌ စစ်အင်အားတိုးမြှင့်ထားရန် အမေရိကန်နိုင်ငံက ပြင်ဆင်နေကြောင်း ရိုက်တာသတင်းဌာနက မေ ၂၀ ရက်တွင် ဖော်ပြခဲ့သည်။

ဆူဒန်နိုင်ငံအတွင်းမှ အမေရိကန် သံတမန်အမှုထမ်းများကို လိုအပ်လာပါက ခေါ်ထုတ်ပေးနိုင်ရေးနှင့် လုံခြုံမှုပေးရေးတို့အတွက် ဂျီဘူတီနိုင်ငံရှိ အမေရိကန်စစ်စခန်းသို့ တပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်မည်ဖြစ်ကြောင်း အမေရိကန်အစိုးရတာဝန်ရှိသူများက မေ ၂၀ ရက်တွင်ထုတ်ဖော်ပြောကြားထားသည်။

လက်ရှိအချိန်တွင် ဆူဒန်နိုင်ငံ၌ ဆူဒန်စစ်ဘက်နှင့် အာရ်အက်စ်အက်ဖ် ခေါ် ပြိုင်ဘက်ပြည်သူ့စစ်အုပ်စုတို့အကြား မေ ၁၅ ရက်မှစ၍ တိုက်ပွဲများဖြစ်ပွားခဲ့ရာ အနည်းဆုံး လူဦးရေ ၃၃၀ သေဆုံးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဆူဒန်နိုင်ငံ၌ ရောက်ရှိနေသည့် အမေရိကန်နိုင်ငံသားများအနေဖြင့် တိုက်ပွဲကာလများအတွင်း ဘေးကင်းလုံခြုံမှုရှိသော နေရာများတွင် သာနေကြရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက တိုက်တွန်းထားသည်။

သို့ရာတွင် ဆူဒန်နိုင်ငံ၌ အမေရိကန် သံဝန်ထမ်းအရေအတွက် မည်မျှရှိကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ဖော်ပြောကြားထားခြင်း မရှိကြောင်း သိရသည်။

ဆူဒန်နိုင်ငံ၏ အခြေအနေကို အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် ကိုယ်တိုင် စောင့်ကြည့်နေကြောင်း အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။ KKO

# SCIENCE AND TECHNOLOGY

## ISS၌ ဆိုက်ကပ်ထားသော ဆိုက်ဂနက်စ်အာကာသကုန်တင်ယာဉ် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်ရေးအတွက် အာကာသစခန်းမှခွာထွက်ရန် စီစဉ်ထား



**ဝါရှင်တန် မေ ၂၁**

နိုင်ငံတကာ အာကာသစခန်း (ISS)၌ ဆိုက်ကပ်ထားသော ဆိုက်ဂနက်စ် အာကာသကုန်တင်ယာဉ်သည် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်ရေးအတွက် မေ ၂၁ ရက်တွင် အာကာသစခန်းမှ ပြန်လည်ခွာထွက်ရန် စီစဉ်ထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ရေးသားတင်ပြထားသည်။

အဆိုပါ အာကာသကုန်တင်ယာဉ်သည် ISS အာကာသယာဉ်မှူးများအသုံးမလိုသော ပစ္စည်းပစ္စယ ကီလိုဂရမ် ၃၇၀၀ ကို ပြန်လည် သယ်ယူလာမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်ချိန်တွင် ဆိုက်ဂနက်စ်အာကာသယာဉ်မှာ လောင်ကျွမ်း ပျောက်ကွယ်သွားမည်ဖြစ်သည်ဟု နာဆာအဖွဲ့က သတင်း ထုတ်ပြန်ထားကြောင်း သိရသည်။

နော့သ်ရော့ဂရူးမင်းကုမ္ပဏီက တည်ဆောက်ထားသည့် အဆိုပါ ဆိုက်ဂနက်စ် အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာအာကာသစခန်း ထောက်ပံ့တာဝန်များရယူထားသည့် အာကာသကုန်တင်ယာဉ် သုံးမျိုးထဲတွင် အပါအဝင်ဖြစ်ကြောင်း သိရသည်။

ကျန်အာကာသကုန်တင်ယာဉ်နှစ်မျိုးမှာ ရုရှားအာကာသအေဂျင်စီ၏ ပရိုဂရက်စ်အာကာသကုန်တင်ယာဉ်ဖြစ်ပြီး ကျန်တစ်မျိုးမှာ Space-X ၏ ဒရာဂွန် အာကာသ ကုန်တင်ယာဉ်ဖြစ်ကြောင်း သိရသည်။

KKO


## နာဆာ၏ လူစီအာကာသယာဉ်က လေ့လာမည့်ဂြိုဟ်သိမ်များကို ပထမဆုံးအကြိမ်အဖြစ် ဓာတ်ပုံများရိုက်ကူးခဲ့

**ဝါရှင်တန် မေ ၂၁**

အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ လူစီအာကာသယာဉ်သည်၎င်းလေ့လာမည့် ဂြိုဟ်သိမ်များကို ပထမဆုံးအကြိမ်အဖြစ် ဓာတ်ပုံများရိုက်ကူးခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က မေ ၂၀ ရက်တွင် ရေးသားတင်ပြထားသည်။

လူစီ အာကာသယာဉ်သည် အဆိုပါ ဂြိုဟ်သိမ်ပစ်မှတ်များကို မိုင်ပေါင်းသန်း ၃၃၀ အကွာမှတစ်ဆင့် မတ် ၂၅ ရက်နှင့် ၂၇ ရက်အကြား ကာလများအတွင်း ရိုက်ကူးခဲ့ခြင်းဖြစ်သည်။

လူစီအာကာသယာဉ်သည် မစ်ရှင်သက်တမ်းတစ်လျှောက် လေ့လာရမည့် ကြာသပတေးဂြိုဟ် ထရိုဂျင်ဂြိုဟ်သိမ်ရှစ်စင်းအနက် လေးစင်းကို ဓာတ်ပုံရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း နာဆာအဖွဲ့က ကြေညာချက်ထုတ်ပြန်ထားသည်။



နာဆာအဖွဲ့သည် ကြာသပတေးဂြိုဟ် နေပတ်လမ်းအတွင်းရှိ ထရိုဂျင်ဂြိုဟ်သိမ်ခေါ် ဂြိုဟ်သိမ်များကို လေ့လာရေးအတွက် လူစီအာကာသယာဉ်ကို ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁၆ ရက်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လူစီအာကာသယာဉ်သည် ပစ်မှတ်ဂြိုဟ်သိမ်များအနက် ခြောက်စင်းဆီသို့ ရောက်ရှိရေးအတွက် ဖြပ်ဆွဲအား အကူအညီရယူရန် ၂၀၂၄ ခုနှစ်နှင့် ၂၀၂၈ ခုနှစ်အကြာကာလအတွင်း ကမ္ဘာဂြိုဟ်ကို နှစ်ကြိမ် အနီးကပ်ဖြတ်ကျော်ရမည်ဖြစ်သည်။

ထို့နောက် ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာကို တတိယအကြိမ် အနီးကပ်ဖြတ်ကျော်၍ ကျန်ပစ်မှတ်ဂြိုဟ်သိမ်နှစ်စင်းဆီသို့ ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

KKO

## နာဆာ၏ သက်မဲ့ဂြိုဟ်တုတစ်စင်းက မေ ၂၀ ရက်တွင် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်ခဲ့

**ဝါရှင်တန် မေ ၂၁**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ သက်မဲ့ဂြိုဟ်တုတစ်စင်းသည် မေ ၂၀ ရက်တွင် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည် ဝင်ရောက်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ရေးသားတင်ပြထားသည်။

RHESSI အမည်ရှိ အဆိုပါ နေလေ့လာရေး သက်မဲ့ဂြိုဟ်တုသည် အာဖရိကတိုက် ဆာဟာရသဲကန္တာရဒေသအထက်တွင် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်ခဲ့ခြင်းဖြစ်သည်ဟု နာဆာက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

RHESSI ဂြိုဟ်တု၏ အစိတ်အပိုင်းအများစုသည် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်ချိန်တွင် လောင်ကျွမ်းကွယ်ပျောက်ခဲ့ပြီး အစိတ်အပိုင်း တချို့တလေသည်သာ မြေပြင်ပေါ်ကျရောက်နိုင်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

၎င်းဂြိုဟ်တု လေထုအတွင်း ပြန်လည် ဝင်ရောက်ရာနေရာ၏ လောင်ဂျီတွဒ်နှင့်လတ္တီတွဒ်အညွှန်းကိန်းများအရ ဂြိုဟ်တုအစိတ်အပိုင်းတချို့ ကမ္ဘာမြေပေါ် ပြန်ကျခဲ့ပါက ဆူဒန်နှင့် အီဂျစ်နယ်စပ် ကန္တာရနယ်မြေပေါ်သို့သာ ကျရောက်နိုင်ကြောင်း နာဆာသိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

နာဆာသည် အလေးချိန်ပေါင် ၆၀၀ ကျော်ရှိသော RHESSI ဂြိုဟ်တုကို ပီးဂါးဆပ်စ်အိတ်စ်အယ်လ်ဒုံးပျံဖြင့် ၂၀၀၂ ခုနှစ်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

RHESSI ဂြိုဟ်တုသည် ၂၀၁၈ ခုနှစ်ထိတိုင် နေမျက်နှာပြင်စူးစမ်းလေ့လာမှုများပြုလုပ်ခဲ့ပြီးနောက် မစ်ရှင်သက်တမ်းကုန်ဆုံးသွားသော သက်မဲ့ဂြိုဟ်တုတစ်စင်းအဖြစ် ပြောင်းလဲခဲ့ရကြောင်း သိရသည်။

KKO

# HEALTH

## ကိုယ်ဝန်ဆောင်ကာလ စိတ်ကျဝေဒနာခံစားရမှုက နှလုံးသွေးကြောဆိုင်ရာရောဂါနှင့်ဆက်စပ်နေ

**နယူးယောက် မေ ၂၁**

ကိုယ်ဝန်ဆောင်ကာလအတွင်း စိတ်ကျဝေဒနာ ခံစားခဲ့ရမှုသည် မီးဖွားပြီး နှစ်နှစ်အတွင်း နှလုံးသွေးကြောဆိုင်ရာရောဂါများဖြစ်ပွားနိုင်ခြေ မြင့်မားလာနိုင်မှုနှင့်ဆက်စပ်နေနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ ယူပီအိုင်သတင်းဌာနက မေ ၂၀ ရက်တွင် ရေးသားတင်ပြထားသည်။

ကိုယ်ဝန်ဆောင်ကာလ စိတ်ကျဝေဒနာခံစားခဲ့ရသူများသည် ကိုယ်ဝန်ဆောင်ကာလ သွေးပေါင်မြင့်တက်မှုပြဿနာ မရှိခဲ့လျှင်ပင် နှလုံးသွေးကြောဆိုင်ရာရောဂါများဖြစ်နိုင်ခြေမှာ မီးဖွားပြီးနောက်ပိုင်း မြင့်တက်လာနိုင်ကြောင်း အမေရိကန် သုတေသန ပညာရှင်များ၏ အဆိုအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် ၂၀၀၇ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်ကြား မီးဖွားခဲ့ကြသည့် အမျိုးသမီး ၁၀၀၀၀၀ ကျော်တို့၏ ကျန်းမာရေး မှတ်တမ်းများကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ထွက်ပေါ်လာသည့်ရလဒ်များအရ ကိုယ်ဝန်ဆောင်စဉ်အတွင်း စိတ်ကျဝေဒနာခံစားခဲ့ရသူများသည် မခံစားခဲ့ရသူများနှင့်နှိုင်းယှဉ်ပါက မီးဖွားပြီးနှစ်နှစ်အတွင်း နှလုံးသွေးကြောကျဉ်းရောဂါဖြစ်နိုင်ခြေ ၈၃ ရာခိုင်နှုန်းပိုမြင့်မားကြောင်း သိရသည်။

အလားတူ ကိုယ်ဝန်ဆောင်ကာလ စိတ်ကျဝေဒနာခံစားခဲ့ရသူများတွင် နှလုံးခုန်ရပ်တရက် ရပ်တန့်နိုင်ခြေမှာလည်း ၆၀ ရာခိုင်နှုန်းပိုမြင့်မားကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် ကိုယ်ဝန်ဆောင်ကာလစိတ်ကျဝေဒနာနှင့်နှလုံးသွေးကြောဆိုင်ရာရောဂါ ဖြစ်နိုင်ခြေတို့ကြား ဆက်စပ်မှုရှိ၊မရှိကို ပထမဆုံးအနေဖြင့်လေ့လာခဲ့ကြသည်။

KKO

## ပရိုတင်းများ ဦးနှောက်အတွင်းစုဝေးမှုကို အသုံးများသောအိပ်ဆေးတစ်မျိုးက လျှော့ချပေးနိုင်

**နယူးယောက် မေ ၂၁**

အသုံးများသည့် အိပ်ဆေးတစ်မျိုးသည် အယ်လ်ဇိုင်းမားရောဂါနှင့် ဆက်စပ်နေသော ပရိုတင်းများ ဦးနှောက်အတွင်းစုဝေးမှုကို လျှော့ချပေးနိုင်ကြောင်း The Daily Mail သတင်းစာက မေ ၂၀ ရက်တွင် ရေးသားတင်ပြထားသည်။

အမေရိကန် သုတေသနပညာရှင်များသည် Suvorexant (Belsomra) ခေါ် အိပ်ဆေးတစ်မျိုး သုံးစွဲနေရသူ ၃၈ ဦးကို လေ့လာစောင့်ကြည့်ခဲ့ကြသည်။

လေ့လာချက်မှထွက်ပေါ်လာသော ရလဒ်များအရ Suvorexant ကို ညပိုင်းတွင် ဆေးချိန်ဆေးဆအများဆုံး သောက်သုံးခဲ့သူများ၌ နောက်တစ်နေ့ မိုးလင်းချိန်တွင် ကျောရိုးရည်ကြည်အတွင်း အမိလွိုက် (Amiloid) ခေါ် ပရိုတင်းတစ်မျိုးပါဝင်မှုမှာ ၂၀ ရာခိုင်နှုန်းထိ ကျဆင်းသွားတတ်ကြောင်း သိရသည်။

သို့ရာတွင် Suvorexant အိပ်ဆေး၏အာနိသင်ကို အတည်ပြုနိုင်ရေးအတွက်သုတေသနလုပ်ငန်းများ ပိုမိုကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ရန်လိုအပ်ဆဲဖြစ်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ဝန်ခံထားသည်။

အမိလွိုက်နှင့် Tau အမည်ရှိ ပရိုတင်းအနည်အနှစ်များ ဦးနှောက်အတွင်း စူးစမ်းမှုမြင့်တက်လာခြင်းသည် အယ်ဇိုင်းမားရောဂါဖြစ်ပွားမှုနှင့် ဆက်စပ်နေကြောင်း ဆေးပညာရှင်များ၏ အဆိုအရသိရသည်။

ယခင် နိုင်ငံတကာသုတေသနပညာရှင်များ ပြုလုပ်ခဲ့ဖူးသော လေ့လာချက်များတွင်မူ အိပ်ဆေးများ သုံးစွဲရမှုကြောင့် အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း တင်ပြထားကြသည်။KKO



# နိုင်ငံတကာ အားကစားသတင်းများ

## အက်ဒေဗလား ဆီမီးဖိုင်နယ်အဆင့် ပွဲကြိုသုံးသပ်ချက်

ML

**ဘရိုက်တန် Vs မန်ယူ**

**ကစားမည့်ရက်/အချိန် ၂၃-၄-၂၀၂၃ (ည ၁၀း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**မန်ယူ ၁ – ၂ ဘရိုက်တန်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဘရိုက်တန် | – | ဝေး(နိုင်) | ဝေး(ရှုံး) | ဝေး(နိုင်) |
| မန်ယူ | – | အိမ်(သရေ) | ဝေး(နိုင်) | ဝေး(ရှုံး) |

ဘရိုက်တန်အသင်းဟာ အသင်းလိုက်ကစားအားကောင်းနေပေမဲ့ အတွေ့အကြုံပိုင်းအားနည်းမှုတွေရှိနေပါတယ်။ မန်ယူအသင်းကတော့ ယူရိုပါလိဂ်က ထွက်ခွာခဲ့ရလို့ အခုဖလားကိုသာ အာရုံစိုက်လာမှာသေချာပြီး ဖလားသမိုင်းမှာလဲ အောင်မြင်တဲ့အသင်းတွေထဲမှာ ပါဝင်နေသလို ကစားသမားစုဖွဲ့မှုနဲ့ အတွေ့အကြုံပိုင်းမှာလဲ အသာစီးမှာရှိနေပါတယ်။ ဒါကြောင့် မန်ယူအသင်းပဲ နောက်တစ်ဆင့် တက်ရောက်သွားမှာပါ။

**အင်တာနက်ခန့်မှန်း – ဘရိုက်တန် ၁ – ၂ မန်ယူ**

## အီတလီစီးရီးအေ ပွဲစဉ် (၃၁) ပွဲကြိုသုံးသပ်ချက်များ

ML

**ဂျူဗင်တပ် Vs နာပိုလီ**

**ကစားမည့်ရက်/အချိန် ၂၄-၄-၂၀၂၃ (နံနက် ၀၁း၁၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**နာပိုလီ ၅ – ၁ ဂျူဗင်တပ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဂျူဗင်တပ် | – | အိမ်(နိုင်) | ဝေး(ရှုံး) | ဝေး(သရေ) |
| နာပိုလီ | – | ဝေး(ရှုံး) | အိမ်(သရေ) | အိမ်(သရေ) |

ဂျူဗင်တပ်အသင်းဟာ နောက်ပိုင်းမှာ ခြေစွမ်းပိုင်းတိုးတက်လာတာကြောင့် အိမ်ကွင်းကိုးပွဲဆက် ရှုံးပွဲမရှိဘဲ တိုက်စစ်ပိုင်းက အိမ်ကွင်းပွဲတိုင်း ဂိုးရရှိခဲ့တာဖြစ်ပါတယ်။ နာပိုလီအသင်းကတော့ လက်ရှိ ကစားပုံကလဲ သာမန်အဆင့်သာရှိတာကြောင့် အခုပွဲစဉ်မှာရှုန်းကန်ရနိုင်လို့ ဂျူဗင်တပ်အသင်းကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း – ဂျူဗင်တပ် ၁ – ၀ နာပိုလီ**

**အေစီမီလန် Vs လက်ချီ**

**ကစားမည့်ရက်/အချိန် ၂၃-၄-၂၀၂၃ (ည ၁၀း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လက်ချီ ၂ – ၂ အေစီမီလန်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| အေစီမီလန် | – | အိမ်(နိုင်) | ဝေး(သရေ) | ဝေး(သရေ) |
| လက်ချီ | – | ဝေး(ရှုံး) | အိမ်(ရှုံး) | အိမ်(သရေ) |

လက်ရှိချန်ပီယံ အေစီမီလန်ဟာ အမှတ်ပေးပွဲမှာ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိတာကြောင့် ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့အတွက် အခုပွဲစဉ်ကို မဖြစ်မနေအနိုင်ရဖို့ ပြင်ဆင်လာမှာပါ။ လက်ချီကတော့ တန်းဆင်းဇုန်အန္တရာယ်ရှိနေပေမဲ့ အေစီမီလန်လို ကစားသမားစုဖွဲ့မှုကောင်းပြီး တိုက်စစ်ထက်မြက်တဲ့အသင်းကို အဝေးကွင်းကစားရမှာဖြစ်လို့ ဂိုးပြတ်မရှုံးဖို့သာ ကြိုးစားရမှာပါ။ ဒါကြောင့် အေစီမီလန်အသင်းပဲ အနိုင်ရသွားမှာပါ။

**အင်တာနက်ခန့်မှန်း – အေစီမီလန် ၂ – ၁ လက်ချီ**

## အားကစားသတင်း အတိုအထွာများ

- ခံစစ်ကစားသမား စမောလင်း ရိုးမားအသင်းနှင့် စာချုပ်သက်တမ်းတိုးရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။
- အသက် ၄၁ နှစ်ရှိ ဘက်တစ်အသင်းတိုက်စစ်မှူး ဂျိုးအာကွင်က ကစားသမားဘဝမှ အနားယူလိုက်ပြီဖြစ်ကြောင်း တရားဝင်ထုတ်ပြန်ခဲ့သည်။
- အေတီကိုအသင်းဥက္ကဋ္ဌ စီရီဇိုက နည်းပြဆီမွန်နီအနေဖြင့် လာမည့်နှစ်တွင် အေတီကိုအသင်းတွင် ဆက်ရှိနေမည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

ML

## ယူရိုပါလိဂ်ပြိုင်ပွဲတွင် မန်ယူကိုဂိုးပြတ်အနိုင်ယူ၍ ဆီဗီလာအသင်းဆီမီးဖိုင်နယ်သို့ တက်ရောက်



**ဆီဗီလာ ဧပြီ ၂၁**

ယူရိုပါလိဂ် ကွာတားဖိုင်နယ် ဒုတိယအကျော့ ပွဲစဉ်အဖြစ် ဆီဗီလာအသင်းနှင့် မန်ယူအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဆီဗီလာအသင်းက သုံးဂိုးပြတ်ဖြင့်အနိုင်ရခဲ့သောကြောင့် နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်ဟု ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲ ပထမအကျော့တွင် တစ်ဖက်နှစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့ပြီး ယခုဒုတိယအကျော့ပွဲစဉ်တွင် နှစ်သင်းစလုံး နောက်တစ်ဆင့်တက်ရောက်ရန် အကြိတ်အနယ်ကြိုးပမ်းခဲ့ရာ ဆီဗီလာအသင်းက တန်ပြန်တိုက်စစ်ဖြင့် ပြိုင်ဘက်ကိုဖိအားပေးနိုင်ခဲ့သဖြင့် ပွဲကစားချိန် ရှစ်မိနစ်တွင် တိုက်စစ်မှူး အက်ညက်ဆီရီက လည်းကောင်း၊ ပွဲချိန် ၄၇ မိနစ်တွင် လှိုက်ဘလိတ်က လည်းကောင်း၊ ပွဲချိန် ၈၁ မိနစ်တွင် တိုက်စစ်မှူး အန်ညက်ဆီရီက ပင် တတိယဦးဆောင်ဂိုးကို လည်းကောင်း သွင်းယူနိုင်ခဲ့သော်လည်း မန်ယူအသင်းတိုက်စစ်မှူးများအနေဖြင့် အခွင့်အရေးများကို အသုံးမချနိုင်ခဲ့သဖြင့် ချေပဂိုးမရရှိခဲ့ဘဲ သုံးဂိုးပြတ်ဖြင့် ရှုံးနိမ့်၍ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည်။

ဆီဗီလာအသင်းသည် ယခုနှစ်ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲတွင် ရလဒ်ဆိုးရွားမှုကြောင့် နည်းပြအပြောင်းအလဲ နှစ်ကြိမ်ထိ ပြုလုပ်ခဲ့ရသော်လည်း ယူရိုပါလိဂ်ပြိုင်ပွဲတွင် ဆုဖလားခြောက်ကြိမ်ထိ ရယူနိုင်ခဲ့သည့်အပြင် ပြီးခဲ့သည့် ကိုးနှစ်တာကာလအတွင်း ယူရိုပါလိဂ်ဆုဖလား လေးကြိမ်ထိ ရယူနိုင်ခဲ့သည့်မှတ်တမ်းကောင်းကို ပိုင်ဆိုင်ထားပြီး ယခုနှစ်တွင်လည်း ဆီမီးဖိုင်နယ်အဆင့်ထိ တက်ရောက်နိုင်ခဲ့ကာ ချန်ပီယံဆု ဆွတ်ခူးနိုင်ရန် အခွင့်အရေးများ ပိုင်ဆိုင်ထားသည်။

ဆီဗီလာအသင်းသည် ဆီမီးဖိုင်နယ်အဆင့်တွင် စီးရီးအေကလပ် ဂျူဗင်တပ်အသင်းနှင့် တွေ့ဆုံနေသကဲ့သို့အခြားပွဲစဉ်တွင် စိန့်ဂျီလိုစီကို အနိုင်ရခဲ့သည့် လေဗာကူဆင်အသင်းနှင့် ဖီရင်နေအသင်းကို အနိုင်ရခဲ့သည့် ရိုးမားအသင်းတို့ ထိပ်တိုက်တွေ့ဆုံနေပြီး ပထမအကျော့ပွဲစဉ်များကို လာမည့် မေ ၁၂ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ML

## Chevron Championship အမှတ်ပေးဇယားကို ပီယန်ချီအန် ဦးဆောင်

**ဝါရှင်တန် ဧပြီ ၂၁**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် ဝုဒ်လန်းတွင်ကျင်းပနေသည့် Chevron Championship ဂေါက်သီးရိုက်ပြိုင်ပွဲပထမနေ့အပြီးတွင် တရုတ်(တိုင်ပေ)ဂေါက်သီးရိုက်မယ် ပီယန်ချီအန်က သတ်မှတ်ရိုက်ချက်ထက် ငါးချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေသည်ဟု GA သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

ကမ္ဘာ့အဆင့်(၂)ဂေါက်သီးရိုက်မယ် နယ်လီကော့ဒါအပါအဝင် ပြိုင်ပွဲဝင် ခြောက်ဦးမှာ သတ်မှတ်ရိုက်ချက်ထက် လေးချက်စီ လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်နေပြီး ကမ္ဘာ့အဆင့်(၁) ဂေါက်သီးရိုက်မယ် လိုင်ဒီယာကို၊ ကမ္ဘာ့အဆင့် (၃) ဂေါက်သီးရိုက်မယ် ဂျင်ယန်းကိုအပါအဝင် နာမည်ကြီးပြိုင်ပွဲဝင်တချို့မှာ ပထမနေ့တွင် ရလဒ်ကောင်း ရရှိရန်အတွက် ရုန်းကန်ခဲ့ကြရသည်။

အမှတ်ပေးဇယားကို ဦးဆောင်နေသည့် ပီယန်ချီအန်က "ပထမနေ့မှာကစားနိုင်ခဲ့တဲ့ပုံစံကိုတော်တော်လေး အားရကျေနပ်မိပါတယ်။ ပေ ၃၀ လောက် အကွာကနေ ကျင်းဝင်အောင် ရိုက်နိုင်ခဲ့တဲ့ ရိုက်ချက်က တော်တော်လေး ကျေနပ်စရာကောင်းတယ်။ ဒုတိယနေ့မှာလဲ အခုလိုပုံစံကောင်းနဲ့ အကောင်းဆုံး ကစားနိုင်မယ်လို့ မျှော်လင့်ပါတယ်။ ပြိုင်ပွဲဝင်တွေကြားရိုက်ချက်ကွာဟမှုကျဉ်းမြောင်းတဲ့အတွက်ကြောင့် နောက်ဆုံးနေ့ထိ အကြိတ်အနယ်ယှဉ်ပြိုင်ကစားရဖွယ်ရှိနေပါတယ်" ဟု ပြောကြားခဲ့သည်။

စပွန်ဆာ မရသည့်အတွက် Dinah Shore ဂေါက်သီးရိုက်ပြိုင်ပွဲအဖြစ် ရာစုနှစ်၏ထက်ဝက်ခန့်အကြာ ကျင်းပလာသည့် ပြိုင်ပွဲတစ်ရပ်ဖြစ်သော်လည်းChevron ကုမ္ပဏီနှင့် ခြောက်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုနိုင်ခဲ့ပြီးနောက် Chevron Championship ဂေါက်သီးရိုက်ပြိုင်ပွဲ အမည်ဖြင့် ပြောင်းလဲ ကျင်းပခဲ့ခြင်းဖြစ်ပြီး ဂေါက်သီးရိုက်ရာသီတစ်ခု၏အဓိကဂေါက်သီးရိုက်ပြိုင်ပွဲ ငါးရပ်တွင် ပထမဆုံးကျင်းပသည့် ဂေါက်သီးရိုက်ပြိုင်ပွဲဖြစ်ကာ ကမ္ဘာ့အဆင့်(၂၀)အတွင်း ရပ်တည်နေသော ကစားသမားများမဖြစ်မနေ ပါဝင်ယှဉ်ပြိုင်ရသည့် ပြိုင်ပွဲတစ်ရပ်လည်းဖြစ်ကြောင်း သိရသည်။

AZL

## နယူးကာဆယ်အသင်းပိုင်ရှင်များက ကလပ်အသင်းတစ်သင်းထပ်မံဝယ်ယူရန် ဆွေးနွေးမှုများပြုလုပ်

**လန်ဒန် ဧပြီ ၂၁**

နယူးကာဆယ် အသင်းကိုပိုင်ဆိုင်သည့် ဆော်ဒီလုပ်ငန်းစုမှ The Public Investment Fund (PIF) က နယူးကာဆယ် အသင်းအပြင် ဘယ်လ်ဂျီယံကလပ်အသင်းတစ်သင်းဖြစ်သည့် အိုစတန်ဒီအသင်းကို ထပ်မံဝယ်ယူရန်အတွက် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်ဟု The Athletic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

The Public Investment Fund (PIF) က ပြီးခဲ့သည့်ဘောလုံးရာသီက နယူးကာဆယ်အသင်းကို ဝယ်ယူခဲ့ပြီးနောက် ဘောလုံးလောကတွင် နောက်ထပ်အသင်းများကိုဝယ်ယူကာ မန်စီးတီးအသင်းပိုင်ရှင်များကဲ့သို့ ဘောလုံးအင်ပါယာတစ်ခု တည်ထောင်ရန်ကြိုးပမ်းလျက်ရှိရာ ယခုအခါ ဒုတိယမြောက် ကလပ်အသင်းအဖြစ် အိုစတန်ဒီအသင်းကို ဝယ်ယူရန်အတွက် ကြိုးပမ်းနေခြင်းဖြစ်သည်။

The Public Investment Fund (PIF) က ဝယ်ယူမည့် ဘယ်လ်ဂျီယံကလပ် အိုစတန်ဒီအသင်းသည် ယခုနှစ်ဘောလုံးရာသီ ဘယ်လ်ဂျီယံလိဂ်-၁ပြိုင်ပွဲတွင် ၃၃ ပွဲကစားခဲ့ရာတွင် ခြောက်ပွဲသာအနိုင်ရရှိခဲ့ပြီးနောက် ရမှတ် ၁၈ မှတ်ဖြင့် ဘယ်လ်ဂျီယံလိဂ်-၂ ပြိုင်ပွဲသို့ တန်းဆင်းခဲ့ရသည့်အသင်းတစ်သင်းဖြစ်သည်။



လက်ရှိတွင် အိုစတန်ဒီအသင်းကို အမေရိကန်ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီဖြစ်သည့် PMG ကုမ္ပဏီက ပိုင်ဆိုင်ထားသော်လည်း လိဂ်-၂ ပြိုင်ပွဲသို့ တန်းဆင်းခဲ့ရပြီးနောက် အသင်းကို ပြန်လည်ရောင်းချရန် ပြင်ဆင်လျက်ရှိသဖြင့် The Public Investment Fund (PIF) က ဝယ်ယူရန် ဆွေးနွေးမှုများ ပြုလုပ်နေခြင်းဖြစ်ကြောင်း သိရသည်။

STA

# အာဆင်နယ်ခံစစ်ကစားသမား ဆာလီဘာ ဒဏ်ရာသက်သာခြင်းမရှိသဖြင့် ယခုနှစ်ဘောလုံးရာသီအကုန်ထိ အနားယူရဖွယ်ရှိနေ




**လန်ဒန် မေ ၂၁**

အာဆင်နယ်အသင်း အဓိက ခံစစ်ကစားသမားတစ်ဦးဖြစ်သည့် ဆာလီဘာသည် နောက်ကျောဒဏ်ရာ သက်သာခြင်းမရှိသဖြင့် ယခုနှစ် ဘောလုံးရာသီအကုန်ထိ အနားယူရဖွယ်ရှိနေကြောင်း Football London သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၂ နှစ်ရှိ ဆာလီဘာသည် ပြီးခဲ့သည့်ဘောလုံးရာသီက မာဆေးအသင်းတွင် အငှားစာချုပ်ဖြင့် သွားရောက်ကစားခဲ့ရာမှ အသင်းနှင့် ပြန်လည်ပူးပေါင်းခဲ့ခြင်းဖြစ်ပြီး အာဆင်နယ်အသင်း အမှတ်ပေးဇယားထိပ်ဆုံးမှ ရပ်တည်နိုင်ခဲ့ရာတွင် အဓိကနေရာမှ ပါဝင်ခဲ့သူဖြစ်သည်။

အာဆင်နယ်အသင်း နည်းပြ အာတီတာက "ဆာလီဘာအနေနဲ့ ဒဏ်ရာက တိုးတက်မှုမရှိလို့ အခုနှစ် ဘောလုံးရာသီကုန်လောက်ထိ ကျွန်တော်တို့ သူ့ကိုလက်လွှတ်ရဖွယ်ရှိနေပါတယ်။ အသင်းဆေးအဖွဲ့ကလဲ အကောင်းဆုံးကြိုးစားပြီးကုသမှုပြုလုပ်ပေးနေပေမဲ့ ဒဏ်ရာက တိုးတက်လာမှု မရှိသေးပါဘူး။ အခုချိန်မှာ ကျွန်တော်တို့သူလို ကစားသမားတစ်ဦးကို ဆုံးရှုံးထားရတာ ကြီးမားတဲ့ ထိုးနှက်ချက်ပါ။ သူ့အမြန်ဆုံး ပြန်လည်သက်သာလာဖို့ မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့သည်။

ဆာလီဘာသည် ယူရိုပါလိဂ်ပြိုင်ပွဲ ၁၆ သင်း ရှုံးထွက်အဆင့်ပွဲစဉ်အဖြစ် အာဆင်နယ်အသင်းနှင့် စပို့တင်းလစ္စဘွန်းအသင်းတို့ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲစဉ်တွင် နောက်ကျောဒဏ်ရာ ရရှိခဲ့ပြီးနောက် ပွဲစဉ်လေးပွဲထိ လွဲချော်ခဲ့ရပြီး အစောပိုင်းက မန်စီးတီးအသင်းနှင့် ပွဲစဉ်အပြီး နောက်ပိုင်းပွဲစဉ်များတွင် ပြန်လည်ပါဝင်နိုင်ရန် မျှော်မှန်းထားသော်လည်း ယခုအခါ ဒဏ်ရာသက်သာခြင်းမရှိသေးသည့်အတွက် ယခုနှစ် ဘောလုံးရာသီကုန်ထိ ဆက်လက်အနားယူရဖွယ် ရှိနေကြောင်း သိရသည်။

STA

# ဘာစီလိုနာအသင်းက ခံစစ်ကစားသမား ခွန်ဒီကို ပြန်လည်ရောင်းချရန် ပြင်ဆင်



**မက်ဒရစ် မေ ၂၁**

ဘာစီလိုနာ အသင်းသည် လာမည့်နွေရာသီ အပြောင်းအရွှေ့ကာလတွင် ကစားသမားသစ်များ ထပ်မံခေါ်ယူလိုသော်လည်း ဘဏ္ဍာရေးအခက်အခဲရှိနေသဖြင့် ခံစစ်ကစားသမား ခွန်ဒီကို ပြန်လည်ရောင်းချ၍ ကစားသမားသစ်ခေါ်ယူနိုင်ရန် ပြင်ဆင်လျက်ရှိကြောင်းBarcablaugranes.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ခံစစ်ကစားသမား ခွန်ဒီသည် ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကာလက ဆီဗီလာအသင်းမှ ခေါ်ယူခဲ့သည့် ကစားသမားဖြစ်သော်လည်း ၎င်းသည် အသင်း၏ ပွဲထွက်လူစာရင်း၌ ပုံမှန်ပွဲထွက်ခွင့်ရရှိခဲ့ကာ ပြိုင်ပွဲစုံတွင် ခြေစွမ်းပြသနိုင်ခဲ့သော်လည်း အသင်းအနေဖြင့် ဘဏ္ဍာရေး လိုအပ်ချက်ကြောင့် ခွန်ဒီကို ရောင်းချပါက အကျိုးအမြတ်များစွာ ရမည်ဖြစ်သဖြင့် ပြန်လည်ရောင်းချရန် စီစဉ်လျက်ရှိသည်။

ဘာစီလိုနာ အသင်းသည် အရန်ခုံမှ ကစားသမားများကို ရောင်းချပါက အကျိုးအမြတ်နည်းပါး၍ ဘဏ္ဍာရေးလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်မည်မဟုတ်သဖြင့် ပထမပွဲထွက်လူစာရင်းတွင် ခြေစွမ်းပြသလျက်ရှိသည့် ခွန်ဒီအပြင် တိုက်စစ်ကစားသမားများဖြစ်သည့် အန်ဆုဖာတီနှင့် ဖာရန်တောရက်စ်တို့ကိုလည်း အရောင်းစာရင်းတင်သွင်းမည်ဖြစ်သည်။

အသက် ၂၄ နှစ်ရှိ ခွန်ဒီသည် ဗဟိုခံစစ်ပိုင်းတွင်သာမက ညာတောင်ပံခံစစ်ပိုင်းတွင်လည်း ကစားနိုင်သည့် ကစားသမားဖြစ်သောကြောင့် ၎င်းကိုရောင်းချပါက အကျိုးအမြတ် များများရရှိနိုင်မည်ဖြစ်ပြီး လက်ရှိအသင်းတွင် ၎င်း၏ နေရာကို အစားထိုးနိုင်မည့် ခရစ်စတန်ဆန်၊ အာရှဂျီနှင့် ဂါဗီယာတို့ ရှိနေသောကြောင့် ရောင်းချရန် ဆုံးဖြတ်ခဲ့ပြီး ပီအက်စ်ဂျီအသင်းမှ ၎င်းတို့၏ တိုက်စစ်မှူးဟောင်း မက်ဆီကို ပြန်လည်ခေါ်ယူနိုင်ရန် ပစ်မှတ်ထားနေကြောင်း သိရသည်။

ML

# စတုဂတ်အိုးပင်းတင်းနစ်ပြိုင်ပွဲဒုတိယအဆင့်တွင် စဝီယာတက်ခ်က ကျန်းကွင်းဝမ်ကို အနိုင်ရရှိ

**စတုဂတ် မေ ၂၁**

ဂျာမနီနိုင်ငံ စတုဂတ်မြို့တွင် ကျင်းပနေသည့် စတုဂတ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ကမ္ဘာ့အဆင့်(၁) တင်းနစ်မယ် စဝီယာတက်ခ်နှင့် တရုတ်တင်းနစ်မယ် ကျန်းကွင်းဝမ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ စဝီယာတက်ခ်က (၆-၁၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း CGTN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စဝီယာတက်ခ်သည် စတုဂတ်အိုးပင်းတင်းနစ်ပြိုင်ပွဲကို ဒုတိယအဆင့်မှ စတင်ယှဉ်ပြိုင်ခဲ့ရသည့် ပြိုင်ပွဲဝင်တစ်ဦးဖြစ်ပြီး ပထမအဆင့်တွင် ပုံစံကောင်းပြသခဲ့သည့် ကျန်းကွင်းဝမ်ကို ပထမပွဲငယ်တွင် သက်သောင့်သက်သာဖြင့် ပြတ်ပြတ်သားသား အနိုင်ရခဲ့သော်လည်း ဒုတိယပွဲငယ်တွင် ကျန်းကွင်းဝမ်က ပုံစံကောင်း ပြန်လည်ရရှိလာသည့်အတွက် စဝီယာတက်ခ်အနေဖြင့် အနိုင်ရရှိရေးအတွက် ပွဲချိန် မိနစ် ၉၀ ကြာမြင့်သည်ထိ ယှဉ်ပြိုင်ကစားခဲ့ရသည်။

စဝီယာတက်ခ်က "ဒဏ်ရာကနေ ပြန်လည်သက်သာလာခဲ့ပြီး နောက်ပိုင်းပုံစံကောင်းနဲ့ ကစားနိုင်ဖို့အတွက် အကောင်းဆုံးတော့ ပြင်ဆင်လာခဲ့ပါတယ်။ အခု ဒီပွဲစဉ်မှာ ပွဲစကတည်းက ပွဲအပေါ်မှာ သေချာအာရုံစိုက်ခဲ့တယ်။ အထူးသဖြင့် နည်းစနစ်ပိုင်းနဲ့နည်းဗျူဟာပိုင်းကိုပိုပြီးတော့ ပြင်ဆင်ခဲ့တယ်။ ဒဏ်ရာကြောင့် ပြိုင်ပွဲတချို့နဲ့ လွဲချော်ခဲ့ပေမဲ့လဲ ပြိုင်ပွဲပြန်ဝင်တဲ့ အချိန်မှာ အရင်လိုပုံစံကောင်းနဲ့ ကစားနိုင်သေးတယ်ဆိုတာသိရတဲ့ အတွက်လဲ ဝမ်းသာဂုဏ်ယူမိပါတယ်။ ဒါပေမဲ့ ဒီထက်ပိုပြီး ကောင်းမွန်တဲ့ ကစားပုံမျိုးရအောင်တော့ ပြင်ဆင်သွားရမယ်" ဟု ပြောကြားခဲ့သည်။

စဝီယာတက်ခ်သည် ကွာတားဖိုင်နယ်အဆင့်တွင် ချက်တင်းနစ်မယ် ပလစ်ချ်ကိုဗာနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ပလစ်ချ်ကိုဗာသည် ဒုတိယအဆင့်တွင် ခရိုအေးရှားတင်းနစ်မယ် ဗီကာစ်နှင့် ယှဉ်ပြိုင်ကစားခဲ့ကာ (၆-၂၊ ၆-၇၊ ၇-၆) ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ် အဆင့်သို့ တက်ရောက်လာသူ ဖြစ်ကြောင်း သိရသည်။

AZL

# စပိန်လာလီဂါ ပွဲစဉ် (၃၀) ပွဲကြိုသုံးသပ်ချက်များ

STA

**အယ်ချီ Vs ဗလင်စီယာ**

**ကစားမည့်ရက်/အချိန် ၂၃-၅-၂၀၂၃ (ည ၀၆း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဗလင်စီယာ ၂ - ၂ အယ်ချီ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **အယ်ချီ** | - | **အိမ်(ရှုံး)** | **ဝေး(ရှုံး)** | **ဝေး(ရှုံး)** |
| **ဗလင်စီယာ** | - | **အိမ်(သရေ)** | **ဝေး(ရှုံး)** | **အိမ်(ရှုံး)** |

နှစ်သင်းစလုံးတန်းဆင်းဇုန်ထဲရောက်နေလို့ ရမှတ်လိုအပ်လျက်ရှိပါတယ်။ အယ်ချီအသင်းကတော့ လေးပွဲဆက်ရှုံးနိမ့်ခဲ့တဲ့ထိ ခြေစွမ်းပိုင်းက ဆိုးရွားနေပါတယ်။ ဗလင်စီယာအသင်းက ရလဒ်ပိုင်းမတည်မငြိမ်ဖြစ်နေတယ်ဆိုပေမဲ့ တိုက်စစ်ပိုင်းကတော့ ထက်မြက်မှုရှိပါတယ်။ ဒါကြောင့် ဒီပွဲမှာ တိုက်စစ်ပိုင်းထက်မြက်မှုရှိတဲ့ ဗလင်စီယာအသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - အယ်ချီ ၁ - ၂ ဗလင်စီယာ**

**ဆီဗီလာ Vs ဗီလာရီးရဲလ်**

**ကစားမည့်ရက်/အချိန် ၂၄-၅-၂၀၂၃ (နံနက် ၀၁း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဗီလာရီးရဲလ် ၁ - ၁ ဆီဗီလာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဆီဗီလာ** | - | **ဝေး(သရေ)** | **ဝေး(နိုင်)** | **အိမ်(နိုင်)** |
| **ဗီလာရီးရဲလ်** | - | **အိမ်(နိုင်)** | **ဝေး(နိုင်)** | **အိမ်(ရှုံး)** |

နောက်ပိုင်းပွဲစဉ်တွေမှာရှုံးပွဲမရှိဘဲ ရလဒ်တွေကောင်းမွန်နေတဲ့ ဆီဗီလာအသင်းဟာ အခုပွဲစဉ်မှာလဲ ဗီလာရီးရဲလ်အသင်းကို အကောင်းဆုံးဖိအားပေးကစားနိုင်မှာပါ။ လက်ရှိ ဗီလာရီးရဲလ်အသင်းရဲ့ အဝေးကွင်းခြေစွမ်းပိုင်းကလဲတည်ငြိမ်မှုမရှိဘဲ ရှုန်းကန်နေရပါတယ်။ ဒါကြောင့် ဒီပွဲမှာ အိမ်ရှင်အားသာချက်နဲ့ ဖိအားပေးကစားလာမဲ့ ဆီဗီလာအသင်းပဲ ရလဒ်ကောင်းသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း - ဆီဗီလာ ၃ - ၂ ဗီလာရီးရဲလ်**

# ပြင်သစ်လီဂူး ပွဲစဉ် (၃၂) ပွဲကြိုသုံးသပ်ချက်များ

STA

**နိုက် Vs ကလဲယားမောင့်**

**ကစားမည့်ရက်/အချိန် ၂၃-၅-၂၀၂၃ (ည ၀၇း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ကလဲယားမောင့် ၁ - ၀ နိုက်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **နိုက်** | - | **ဝေး(သရေ)** | **ဝေး(ရှုံး)** | **အိမ်(ရှုံး)** |
| **ကလဲယားမောင့်** | - | **အိမ်(နိုင်)** | **ဝေး(နိုင်)** | **အိမ်(နိုင်)** |

သုံးပွဲဆက်နိုင်ပွဲရယူထားတဲ့ ကလဲယားမောင့်အသင်းဟာ ခြေစွမ်းပိုင်းကောင်းမွန်နေလို့ အဝေးကွင်းဆိုပေမဲ့ နိုက်အသင်းကို ဖိအားပေးကစားနိုင်မှာပါ။ နိုက်အသင်းတော့ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးနေပြီး ကစားပုံကလဲ ကောင်းမွန်မှုမရှိလို့ အခု အိမ်ကွင်းမှာလဲ ရှုန်းကန်ရပါလိမ့်မယ်။ ဒါကြောင့် ဒီပွဲမှာ ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ကလဲယားမောင့်အသင်းနဲ့ပဲ လက်တွဲထားရမှာပါ။

**အင်တာနက်ခန့်မှန်း - နိုက် ၀ - ၁ ကလဲယားမောင့်**

**လိုင်ယွန် Vs မာဆေး**

**ကစားမည့်ရက်/အချိန် ၂၄-၅-၂၀၂၃ (နံနက် ၀၁း၁၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**မာဆေး ၁ - ၀ လိုင်ယွန်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **လိုင်ယွန်** | - | **ဝေး(ရှုံး)** | **အိမ်(နိုင်)** | **ဝေး(နိုင်)** |
| **မာဆေး** | - | **အိမ်(သရေ)** | **ဝေး(သရေ)** | **အိမ်(နိုင်)** |

မာဆေးအသင်းအနေနဲ့ ချန်ပီယံလိဂ်တိုက်ရိုက်ဝင်ခွင့်အတွက် ရမှတ်လိုအပ်ချက်ရှိနေလို့ အဝေးကွင်းဆိုပေမဲ့ အမှားခံမှာမဟုတ်ပါဘူး။ လက်ရှိ လိုင်ယွန်အသင်းရဲ့ခြေစွမ်းပိုင်းကလဲ ကောင်းမွန်နေတယ်ဆိုပေမဲ့ ခံစစ်ပိုင်းကအားနည်းမှုရှိလို့ မာဆေးအသင်းတိုက်စစ်ပိုင်းကို ထိန်းချုပ်ဖို့ ခက်ခဲမှာပါ။ ဒါကြောင့် ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ မာဆေးအသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - လိုင်ယွန် ၁ - ၂ မာဆေး**

# ဆော်ဒီအာရေဗျနှင့် အီရန်တို့ ဆက်ဆံရေးပြန်လည်ထူထောင်မှု အလားအလာ

၁၉၇၉ ခုနှစ် အီရန်ပြုပြင်ပြောင်းလဲမှုတော်လှန်ရေးစတင်ကတည်းက အိမ်နီးချင်းမွတ်စလင်နှစ်နိုင်ငံကြား ဆက်ဆံရေးတင်းမာလာခဲ့သည်။ အထက်တန်းစား ဆော်ဒီများကမူ တော်လှန်ရေးသည် ဘုရင်စနစ်ကို ဖြုတ်ချသွားရန်အပြင် အစ္စလာမ်ကမ္ဘာတွင် ရှီယိုက်ဝါဒ လွှမ်းမိုးနိုင်ရေးအတွက်လည်း လုပ်ဆောင်နေခြင်း ဖြစ်သည်ဟု ရှုမြင်ခဲ့ကြသည်။ အီရန်တော်လှန်ရေးသမားများကမူ အမေရိကန်နှင့် အနောက်အုပ်စု၏ သွေးထိုးလှုံ့ဆော်ထောက်ပံ့မှုကြောင့် ဆော်ဒီအနေဖြင့် ဆန့်ကျင်ကန့်ကွက်မှုများ လုပ်ဆောင်နေခြင်းဖြစ်သည်ဟုရှုမြင်ခဲ့သည်။

အထူးသဖြင့် ဆွန်နီဆော်ဒီအာဏာပိုင်များသည် ရှီယိုက်ဘာသာရေးခေါင်းဆောင် Nimral-Nimr ကို ကွပ်မျက်ခဲ့ပြီးနောက် နှစ်နိုင်ငံကြားဆက်ဆံရေးသည် ၂၀၁၆ ခုနှစ်တွင် အဆိုးရွားဆုံးအဆင့်သို့ ရောက်ရှိခဲ့သည်။ အနောက်အာရှနှင့်အလယ်အာရှမှ ရှီယိုက်အသိုက်အဝန်းများသည် ဆော်ဒီ၏လုပ်ရပ်အပေါ် များစွာစိတ်အနှောင့်အယှက်ဖြစ်ခဲ့ကြသည်။

ထိုသို့ရှီယိုက်ဘာသာရေးခေါင်းဆောင်တစ်ဦးကို ကွပ်မျက်ခဲ့သဖြင့် ဆော်ဒီအစိုးရအဖွဲ့၏ ပုံရိပ်များစွာကျဆင်းခဲ့ရသည်။ ထို့ပြင် ဆော်ဒီအိမ်ရှေ့စံနှင့်နီးစပ်သူများက ဆော်ဒီသတင်းထောက် ဂျမဲခါရှော့ဂီကို လုပ်ကြံသတ်ဖြတ်ခဲ့သဖြင့် ဆော်ဒီအစိုးရ၏ပုံရိပ်သည် အဖတ်ဆယ်မရအောင် ကျဆင်းသွားခဲ့သည်။ အနောက်အုပ်စုနှင့် လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများသည် ထိုကဲ့သို့ လူမဆန်သောလုပ်ကြံမှုအပေါ် တုန်လှုပ်ချောက်ချားခဲ့ကြသည်။ လက်ရှိအချိန်တွင် အနောက်အုပ်စုနှင့် ဆော်ဒီကြား ဆက်ဆံရေးသည် တဖြည်းဖြည်းခွာပြဲလာနေပြီဖြစ်သည်။


ထိုသို့သော အခြေအနေများကြားတွင် အမေရိကန်သည် ရေနံပိုမိုထုတ်လုပ်ရန်ကြိုးပမ်းခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာ ရေနံဈေးကွက်တွင် ဆော်ဒီ၏ရေနံတင်ပို့မှုကိုသွယ်ဝိုက်သောနည်းလမ်းဖြင့် လျှော့ချသွားနိုင်ရေး ကြိုးပမ်းခဲ့သည်။ ထို့ကြောင့် ဆော်ဒီအာဏာပိုင်အဖွဲ့သည် လွန်ခဲ့သော နှစ်နှစ်ကျော် သုံးနှစ်ကာလအတွင်း အမေရိကန်အနေဖြင့် ၎င်းတို့ကို စီးပွားရေးအရ ချောင်ပိတ်လုပ်ဆောင်နေပြီဟု ယုံကြည်ယူဆလာခဲ့သည်။

လုံခြုံရေးကောင်စီအဖွဲ့ဝင် ငါး နိုင်ငံ + ဂျာမနီနှင့် အီရန်တို့သည် ၂၀၁၅ ခုနှစ် ဧပြီလတွင် အားလုံးအကျုံးဝင်သောလုပ်ငန်းအစီအစဉ် (JCPOA) ကို လက်မှတ်ရေးထိုးခဲ့သည့်အချိန်တွင် အီရန်ပြည်သူများအနေဖြင့် ဘဏ္ဍာရေးနှင့်စီးပွားရေးပိတ်ဆို့မှုများ ရုပ်သိမ်းပြီး တိုင်းပြည်အတွင်း ရင်းနှီးမြှုပ်နှံမှုများစီးဝင်လာသည့်အပြင် အီရန်နိုင်ငံသည် ဒေသတွင်းနှင့်ကမ္ဘာ့မျက်နှာစာတွင် ဘက်ပေါင်းစုံမှဖွံ့ဖြိုးသောနိုင်ငံအဖြစ် ပေါ်ထွက်လာမည်ဟု မျှော်လင့်တောင့်တခဲ့ကြသည်။

သို့သော် အီရန်ပြည်သူများ၏အဆိုပါမျှော်လင့်ချက်သည် ရေရှည်မခံဘဲ ပျက်ပြယ်သွားခဲ့သည်။ အကြောင်းမူကား အမေရိကန်သမ္မတအသစ် ဒေါ်နယ်ထရန့်သည် အစ္စရေး၏ဖိအားကြောင့် ၂၀၁၈ ခုနှစ်တွင် JCPOA မှနုတ်ထွက်သွားခဲ့သည်။ ထိုအချိန်မှစ၍ အီရန်၏စီးပွားရေးပိုမိုဆိုးရွားလာခဲ့ပြီး နိုင်ငံရေးတည်ငြိမ်မှု အားနည်းလာသည့်အပြင် ပြည်သူများကြားတွင် စည်းလုံးညီညွတ်မှုလျော့နည်းလာခဲ့သည်။

ဆိုရလျှင် ဆော်ဒီနှင့် အီရန်အစိုးရတို့သည် အထက်ပါစိန်ခေါ်မှုများကို ရင်ဆိုင်ရလျက်ရှိသောကြောင့် နှစ်နိုင်ငံကြား ထိတွေ့ဆက်ဆံမှုများပြန်လည်လုပ်ဆောင်ရန် ကြိုးပမ်းလာခဲ့သည်။ ရန်လိုမုန်းတီးမှုများသည် ၎င်းတို့၏အင်အားကိုသာ ချည့်နဲ့စေကြောင်း သဘောပေါက်လာခဲ့သည်။ ထို့ကြောင့် တရုတ်နိုင်ငံသည် အီရန်နှင့် ဆော်ဒီတို့ကို တွေ့ဆုံဆွေးနွေးမှုစားပွဲဝိုင်းသို့ခေါ်ဆောင်ရန် အသင့်ဖြစ်နေသည်။ ထိုသို့လုပ်ဆောင်နိုင်မည်ဆိုလျှင် တရုတ်နိုင်ငံအတွက်မှ ကြီးမားသောဆုလာဘ်ကြီးပင်ဖြစ်သည်။

အမှန်တော့ တရုတ်နိုင်ငံသာလျှင် စေ့စပ်ညှိနှိုင်းသူအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ အမေရိကန်သည် အီရန်အပေါ် ရန်ငြိုးဖွဲ့နေသောကြောင့် စေ့စပ်ညှိနှိုင်းသူအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နိုင်မည်မဟုတ်ချေ။ ရုရှားနိုင်ငံအနေဖြင့် အဆိုပါ နှစ်နိုင်ငံစလုံးနှင့် ချစ်ကြည်ရင်းနှီးမှုရှိသော်လည်း



လက်ရှိအချိန်တွင် ယူကရိန်းအရေးကြောင့် စေ့စပ်ညှိနှိုင်းသူအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နိုင်မည်မဟုတ်ချေ။

တရုတ်နိုင်ငံသည် နှစ်နိုင်ငံစလုံးနှင့်ဆက်ဆံရေးကောင်းမွန်သည့်အပြင် အီရန်နှင့်ဆော်ဒီတို့ထံမှ ရေနံများလည်း တင်သွင်းလျက်ရှိသည်။ ထို့ပြင် အဆိုပါ နှစ်နိုင်ငံစလုံးသည် ရှင်ကျန်းပြည်နယ်ရှိ အူဂါမွတ်စလင်အရေးနှင့်စပ်လျဉ်း၍ အမေရိကန်ဦးဆောင်ကာ တရုတ်နိုင်ငံကို ပြစ်တင်ရှုတ်ချသည့်လုပ်ငန်းစဉ်တွင်လည်းပါဝင်ပတ်သက်ခြင်းမရှိခဲ့ပေ။ ထို့ကြောင့် တရုတ်နိုင်ငံသည် အဆိုပါ နှစ်နိုင်ငံကို ကျေးဇူးတင်ရှိသောအားဖြင့် ဆက်ဆံရေးပြန်လည်ထူထောင်သည့်လုပ်ငန်းစဉ်များတွင် တက်ကြွစွာပါဝင်ဆောင်ရွက်နေခြင်းဖြစ်သည်။ မည်သို့ပင်ဆိုစေ ခိုင်မာသောဆက်ဆံရေးထူထောင်နိုင်မှုသည် အီရန်နှင့်ဆော်ဒီတို့အပေါ်တွင်မူတည်လျက်ရှိသည်။ တရုတ်၏ကြိုးပမ်းမှု အောင်မြင်မလား၊ ကျရှုံးမလားဆိုသောအချက်သည် အီရန်နှင့်ဆော်ဒီတို့၏ ခိုင်မာသောဆုံးဖြတ်ချက်အပေါ်တွင် မူတည်လျက်ရှိသည်။

ပထမဆုံးအနေဖြင့် နှစ်နိုင်ငံစလုံးသည် ခေါင်းဆောင်များနှင့် ဆက်နွှယ်နေသော ဒေသတွင်းရှိ ပဋိပက္ခများတွင် ပါဝင်ပတ်သက်နေမှုများကို အဆုံးသတ်သွားမည်ဆိုလျှင် ဆက်ဆံရေးအတွက်ကောင်းမွန်သောလက္ခဏာပင်ဖြစ်သည်။ လက်ဘနွန်၊ ဆီးရီးယား၊ အီရတ်၊ ဘာရိန်းနှင့် ယီမင်တို့တွင်လက်ရှိဖြစ်ပွားနေသောပဋိပက္ခများသည် ဆော်ဒီနှင့်အီရန်တို့မှ ဖန်တီးသော ပြဿနာများပင်ဖြစ်ပေသည်။ အမှန်တော့ ဒေသတွင်းနှင့် ဒေသပြင်ပမှအချို့သောပုဂ္ဂိုလ်များကလည်း အဆိုပါပြဿနာများတွင် ပါဝင်ပတ်သက်လျက်ရှိသည်။

နှစ်နိုင်ငံစလုံး ပါဝင်ပတ်သက်နေသော ပဋိပက္ခသည် ယီမင်အရေးအခင်းပင်ဖြစ်သည်။ ယီမင်တရားဝင်အိုးရကို ဆော်ဒီကထောက်ခံထားပြီး အစိုးရကို ဆန့်ကျင်တိုက်ခိုက်နေသည့် ဟူသီသူပုန်များကို အီရန်ကထောက်ပံ့ပေးလျက်ရှိသည်။ ကုလသမဂ္ဂ၏ အဆိုအရ ကိုးနှစ်ကြာပဋိပက္ခအတွင်း ယီမင်ပြည်သူ ၁၅၀၀၀၀ ကျော်သေဆုံးခဲ့ပြီဟုဆိုသည်။ အခြားထောင်ပေါင်းများစွာသော ပြည်သူများမှာလည်း ငတ်မွတ်ခေါင်းပါးမှုနှင့် ရောဂါမျိုးစုံတို့ကြောင့်သေဆုံးခဲ့ရသည်ဟုဆိုသည်။ တရုတ်နိုင်ငံ၏ ကြားဝင်စေ့စပ်ညှိနှိုင်းဆောင်ရွက်မှုဖြင့် ဆော်ဒီ-အီရန် ဆက်ဆံရေးတိုးတက်ကောင်းမွန်လာမည်ဆိုလျှင် မကြာမီအနာဂတ်တွင် ယီမင်အရေးနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်ချမှတ်နိုင်မည်ဖြစ်ပြီး ကမ္ဘာတစ်ဝန်းရှိ ငြိမ်းချမ်းရေးလိုလားသော ပြည်သူများအနေဖြင့်လည်း များစွာဝမ်းမြောက်ကြလိမ့်မည်ဖြစ်သည်။

အစ္စလာမ်၏အဓိကဝိသေသသည် တူညီသောဘာသာရေးအသိုက်အဝန်းတွင် ဆွန်နီနှင့်ရှီယိုက်တို့ကို ပေါင်းစည်းသွားရန်ပင်ဖြစ်သည်။ သို့သော် နိုင်ငံရေးသမားများနှင့် စီးပွားရေးသမားများ၏ အမြတ်ထုတ်အသုံးချမှုများကြောင့် ဆွန်နီနှင့်ရှီယိုက်ကြား သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်လာခဲ့သည်။ မည်သို့ပင်ဆိုစေ ဘုံစိန်ခေါ်မှုများရင်ဆိုင်ခြင်းနှင့် ရည်မှန်းချက်များ မျှဝေဖော်ဆောင်ခြင်းတို့တွင် ဆွန်နီနှင့် ရှီယိုက်တို့သည် ခိုင်မာစွာပေါင်းစည်းလာခဲ့သည်။

သာဓကအနေဖြင့် မလေးရှားဝန်ကြီးချုပ်ဟောင်း မဟာသီဟာမိုဟာမက်နှင့် အီရန်သမ္မတဟောင်း မိုဟာမက်ခါတာမီတို့သည် တစ်ဦးနှင့်တစ်ဦး သတ်ဖြတ်မှုများရပ်တန့်ဖို့ရန် ဆွန်နီနှင့်ရှီယိုက်တို့ကို တောင်းဆိုခဲ့ဖူးသည်။ ထိုစဉ်က ၎င်းတို့၏တောင်းဆိုချက်ကို မီဒီယာများတွင်အနည်းငယ်သာဖော်ပြခဲ့ပြီး မွတ်စလင်ခေါင်းဆောင်များကပင်လျှင် တုံ့ပြန်မှုတစ်စုံတစ်ရာမျှ လုပ်ဆောင်ခဲ့ခြင်းမရှိပေ။ ဆိုရလျှင် မွတ်စလင် လူမှုအဖွဲ့အစည်းအုပ်စုများကပင်လျှင် သတ်ဖြတ်မှုများရပ်တန့်ရန်တောင်းဆိုမှုကို မသိကျိုးကျွန်ပြုလုပ်နေခဲ့သည်။

ဆော်ဒီ-အီရန် ဆက်ဆံရေးနှင့်စပ်လျဉ်း၍ တရုတ်၏ ကြားဝင်စေ့စပ်ညှိနှိုင်းဆောင်ရွက်မှုသည် နှစ်နိုင်ငံကြားဆက်ဆံရေးတိုးတက်ကောင်းမွန်လာရေးကိုသာ အလေးထားဆောင်ရွက်ခြင်းဖြစ်သည်။ နှစ်နိုင်ငံခေါင်းဆောင်များသည် အပြန်အလှန်မုန်းတီးမှုများ လျှော့ချနိုင်ရေးအတွက် နိုင်ငံတော်အာဏာ အသုံးပြုရေး ပြင်ဆင်ထားဖွယ်ရာရှိနေသည်။ မည်သို့ပင်ဆိုစေ ဆော်ဒီ၊ အီရန်နှင့်တရုတ်တို့အပြင် အခြားနိုင်ငံများအနေဖြင့် ဆွန်နီ-ရှီယိုက် မတူကွဲပြားမှုများ၏ ဂယက်ရိုက်ခတ်မှုကို ကိုင်တွယ်ဖြေရှင်းသွားကြရမည်ဖြစ်သည်။

လက်ရှိအချိန်တွင် ဆော်ဒီ-အီရန် ငြိမ်းချမ်းရေးအစီအမံကို ကျယ်ကျယ်လောင်လောင် ဆန့်ကျင်ကန့်ကွက်သူမှာ အစ္စရေးနိုင်ငံပင်ဖြစ်သည်။ အစ္စရေးနိုင်ငံက အဆိုပါအစီအစဉ်သည် ဒေသတွင်း၌ ၎င်း၏အခန်းကဏ္ဍကို ခြိမ်းခြောက်လာနိုင်သည်ဟုယူဆကာ စိုးရိမ်ပူပန်လျက်ရှိသည်။ အစ္စရေးသည်အီရန်နိုင်ငံကို အထီးကျန်နိုင်ငံဖြစ်အောင်လုပ်ဆောင်လျက်ရှိပြီး ဒေသတွင်းရှိ အာရပ်နိုင်ငံများအား အီရန်ကိုဆန့်ကျင်ရန် စည်းရုံးသိမ်းသွင်း ဆောင်ရွက်လျက်ရှိသည်။ အစ္စရေးသည် ဆွန်နီ-ရှီယိုက်မတူကွဲပြားမှုနှင့် အာရပ်-ပါရှန် မတူကွဲပြားမှုများက အမြတ်ထုတ်အသုံးချလျက်ရှိသည်ဟု ဆိုသည်။

အစ္စရေးနိုင်ငံက အီရန်သည်၎င်း၏ရပ်တည်ချက်အပြင် အနောက်အာရှတစ်ခုလုံးကို ခြိမ်းခြောက်လျက်ရှိသည်ဟု ရှုမြင်ထားသည်။ အစ္စရေး၏အဆိုအရ အီရန်သည် နျူကလီယားဗုံးထုတ်လုပ်ရန်နှင့် အသုံးပြုရန် အခိုင်အမာ ဆုံးဖြတ်ထားသည်ဟုဆိုသည်။ အမှန်တကယ် အစ္စရေးသည် ဒေသတွင်း၌ နျူကလီယားဗုံးများပိုင်ဆိုင်ထားသည့် တစ်ခုတည်းသော နိုင်ငံပင်ဖြစ်သည်။ ထို့ကြောင့် အီရန်ကလည်း ၎င်းတို့အနေဖြင့် အစ္စလာမ်တရားတော်ကိုဆန့်ကျင်လျက် နျူကလီးယားဗုံးများထုတ်လုပ်ပြီး အသုံးပြုသွားမည်မဟုတ်ကြောင်း အကြိမ်ကြိမ်ပြောဆိုလျက်ရှိသည်။ အစ္စရေးနိုင်ငံသည် ဆော်ဒီအာရေဗျနှင့်တရားဝင်သံခင်းတမန်ခင်း ဆက်ဆံရေးထူထောင်သွားလိုသောဆန္ဒရှိနေသည်။ လက်ရှိအချိန်တွင် ဆော်ဒီနှင့် အီရန်တို့ ဆက်ဆံရေးပြန်လည်ထူထောင်လာပြီဖြစ်သည့်အတွက် အစ္စရေးအတွက် ခေါင်းခဲစရာဖြစ်လာခဲ့သည်။ အမှန်တော့ ဆော်ဒီအာရေဗျက အစ္စရေးအနေဖြင့် ပါလက်စတိုင်းတို့၏ နိုင်ငံထူထောင်ခွင့်နှင့် ပါလက်စတိုင်းပြည်သူများကို ၎င်းတို့နိုင်ငံသို့ ပြန်ခွင့်မပြုသေးသရွေ့ ကာလပတ်လုံး အစ္စရေးနှင့် သံခင်းတမန်ခင်းထူထောင်မည်မဟုတ်ကြောင်း ပြတ်ပြတ်သားသား အသိပေးထားပြီးဖြစ်သည်။

တရုတ်၏ကြိုးပမ်းမှုဖြင့် ဆော်ဒီ-အီရန်ဆက်ဆံရေး ပြန်လည်ထူထောင်မှုအပေါ် အခြားနိုင်ငံများထက် စိုးရိမ်ပူပန်မှု ပိုမိုဖြစ်ပေါ်လျက်ရှိသည့်နိုင်ငံမှာ အမေရိကန်ပင်ဖြစ်သည်။ တရုတ်နိုင်ငံသည်အနောက်အာရှတွင် အဓိကဦးဆောင်သူအဖြစ် ရပ်တည်လာမည်ကို အမေရိကန်အနေဖြင့် စိုးရိမ်ပူပန်လျက်ရှိသည်။ အထူးသဖြင့် ဒေသတွင်း၌ ၎င်း၏ မိတ်ဆွေ ဆော်ဒီအာရေဗျနှင့် ၎င်း၏ရန်သူ အီရန်တို့ကို ဆက်ဆံရေးပြန်လည်ထူထောင်နိုင်အောင် တရုတ်နိုင်ငံ၏ ကြိုးပမ်းမှုသည် အမေရိကန်အတွက် မယုံကြည်နိုင်လောက်အောင်ပင် ဖြစ်နေတော့သည်။ စင်စစ်အားဖြင့် သမိုင်းတစ်လျှောက်တွင် စစ်မက်ဖြစ်ပွားမှုမရှိသောနိုင်ငံနှင့် အကြမ်းဖက်မှုမရှိသော နိုင်ငံများသာလျှင် ငြိမ်းချမ်းရေးဆိုင်ရာ စေ့စပ်ညှိနှိုင်းသူအဖြစ် ဆောင်ရွက်နိုင်လေ့ရှိသည်။ ထို့ကြောင့် ဆော်ဒီ-အီရန် ဆက်ဆံရေးပြန်လည်ထူထောင်မှုတွင် တရုတ်နိုင်ငံ၏ အခန်းကဏ္ဍသည် အနောက်အာရှတွင် မိုးသောက်ချိန်အရုဏ်တက်လာသည့်အပြင် နိုင်ငံတကာဆက်ဆံရေး ခေတ်သစ်တစ်ခုတွင် ကောင်းသောရွှေ့ပြောင်းမိတ်တစ်ခုလည်းဖြစ်ကြောင်း သုံးသပ်တွေ့ရှိရသည်။

**ကိုးကား**

- **The significance of reconciling Saudi Arabia and Iran by Asia Times.**

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# မိုင်းယုမြို့တွင် သုံးနှစ်တစ်ကြိမ်ကျင်းပလေ့ရှိသည့် ရှမ်းတိုင်းရင်းသားရိုးရာလှေသဘင်ပွဲတော် ကျင်းပသွားမည်



**မိုင်းယောင်း မေ ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းခရိုင် မိုင်းယောင်းမြို့နယ် မိုင်းယုမြို့တွင် သုံးနှစ်တစ်ကြိမ်ကျင်းပလေ့ရှိသည့် ရှမ်းတိုင်းရင်းသားရိုးရာ လှေသဘင်ပွဲတော်ကို သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ရှမ်းတိုင်းရင်းသားရိုးရာ လှေသဘင်ပွဲတော်ကျင်းပရေးဦးစီးကော်မတီဝင် ဦးစိုင်းသာမှိုင်းက ပြောပြ၍ သိရသည်။

အဆိုပါ သုံးနှစ်တစ်ကြိမ်ကျင်းပလေ့ရှိသည့် ရှမ်းတိုင်းရင်းသားရိုးရာ လှေသဘင်ပွဲကို မိုင်းယုမြို့ရှိနမ့်လွေချောင်းနှင့် သဲသောင်ပြင်တွင် မေ ၂၉ ရက်မှ မေ ၁ ရက်ထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ရှမ်းတိုင်းရင်းသားရိုးရာ လှေသဘင်ပွဲတော်မှာ အဓိကကျတဲ့ ရှမ်းရိုးရာလှေလှော်ပြိုင်ပွဲကို ဘိုးဘွားတွေ လက်ထက်ကတည်းက လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်းတွေနဲ့ စိုက်ပျိုးရေးတိုးတက်ကောင်းမွန်စေဖို့ သဘာဝဘေးအန္တရာယ်အမျိုးမျိုး ကျရောက်မှုမှ ကာကွယ်နိုင်စေဖို့ဆိုတဲ့ အယူအဆတွေနဲ့ ရိုးရာဓလေ့ နတ်တွေကို ပူဇော်ပသကြပြီး သုံးနှစ်မှတစ်ကြိမ်သာ ရိုးရာလှေလှော်ပြိုင်ပွဲကို ပြုလုပ်ပေးတာဖြစ်ပါတယ်။ ပွဲတော်မပြုလုပ်ပေးရင် လူမှုစီးပွားရေးလုပ်ငန်းတွေ မအောင်မြင်တာတို့၊ သဘာဝဘေးအန္တရာယ်အမျိုးမျိုး ကျရောက်တတ်တာတို့ဖြစ်နိုင်တယ်ဆိုတဲ့ ရှေးရိုးအစဉ်အလာ အယူအဆတွေလဲရှိခဲ့တာကြောင့် လှေသဘင်ပွဲတော်ကို ကျင်းပပြုလုပ်တာဖြစ်ပါတယ်"ဟု ဦးစိုင်းသာမှိုင်းက ပြောပြသည်။

အဆိုပါ လှေသဘင်ပွဲကို ၂၀၂၃ ခုနှစ် မေ ၂၉ ရက်မှ မေ ၁ ရက်ထိ သုံးရက်တိုင်တိုင် မိုင်းယုမြို့၊ မြို့မရပ်ကွက်အနီးရှိ နမ့်လွေချောင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပ ပြုလုပ်သွားမည်ဖြစ်ပြီး မိုင်းယုမြို့၊ မိုင်းလွေကျေးရွာအုပ်စု မိုင်းလွေကျေးရွာတွင်လည်း အဆိုပါရက်များအတွင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# Maude Vs Maude ဇာတ်ကား၌ ဟေးဘာရီနှင့် အင်ဂျလီနာဂျိုလီတို့ ပါဝင်မည်

**နယူးယောက် မေ ၂၁**

ဝါနာဘရားသား ကုမ္ပဏီ၏ Maude Vs Maude အမည်ရှိ လျှို့ဝှက်သည်းဖိုအက်ရှင်ဇာတ်ကား၌ မင်းသမီး ဟေးဘာရီနှင့် အင်ဂျလီနာဂျိုလီတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က မေ ၂၀ ရက်တွင် ရေးသားတင်ပြထားသည်။

Maude Vs Maude ဇာတ်ကားကို နယူးဇီလန်အမျိုးသမီး ဒါရိုက်တာ ရှိဆီယန်လီအန်းက တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

အဆိုပါဇာတ်ကားသည် ထိပ်တန်းအမျိုးသမီးသူလျှိုနှစ်ဦး၏ အားပြိုင်ပွဲကို ပုံဖော်ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

Maude Vs Maude ဇာတ်ကားသည် မင်းသမီး ဟေးဘာရီနှင့် အင်ဂျလီနာဂျိုလီတို့ ပထမဆုံးအကြိမ်အဖြစ် အတူတွဲသရုပ်ဆောင်မည့် ဇာတ်ကားလည်းဖြစ်သည်။

အဆိုပါဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ စကော့မိုဆီရာက တာဝန်ယူ ရေးသားပေးမည်ဖြစ်ကြောင်း၊ Maude Vs Maude ဇာတ်ကား စတင်ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို ဝါနာဘရားသားကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

KKO



# နှိုးစက်သံသရာဇာတ်ကားကို ကြယ်တံခွန် You Tube Channel နှင့် NHN application မှ ထုတ်လွှင့်ပြသသွားမည်




**ရန်ကုန် မေ ၂၁**

သရုပ်ဆောင် နေထူးနိုင် စီစဉ်ထုတ်လုပ်ထားသည့် နှိုးစက်သံသရာဇာတ်ကားကို ကြယ်တံခွန် YouTube Channel နှင့် NHN application မှ အခမဲ့ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သရုပ်ဆောင် နေထူးနိုင်က ပြောပြ၍ သိရသည်။

အဆိုပါ နှိုးစက်သံသရာဇာတ်ကားသည် တစ်ပိုင်းတည်းအပြီး ဇာတ်ကားဖြစ်ကာ လာမည့်မေလအတွင်း ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"လူငယ်အကြိုက် အက်ရှင်၊ အချစ်နဲ့ ဘဝသင်ခန်းစာပညာပေးဇာတ်ကားလေးကိုတော့ ကျွန်တော့်ရဲ့ ကိုယ်ပိုင် YouTube Channel ဖြစ်တဲ့ ကြယ်တံခွန် YouTube Channel ကနေ လာမဲ့ မေ ၁ ရက်မှာ ထုတ်လွှင့်သွားမှာပါ"ဟု သရုပ်ဆောင် နေထူးနိုင်က ပြောပြသည်။

အဆိုပါ နှိုးစက်သံသရာဇာတ်ကားကို ဒါရိုက်တာ လွင်ဗိုလ်က သရုပ်ဆောင် နေထူးနိုင်၏ ဇာတ်လမ်း၊ ဇာတ်ညွှန်းကို ရိုက်ကူးပုံဖော်ထားခြင်းဖြစ်ကာ သရုပ်ဆောင် နေထူးနိုင်နှင့်အတူ နေထက်နိုင်၊ ရဝိန်၊ အောင်ဇော်ဦး စသည့် သရုပ်ဆောင်ပေါင်းများစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# Venom-3 ဇာတ်ကား၌ မင်းသမီး ဂျူနိုတမ်ပယ် ပါဝင်ဖွယ်ရှိ

**နယူးယောက် မေ ၂၁**

မာဗယ် ရုပ်ရှင်စတူဒီယို၏ Venom-3 ဇာတ်ကားတွင် မင်းသမီး ဂျူနိုတမ်ပယ်ပါဝင်ဖွယ်ရှိကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က မေ ၂၀ ရက်တွင် ရေးသားတင်ပြထားသည်။

လက်ရှိအချိန်တွင် မင်းသမီး ဂျူနိုတမ်ပယ်သည် Venom-3 ၌ ပါဝင်သရုပ်ဆောင်ရေးအတွက် မာဗယ်စတူဒီယိုနှင့် ဆွေးနွေးနေကြောင်း သိရသည်။

အပြီးသတ်သဘောတူညီချက်ရခဲ့ပါက Venom-3 တွင် ဂျူနိုတမ်ပယ်သည် မင်းသား တွမ်ဟာဒီနှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

မင်းသမီး ဂျူနိုတမ်ပယ်သည် Apple TV ၏ Ted Lesso ဇာတ်လမ်းတွဲဖြင့် အောင်မြင်မှုရယူထားသူဖြစ်သည်။

Venom-3 ဇာတ်ကားကို ဒါရိုက်တာ ကယ်လီမာဆယ်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ဆိုနီနှင့် မာဗယ်စတူဒီယိုတို့သည် Venom-3 ကို ရိုက်ကူးရေးအတွက် ပြင်ဆင်နေဆဲဖြစ်ကြောင်း သိရသည်။ KKO



# 3H Art Production ရုပ်ရှင်ထုတ်လုပ်ရေးက နံပါတ်များနဲ့မြို့ မြန်မာရုပ်သံဇာတ်လမ်းတွဲကို ရန်ကုန်မြို့တွင် စတင်ရိုက်ကူးနေ

**ရန်ကုန် မေ ၂၁**

3H Art Production ရုပ်ရှင်ထုတ်လုပ်ရေးက နံပါတ်များနဲ့မြို့ မြန်မာရုပ်သံ ဇာတ်လမ်းတွဲကို ရန်ကုန်မြို့တွင် စတင်ရိုက်ကူးနေပြီဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲကို ပုံဖော်ရိုက်ကူးနေသည့် ဒါရိုက်တာ မင်းမြတ်က ပြောပြ၍ သိရသည်။

အဆိုပါ နံပါတ်များနဲ့မြို့မြန်မာရုပ်သံဇာတ်လမ်းတွဲ၏ ဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဒါရိုက်တာ မင်းမြတ်က ရေးသားထားခြင်းဖြစ်ပြီး နံပါတ်များနဲ့မြို့ မြန်မာရုပ်သံဇာတ်လမ်းတွဲ ကန်တော့ပွဲပေးအခမ်းအနားကို မေ ၂၀ ရက်က ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ မဟာဗောဓိဆုတောင်းပြည့်ဘုရားတွင် ပြုလုပ်ခဲ့ကာ ရိုက်ကွင်းအားလုံးနီးပါးကို ရန်ကုန်တိုင်းဒေသကြီးတွင် အဓိကရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

"အဖြစ်အပျက်တစ်ခုဖြစ်တိုင်း နံပါတ်လေးတွေက သွားတူနေတာလေးတွေရှိတယ်။ လူငယ်တွေကြားမှာဖြစ်တတ်တဲ့ ပြဿနာ၊ ပုံစံမတူတဲ့အဖြစ်တွေ၊ အကြောင်းအရာလေးတွေပါပါတယ်။ ပြိုင်ကားတွေ ဆိုင်ကယ်တွေနဲ့ ခပ်မိုက်မိုက်ပုံစံလေးကိုတွေ့ရမှာပါ"ဟု ဒါရိုက်တာ မင်းမြတ်က ပြောပြသည်။

နံပါတ်များနဲ့မြို့ မြန်မာရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် မင်းဘုန်းမြတ်၊ ချို့မဒီသွင်၊ ဆုလာဘ်ရတနာ၊ ယွန်းဝတီလှိုင်၊ သွန်းရတီဆက်၊ ဝေဖြိုး၊ သီရိဂရေ့စ်၊ ကျော်ဇေယျ၊ လှမျိုးသဥ္ဇာနွယ်၊ မိုခမ်း၊ မြမြတ်ချယ်၊ ကောင်းခန့်ကျော်၊ ပိုးသခ်၊ ပန်ပန် စသည့် သရုပ်ဆောင်များပါဝင်ပြီး အဆိုပါဇာတ်လမ်းတွဲကို fortune tv ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# SAC Chairman PM Senior General Min Aung Hlaing receives Thai Deputy Prime Minister and Minister of Foreign Affairs H.E. Mr. Don Pramudwinai and party



Senior General Min Aung Hlaing receives Thai Deputy Prime Minister and Minister of Foreign Affairs H.E. Mr. Don Pramudwinai.

**Nay Pyi Taw April 21**


Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing received a delegation led by Deputy Prime Minister and Minister of Foreign Affairs H.E. Mr. Don Pramudwinai of Thailand at the Credentials Hall of the SAC Chairman Office in Nay Pyi Taw this afternoon.

Both sides cordially discussed cooperation among Myanmar, Thailand and Laos with each other in reduction of transboundary smog pollution, peace and stability in border region of both countries, and plans to cooperate in eradication of human trafficking in person, drug trafficking and arm smuggling.

After the meeting, the Senior General and the Thai Deputy Prime Minister exchanged gifts and had documentary photos taken.

Also present at the meeting were SAC Joint Secretary Lt-Gen Ye Win Oo, Union Minister for Foreign Affairs U Than Swe, Union Minister for International Cooperation U Ko Ko Hlaing and officials.

The Thai Deputy Prime Minister was accompanied by Thai Ambassador to Myanmar H.E. Mr. Mongkol Visitstump and officials. 100



Senior General Min Aung Hlaing presents a gift to Thai Deputy Prime Minister and Minister of Foreign Affairs H.E. Mr. Don Pramudwinai.

# Demand for radishes from plain areas rises in the market

**Mandalay April 21**

Radishes from the plain areas have been arriving at the Thiri Marlar Wholesale Market in Aungmyethazan District, Mandalay and have good demand, said U Aung Moe Naing, the owner of Aung Wholesale Center in Mandalay.

Currently, about 4 to 5 six-wheeled truck-loads of radishes regularly enter the vegetable market of Mandalay. The radishes are entering the market abundantly, and the current prices are at 8,000 to 10,000 kyats per bag of 30 and 40 bundles.

"Radishes are produced only in the plain areas. The prices have gone up and the sales are good. The radishes grown in the plain areas are coming into the market every day. The mountainous areas have not been produced yet. They are only produced in the plain areas such as Nyaung Pinwon, Mekyee Kan, Pon Nyar, Madu Hla, Nyaung Myit. The cultivations are also low. But the sales in the market are good. The other crops such as tomatoes, cabbage, potatoes, mustard, kidney bean, bitter gourd, white mustard, beetroot and onions are doing well," he said. 185

# Cocaine-smuggling submarine reveals Europe's drug crisis

**London April 21**

I'm about to climb into the first "narco-sub" known to have brought cocaine from South America to Europe.

It's 20 metres (65 ft) long, built out of fibreglass and - remarkably - homemade.

After clambering on top, I lift up the wonky manhole cover and descend into the hull where three men survived for 27 long days and nights, as they voyaged across the Atlantic Ocean just under the surface of the crashing waves.

It's cramped, claustrophobic and incredibly primitive.

The sunlight tries to creep in from faint cracks in the walls. There is a steering wheel, a couple of basic dials and a rusted key still wedged in the ignition.

You can understand why one prospective skipper took one look at the vessel and concluded it was a death trap.

The heat and noise would have been intense as the engine in the back of the sub burned through the 20,000 litres of fuel stored onboard.

The crew of two Ecuadorean cousins and a former Spanish boxer set out from the Brazilian rainforest and first travelled along the Amazon river.

They had energy bars, cans of sardines and plastic bags they used for toilet facilities.

That was about all they had. Apart, of course, from three tonnes of cocaine worth more than $150m (£121m).

But this was not a lucrative, covert mission neatly accomplished. BBC

# Naroda Gam massacre: India court acquits all accused in 2002 Gujarat riots case

**Delhi April 21**

An Indian court has acquitted 68 people accused for the murder of 11 Muslims in the 2002 Gujarat riots.

The killings occurred after violence broke out in Naroda Gam district of Ahmedabad city on February 28, 2002.

Of 86 accused, 17 died and one was discharged since the hearing first began in 2009.

Those tried in the case included former state minister Maya Kodnani and Babu Bajrangi, a former leader of the right-wing Hindu group Bajrang Dal.

The verdict was delivered amid tight security outside the court in Ahmedabad in Gujarat state. Family members of those acquitted welcomed the verdict with chants of Jai Shri Ram (Hail Lord Ram) and Bharat Mata Ki Jai (Victory to Mother India), local media reported.

Public prosecutor Gaurang Vyas told the Indian Express newspaper that the prosecution would send the verdict to the state's legal department, which would decide whether or not to appeal it in a higher court.

Kodnani, a former minister of the ruling BJP, was also an accused in a case in which 97 people were killed in the 2002 riots. She was convicted but later freed by a higher court.

The riots in Gujarat left more than 1,000 people dead, mostly Muslims.

The rioting began after 60 Hindu pilgrims died in a train fire blamed on Muslims in the town of Godhra. The violence was among India's worst outbreaks of unrest.

BBC

# PDF terrorists launch terrorist attacks in Pazigyi village, Kanbalu Township, and Magyikan village, Myaing Township, by using village monasteries, schools, dispensaries and homes as cover; security forces launching anti-terrorism operations in accord with Rules of Engagement-ROE





The communication channels and bunkers set up by so-called PDF terrorists in the monastery compound in Pazigyi Village.





The communication channels and bunkers set up by so-called PDF terrorists in the monastery compound in Pazigyi Village.

**Nay Pyi Taw April 21**

Acting on exact information about place and time provided by local people who were against terrorism, Tatmadaw launched a limited air attack against the PDF terrorists' plan to hold an opening ceremony of their terrorist HQ, the NUG office, near Pazigyi village, Kanbalu Township, Sagaing Region, on 11 April. A comprehensive news about the incident already appeared in State-owned dailies and TV channels both in Myanmar and English on 13 April. From 23 March to 8 April, Tatmadaw launched operations against KIA battalion 12 and PDF terrorists in the surrounding areas of Manwein, Sitha, Mankha, Sithaung, Simulay, Simugyi, Tonkauk, Ywathitkon and Namln villages where they were trying to set up the eastern HQ of NUG terrorist group on the eastern bank of Ayeyawady River. During the operation, Tatmadaw seized enemy bodies and arms and ammunition. Tatmadaw also found enemy bunkers, firing holes and planted mines at monasteries, schools, rural dispensaries and houses in the villages.

Local provided information about the arrival of KIA and PDF reinforcements in Pazigyi village and the nearby villages for further terrorist attacks. But the terrorists had to flee in disarray to the north when Tatmadaw columns carrying out security duties in the areas battled against them on 20 April.

When security forces conducted a thorough check on the areas, they found bodies of four terrorists near the wall of monastery, two magazines, five 50mm shells, sand-bag bankers, a communication ditch, firing holes, seven motorcycles, huts, ten 12 volt rounds near the school fence, on mine detector, there large batteries, three sets of Guerrilla uniforms, and other accessories near the school fence. Acting on local's tip off about the arrival of PDF terrorists in the surrounding areas of Magyikan village, Myaing Township, Magway Region, security forces went to the areas and crushed them on 18 and 19 April. Some of the officers and other ranks were wounded in the engagements. Security forces captured ten assorted M-22 magazines, 18 Chinese-made grenades, four bomb shells of various types, 30 rounds of 12 volt guns, 600 5.56mm rounds, 100 7.63mm rounds, 50 rifle bullets, four cars of different types, 20 motorcycles of different types, Guerrilla uniforms, and accessories in the rural clinic, eight home-made launchers, 46 assorted home-made mines, four eight-viss packs of gunpowder, two laptops, and accessories in the village homes.

Local people's information matched the ground situation recorded by security forces. As per the facts of local information, terrorists actually set up bankers, firing holes at monasteries, schools, dispensaries and laid mines and obstacles around the villages. Terrorist took local villagers together with them and used them as human shield in the battles. Whenever a hostage villager was killed they tried to tarnish the reputation of Tatmadaw through the media.

Some of the security forces discharging duties at Myakantha village administrator's office in Patheingyi Township, Mandalay Region, were killed in a drive-by shooting launched by terrorists in the disguised of monks on 20 April.

The act of attacking security forces in the guise of robe-wearing monks, revered by the great majority of people, has tarnished the country's international image and saddened people's heart.

Turning a blind eye to perpetual peace, aspired by the people and Tatmadaw, PDF under the support of armed self-seeker insurgents, were attacking security forces and coercing the local people in faraway places and setting up sand-bag bankers, firing holes at village monasteries, schools, dispensaries and laying mines in the nearby areas. They committed evil acts against Buddhist pagodas, monasteries, monks and nuns. They were loathsome as they use the holy robes in launching terrorist attacks and commit a war crime by using locals as human shield. People who abhor them are sending information to security forces at every opportunity. Security forces are launching limited operations in crushing the lawless terrorist groups that are intimidating and killing the people to protect public lives and property. The security forces are acting in accord with the rules of engagement (ROE). Moreover, they will continue to join hands with the people in protecting the life and property of the latter. 100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## တူရကီနိုင်ငံက ပထမဆုံးပြည်တွင်းထုတ် စူးစမ်းလေ့လာရေးဂြိုဟ်တုလွှတ်တင်



တူရကီနိုင်ငံသည် ကယ်လီဖိုးနီးယားရှိ Vandenberg အာကာသတပ်ဖွဲ့ အခြေစိုက်စခန်းမှ ၎င်း၏ ပထမဆုံးပြည်တွင်းထုတ် စူးစမ်းလေ့လာရေးဂြိုဟ်တု IMECE ကို လွှတ်တင်ခဲ့သည်။

အဆိုပါလွှတ်တင်မှုကို SpaceX က လုပ်ဆောင်ခဲ့ပြီး ဧပြီ ၁၅ ရက်တွင် တူရကီနိုင်ငံ အဆင့်မြင့်အစိုးရအရာရှိများက အွန်လိုင်းမှ ဂြိုဟ်တုအောင်မြင်စွာလွှတ်တင်မှုကို စောင့်ကြည့်နေခဲ့သည်။

တူရကီနိုင်ငံ၏ ပထမဆုံးသော ပြည်တွင်းထုတ်ဖြစ်ပြီး စူးစမ်းလေ့လာရေးဂြိုဟ်တုတွင် ကြည်လင်ပြတ်သားမှုမြင့်မားသောအရာဝတ္ထုများ၏ ပုံများကို တစ်မီတာအောက်ထိ ရိုက်ကူးနိုင်မည်ဖြစ်ကာ ကမ္ဘာမြေကို Sub-Meter Resolution ထိ စူးစမ်းကြည့်ရှုထောက်လှမ်းနိုင်မည့် Electro-Optical ကင်မရာပါရှိသည်။ ဂြိုဟ်တု၏ ပတ်လမ်းသည် အမြင့် ကီလိုမီတာ ၆၈၀ (၄၂၂ ဒသမ ၅ မိုင်)ထိ ပျံသန်းလှည့်ပတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ ထိပ်တန်းနည်းပညာပိုင်ဆိုင်သောနိုင်ငံများအဆင့်သို့ တက်လှမ်းရန် ရည်ရွယ်၍ နိုင်ငံတော်၏ နည်းပညာပိုင်းဆိုင်ရာကြိုးပမ်းအားထုတ်မှုများမှတစ်ဆင့် အကျိုးကျေးဇူးများကို ရယူနိုင်ခဲ့ပြီဖြစ်ကြောင်း အာဒိုဂန်က ပြောကြားခဲ့သည်။

IMECE ဂြိုဟ်တုပရိုဂရမ်ကို ၂၀၁၇ ခုနှစ်တွင် ကနဦးရန်ပုံငွေဖြင့် စတင်တီထွင်တည်ဆောက်ခဲ့သည်။ အဆိုပါအာကာသယာဉ်ကို အင်ကာရာရှိ တူရကီလေကြောင်းနှင့် အာကာသလုပ်ငန်းစက်ရုံတွင် ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။

ငါးနှစ်ကြာမစ်ရှင်တစ်ခုအတွက် လွှတ်တင်ရန်စီစဉ်ထားသော IMECE ဂြိုဟ်တုသည် Geosyn-Chronous ပတ်လမ်းအတိုင်း လိုက်ပါသွားမည်ဖြစ်ပြီး ကမ္ဘာတစ်ဝန်းမှပုံရိပ်များကို ဖမ်းယူနိုင်မည်ဖြစ်ကြောင်း Turkiye သတင်းဌာနက ဖော်ပြထားသည်။ Geosynchronous Orbit (GEO) သည် ၂၃ နာရီ ၅၆ မိနစ် ၄ စက္ကန့်ဖြင့် ကမ္ဘာနှင့် အနိမ့်ပျံပတ်လမ်းကြောင်းဖြစ်သည်။

ဘက်စုံသုံးသည် ၁၃. ၉×၁၆. ၂ ကီလိုမီတာ (၈. ၆×၁၀ မိုင်) ဧရိယာ ၄ မီတာ (၁၃ ပေ) ခန့်ရှိသည့် အဝန်းအဝိုင်းတစ်ခုအတွင်းရှိ ပုံရိပ်များကို ဖမ်းယူရိုက်ကူးနိုင်မည်ဖြစ်သည်။

၎င်းသည် ပြည်ပနည်းပညာများဖြင့် တည်ဆောက်ထားသည့် နိုင်ငံ၏ Göktürk-1 နှင့် Göktürk-2 စစ်ဘက်သုံးဂြိုဟ်တုများပြီးနောက် တူရကီနိုင်ငံ၏ တတိယမြောက် ကိုယ်ပိုင်ဂြိုဟ်တုဖြစ်လာခဲ့သည်။

**Turkey Launches First Indigenous Observation Satellite ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းက လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်များပံ့ပိုးပေးရန် အနောက်နိုင်ငံများထံ ထပ်မံတောင်းဆိုမည်

ယူကရိန်းသည် လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်များပေးပို့ရန် အနောက်နိုင်ငံများထံ ထပ်မံတောင်းဆိုမည်ဖြစ်ကြောင်း Financial Times(FT) သတင်းစာက ဖော်ပြထားသည်။

ရုရှားတပ်များကို တန်ပြန်ထိုးစစ်ဆင်နွှဲရန် ယူကရိန်းဘက်က ပြင်ဆင်နေသောကြောင့် ယခုသီတင်းပတ်အတွင်း ဂျာမနီနိုင်ငံ ရမ်စတိန်းလေတပ်အခြေစိုက်စခန်းတွေ့ဆုံမှုအတွင်း တောင်းဆိုသွားမည်ဖြစ်ကြောင်း သတင်းရင်းမြစ်၏ အဆိုအရ သိရသည်။

“တာတိုပစ်လေကြောင်းကာကွယ်ရေးက ယူကရိန်းနိုင်ငံသားတွေ လိုလားချက်မြင့်မားနေတဲ့ ခေါင်းစဉ်တစ်ခုပါ။ သူတို့ တာတိုပစ်လေကာစနစ်တွေများများရလာမယ်ဆိုရင် လေတပ်အတွက် နေရာတွေပွင့်လာမှာဖြစ်ပါတယ်”ဟု ဥရောပအရာရှိတစ်ဦးက ပြောကြားသည်။

FT သတင်းစာအဆိုအရ ဖေဖော်ဝါရီလနှောင်းပိုင်းက အွန်လိုင်းတွင်ပေါက်ကြားခဲ့သည့် ပင်တဂွန်စစ်ဌာနချုပ်မှ မှတ်တမ်းတစ်ခုအရ ယူကရိန်းတပ်ဖွဲ့များကို လေကြောင်းတိုက်ခိုက်မှုများမှ ကာကွယ်နိုင်မှုစွမ်းရည်သည် မေ ၂၃ ရက်တွင် လုံးဝလျော့ကျသွားမည်ဖြစ်ကြောင်း အကဲဖြတ်သုံးသပ်ထားသည်ကို တွေ့ရသည်။ အကြောင်းမှာ ယူကရိန်းတွင် အရေးကြီးသော လေကြောင်းရန်ကာကွယ်ရေးစနစ်ငါးခုအတွက် ကျည်ဆန်များ၊ ခဲယမ်းများပြတ်တောက်သွားနိုင်ကြောင်း ပေါက်ကြားလာသောဖိုင်မှတ်တမ်းများ၌ ရေးသားအစီရင်ခံထားခဲ့သည်။

ယူကရိန်းနှင့်ရင်ဆိုင်နေသည့် ရှေ့တန်းစစ်မျက်နှာတစ်လျှောက် ရုရှားနိုင်ငံက တိုက်လေယာဉ်များနှင့် တိုက်ခိုက်ရေးရဟတ်ယာဉ်များ စုစည်းတပ်ဖြန့်ထားကြောင်း NATO အဖွဲ့ဝင်နိုင်ငံများက ထောက်လှမ်းရေးသတင်းများ ရရှိထားကြောင်း FT သတင်းစာက ဆက်လက်ရေးသားဖော်ပြထားသည်။

ယူကရိန်းအတွက် စစ်လက်နက်ပစ္စည်းများ ပံ့ပိုးပေးနေသောနိုင်ငံများ၏ ထိပ်သီးဆွေးနွေးပွဲကို အမေရိကန်က ဦးဆောင်ကျင်းပပေးမည်ဖြစ်သည်။ ယူကရိန်းတာဝန်ရှိသူများက ရုရှားတပ်ဖွဲ့များကို တိုက်ခိုက်ရာတွင် ကြီးမားသောတိုးတက်အောင်မြင်မှုနှင့် အချိန်ကာလသည် အနောက်နိုင်ငံမှ စစ်လက်နက်ပစ္စည်းများပေးပို့မှုအပေါ်တွင် များစွာမူတည်နေမည်ဟု ယခင်ကတည်းက ပြောကြားခဲ့သည်။

အနောက်အုပ်စုသည် ပခုံးထမ်းပစ်ခတ်နိုင်သော Stringer ဒုံးကျည်များအပါအဝင် ယူကရိန်းနိုင်ငံသို့ လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်အမျိုးမျိုးကိုပေးပို့လျက်ရှိသည်။ ပိုမိုအဆင့်မြင့်သော အမေရိကန်ထုတ် Patriot စနစ်ကို ယူကရိန်းသို့ပေးအပ်ခဲ့ကြောင်း ဂျာမနီက ယခုသီတင်းပတ်တွင် ကြေညာခဲ့သည်။

ရုရှားနိုင်ငံက ယူကရိန်းကို အနောက်နိုင်ငံမှလက်နက်များအသုံးပြု၍ တိုက်ခိုက်ခဲ့သည်ဟု အကြိမ်ကြိမ်ပြောကြားထားပြီး



ဖြစ်သည်။ ဧပြီ ၁၆ ရက်က ယူကရိန်းတပ်ဖွဲ့ဝင်များသည် Donetsk ဒေသကိုအမြောက်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ဩသဒေါက်စ်အီစတာပွဲတော် ကျင်းပနေစဉ် ဘုရားကျောင်းအပြင်ဘက်တွင် ဒုံးကျည်တချို့ကျရောက်ခဲ့ကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူများက ပြောကြားခဲ့သည်။

**Kiev to ask West for anti-air missiles–FT ကို ဘာသာပြန်ဆိုထားပါသည်။**

## ပင်တဂွန်စစ်ဌာနချုပ်က ယူကရိန်းအတွက် စစ်လက်နက်အကူအညီပေးရေးပက်ကေ့ချ်အသစ် ထုတ်ပြန်ကြေညာ



ပင်တဂွန်စစ်ဌာနချုပ်သည် ယူကရိန်းနိုင်ငံအတွက် အမေရိကန်ဒေါ်လာ ၃၂၅ သန်းတန်ဖိုးရှိ စစ်လက်နက်အကူအညီပေးရေးပက်ကေ့ချ်အသစ် ပေးအပ်သွားမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက ဧပြီ ၁၈ ရက်တွင် ကြေညာခဲ့သည်။

အဆိုပါ ပက်ကေ့ချ်အသစ်သည် ယူကရိန်းသို့ အမေရိကန်က ပေးအပ်နေသော စစ်ရေးအကူအညီများတွင် ၃၆ ကြိမ်မြောက် ပံ့ပိုးမှုဖြစ်သည်။ ၎င်းတွင် ယူကရိန်းနိုင်ငံသို့ အမေရိကန်တို့ ပေးအပ်ထားသည့် HIMARS ဒုံးကျည်၊ အမြောက်စနစ်များအတွက် ခဲယမ်းမီးကျောက်များအပြင် 155mm နှင့် 105mm အမြောက်ကျည်များနှင့် တင့်ဖျက်လက်နက်အမျိုးအစားများစွာပါဝင်သည်။ ဝိုင်ယာလမ်းညွှန်စနစ်သုံး TOW ဒုံးကျည်များ၊ ပခုံးထမ်း AT-4 တင့်ဖျက်ဒုံးပစ်လောင်ချာများနှင့် တင့်ဖျက်မိုင်းများ၊ လက်နက်ငယ်ခဲယမ်းမီးကျောက်များ၊ လေကြောင်းသုံးခဲယမ်းမျိုးစုံနှင့် အပိုပစ္စည်းများလည်းပါဝင်ကြောင်း သိရသည်။

ပြီးခဲ့သည့် မတ်လပက်ကေ့ချ်တွင် 155 mm အမြောက်ကျည် ငါးသိန်းကျော်ပါဝင်ခဲ့ပြီး ၎င်းတို့၏ အနောက်အုပ်စုမှ ပေးသော အမြောက်လက်နက်များကို စွမ်းရည်အပြည့်ဖြင့် ပစ်ခတ်တိုက်ပွဲဝင်ရန် ယူကရိန်းတပ်ဖွဲ့များသည် လစဉ်လိုအပ်နေသည့်အရေအတွက်အောက် လျော့နည်းနေသေးကြောင်း ယူကရိန်းကာကွယ်ရေးဝန်ကြီး Aleksey Reznikov ကဆိုသည်။

ယခု နောက်ဆုံးအကူအညီတွင် တိကျလမ်းညွှန်စနစ်သုံး 105mm အမြောက်ကျည် ၅၀၀၊ TOW တင့်ဖျက်ဒုံးကျည် ၂၀၀ နှင့် AT-4 ဒုံးကျည် ၁၀၀၀ သာပါဝင်လာသည်။ ယူကရိန်းနိုင်ငံသို့ HIMARS ဒုံးကျည်မည်မျှပေးပို့ခဲ့သည်ကို အမေရိကန်က ထုတ်ဖော်ပြောဆိုခြင်းမရှိသော်လည်း မကြာသေးမီကသတင်းများအရ နိုင်ငံတွင်းထုတ်လုပ်သူများသည် ယူကရိန်းနိုင်ငံ၏ တောင်းဆိုချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ရုန်းကန်နေရကြောင်း သိရသည်။

ယူကရိန်းကို လက်နက်တပ်ဆင်ခြင်းဖြင့် အနောက်နိုင်ငံများက ၎င်းတို့ကိုယ်တိုင် ပဋိပက္ခတွင် ပါဝင်လာစေခြင်းဖြစ်ကြောင်း ရုရှားတာဝန်ရှိသူများဘက်မှ အကြိမ်ကြိမ် သတိပေးပြောကြားခဲ့သည်။ ထို့ပြင် ယူကရိန်းသို့ အနောက်နိုင်ငံများမှ လက်နက်များတင်ပို့မှုသည် အထူးစစ်ဆင်ရေး၏ နောက်ဆုံးရလဒ်ကို လွှမ်းမိုးပြောင်းလဲပစ်နိုင်မည်မဟုတ်ကြောင်း ကရင်မလင်နန်းတော် ပြောရေးဆိုခွင့်ရှိသူ Dmitry Peskov က အခိုင်အမာပြောကြားထားခဲ့ပြီးဖြစ်သည်။

**Pentagon announces latest Ukraine arms package ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်မြို့သို့ ရက်ပေါင်း ၂၀ အတွင်း ငါးရှဉ့်ပိဿာချိန် ၁၇၀၀၀၀ ထိ တင်ပို့ရောင်းချထား



**မော်လမြိုင်ကျွန်း ဧပြီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်မြို့သို့ ရက် ၂၀ အတွင်း ရေထွက်ကုန် ငါးရှဉ့်တန်ချိန် ၁၇၀၀၀၀ ထိ တင်ပို့ရောင်းချထားရကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်ဝင်းပပက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ပြီးခဲ့သည့် မတ်လ တစ်လအတွင်းက ရေထွက်ကုန် ငါးရှဉ့်တန်ချိန် ၈၅၀၀၀ ထိသာ တင်ပို့ရောင်းချခဲ့ရပြီး ဧပြီ ၁ ရက်မှ ၂၀ ရက်ထိ ရေထွက်ကုန် ငါးရှဉ့်တန်ချိန် ၁၇၀၀၀၀ ထိ တင်ပို့ရောင်းချထားရကြောင်း သိရသည်။

"မော်လမြိုင်ကျွန်းမြို့နယ်က ထွက်တဲ့ ရေထွက်ကုန်ငါးရှဉ့်တွေကို ရန်ကုန်ဈေးကွက်တစ်ခုတည်းကို အဓိကတင်ပို့ရောင်းချတာပါ။ ငါးရှဉ့်ဝယ်လိုအား သိသိသာသာ လိုက်နေပါတယ်။ ရန်ကုန်ဈေးကွက်မှာ လိုအပ်ချက်များနေတာကြောင့်ပါ။ ငါးရှဉ့်ဝယ်လိုအား လိုက်လာတော့ မွေးမြူသူတွေနဲ့ သဘာဝအတိုင်း ဖမ်းဆီးရာဖွေသူတွေလဲ အဆင်ပြေတာပေါ့။ ငါးရှဉ့်က ဧရာဝတီတိုင်းဒေသကြီး တစ်ခုတည်းသာ ထွက်ရှိနေတာပါ"ဟု မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်ဝင်းပပက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် လယ်ယာလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများကို ပူးတွဲလုပ်ကိုင်ကြပြီး ငါးရှဉ့်မွေးမြူရေးလုပ်ကိုင်သူ စုစုပေါင်း ၁၉ ဦးထိ ရှိကြောင်း၊ ငါးရှဉ့်မွေးမည်ဆိုပါက တစ်ဧကအကျယ်ရှိကန်တစ်ကန် သို့မဟုတ် ပေ ၁၂၀ ပတ်လည် ပလတ်စတစ်ကန်ဖြင့်လည်း မွေးမြူနိုင်ပြီး အရင်းအနှီးအနေဖြင့် ငွေကျပ် ၇၀၀၀၀၀ မှ ၉၀၀၀၀၀ ထိ ကုန်ကျစရိတ်ရှိကြောင်း၊ မော်လမြိုင်ကျွန်းမြို့နယ်တွင် မွေးမြူရေးလုပ်ငန်းမှထွက်ရှိသည့်ငါးရှဉ့်အပြင် သဘာဝအတိုင်း ဖမ်းဆီးရရှိသည့် ငါးရှဉ့်များလည်း ထွက်ရှိပြီး အဆိုပါဒေသမှထွက်ရှိသည့်ငါးရှဉ့်များကို ရန်ကုန်မြို့မှ တစ်ဆင့် တရုတ်နိုင်ငံနှင့်ထိုင်းနိုင်ငံသို့လည်း တင်ပို့ရောင်းချနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကျောက်ဖြူမြို့နယ် ပင်လယ်နားကျေးရွာ၌ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ကျောက်ဖြူ ဧပြီ ၂၁**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ကျောက်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ပင်လယ်နားကျေးရွာ၌ ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဝင်းနိုင်နှင့် ဝန်ထမ်းများက ပင်လယ်နားကျေးရွာ၌ ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်တွေ့ဆုံ၍ လုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ အချိန်မီ ပြီးစီးအောင်ဆောင်ရွက်ရန် ပြောကြားခဲ့သည်။



ပင်လယ်နားကျေးရွာ၌ ကျောက်ချောလမ်း အရှည်ပေ ၁၀၅၀၊ အကျယ် ၁၂ ပေ၊ အမြင့်ကိုးလက်မ ခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၁ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် သုံးသန်း စုစုပေါင်း ငွေကျပ် ၁၄ သန်းဖြင့် ကျေးရွာနေပြည်သူများ ကိုယ်တိုင် ယခုနှစ် မတ်လဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၄၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင်း၌ ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းများဆောင်ရွက်ပြီးစီးပါက ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ကျေးရွာမှထွက်ရှိလာသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့အချိန်နှင့်တစ်ပြေးညီ တင်ပို့ရောင်းချနိုင်တော့မည်ဖြစ်ကြောင်း ကျောက်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သုတ**

# ယခုနှစ် မုံရွာမြို့နယ်တွင် နွေသီးနှံ ၁၀၅၆ ဧက စိုက်ပျိုးပြီးစီး

**မုံရွာ ဧပြီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးချိန်၌ နွေသီးနှံ ၁၀၅၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးချိန်၌ မုံရွာမြို့နယ်တွင် နွေသီးနှံ ၁၅၆၈ ဧက စိုက်ပျိုးရန်လျာထားပြီး ဖေဖော်ဝါရီလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၀၅၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မုံရွာမြို့နယ်မှာ နွေသီးနှံ ဧက ၁၅၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိအချိန်ထိ နွေသီးနှံ ဧက ၁၀၀၀ ကျော် စိုက်ပျိုးနေပါပြီ။ စိုက်ပျိုးပြီးစီးနေတဲ့ ဧက ၁၀၀၀ ကျော်ထဲမှာ နွေနှမ်း၊ မိုးကြိုပဲတီစိမ်းနဲ့ မိုးကြိုချည်မျှင်ရှည်ဝါတို့ဖြစ်ပါတယ်။ နွေစပါးကတော့ မစိုက်ရသေးပါဘူး။ ဒီနှစ် နွေသီးနှံဧကလျာထားချက်ပြည့်မီအောင်တော့ စိုက်ပျိုးသွားမှာပါ"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

ယခုနှစ် မုံရွာမြို့နယ်တွင် နွေသီးနှံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် နွေနှမ်း ၄၂၂ ဧက၊ မိုးကြိုပဲတီစိမ်း ၅၅၂ ဧက၊ မိုးကြိုချည်မျှင်ရှည်ဝါ ၈၂ ဧက စုစုပေါင်း ၁၀၅၆ ဧကတို့ဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် နွေနှမ်း ၄၆၃ ဧက၊ မိုးကြိုပဲတီစိမ်းဧက ၁၀၀၀၊ မိုးကြိုချည်မျှင်ရှည်ဝါဧက ၈၀၊ နွေစပါး ၂၅ ဧက စုစုပေါင်း ၁၅၆၈ ဧကတို့ဖြစ်ကြောင်း သိရသည်။

သီးနှံစိုက်ပျိုးတောင်သူများအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် GAPနည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ အထွက်နှုန်းကောင်းမွန်စေရေး၊ အထွက်ကောင်းမျိုးများစိုက်ပျိုးရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေးတို့အတွက် ကာကွယ်နည်းစနစ်များ၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းစနစ်များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန သိရသည်။

(၂၀၆)




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၂၁-၄-၂၀၂၃**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၆၂၈၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၆၁၀၀၀၀ |
| **(ရွှဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| နွေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **ဆေးဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀/၁၂၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |
| **ဓာတ်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၀၄၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၁၂၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၉၅ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၁၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၁၀ |
| **(သာ ဓာတ်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများအတွက် လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးရေး ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး

**နေပြည်တော် ဧပြီ ၂၁**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Don Pramudwinai ကို ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် မိတ်ဖက်ဆက်ဆံရေး ပိုမိုတိုးမြှင့်ခိုင်မာစေရေး၊ နှစ်နိုင်ငံအပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေး၊ အထူးသဖြင့် ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုကဏ္ဍအပါအဝင် နယ်စပ်ဒေသများ၌ တရားမဝင်ကုန်သွယ်မှုနှင့် တရားမဝင်လုပ်ငန်းများ အတူတကွတိုက်ဖျက်သွားရေး၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများအတွက် လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးရေးတို့ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Don Pramudwinai နှင့် တွေ့ဆုံဆွေးနွေးစဉ်။**

# အလုပ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ ဖွင့်ပွဲကျင်းပ

**မန္တလေး ဧပြီ ၂၁**

မေ ၁ ရက်တွင် ကျရောက်မည့် အလုပ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲဖွင့်ပွဲအခမ်းအနားကို ချမ်းမြသာစည်မြို့နယ် မင်္ဂလာမန္တလေးပရိမိုးရှင်းဇရိယာ၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအတွင်းရေးမှူး၊ အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI) ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြည်တွင်းစက်ရုံ၊ အလုပ်ရုံနှင့်ကုမ္ပဏီများမှ စီးပွားရေးလုပ်ငန်းရှင်များပြည်တွင်းအလုပ်အကိုင်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း၊ ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးအကျိုးဆောင် လိုင်စင်ရအေဂျင်စီများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းက အလုပ်အကိုင်ပြပွဲကျင်းပရခြင်း ရည်ရွယ်ချက်များ၊အလုပ်သမားဝန်ကြီးဌာနအနေဖြင့် အလုပ်ရှာဖွေသူများ အလုပ်အကိုင်ရရှိရေးအတွက် အလုပ်သမားဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်သမားများ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးနေမှုများကို ပြောကြားသည်။




ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ မြို့တော်ဝန်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် MRCCI ဥက္ကဋ္ဌတို့က ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် ဆက်နွှယ်ဌာနများ၏ ပြခန်းများ၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်တွင်းအလုပ်အကိုင်ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း၊ ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးအကျိုးဆောင်လိုင်စင်ရအေဂျင်စီများ၏ပြခန်းများကို လှည့်လည်ကြည့်ရှုကာ ပြပွဲလာလူငယ်များကို ရင်းရင်းနှီးနှီးအားပေးစကားများ ပြောကြားခဲ့သည်။

အလားတူ ကဆုန်လပြည့် (ဗုဒ္ဓနေ့) နေ့ထူးနေ့မြတ်အခါသမယတွင် မန္တလေးမြို့ လေးပြင်လေးရပ်မှ သံဃာတော် ၁၀၂၆၈ ပါးအား ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လောင်းလှူပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး နှစ်ထပ်ဆောင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီတို့မှ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုလုပ်ငန်းအစီအမံများနှင့်အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

☆ ကျောဖုံးမှအဆက်

တက္ကသိုလ်ရိပ်သာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားသံရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီကိုယ်စားလှယ်၊ ကမ္ဘောဒီးယားနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး၊ မီးရှူးတိုင်လက်ဆင့်ကမ်းသယ်ယူရေးအစီအစဉ်အတွက် အထူးဖိတ်ကြားထားသော တီမောလက်စတေနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ အားကစားသမားများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ပြည်သူများ စုစုပေါင်းဦးရေ ၁၈၀၀ ခန့် တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး H.E Mr. CHUM Angvichet နှင့် မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌတို့က အမှတ်တရစကားပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ခြင်းနှင့် ပြိုင်ပွဲဝင်နိုင်ငံများအပေါ် အိမ်ရှင်နိုင်ငံ၏ဧည့်ဝတ်ကျေပွန်မှုနှင့် စီစဉ်ဆောင်ရွက်ထားရှိမှုများအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးသည် အရှေ့တောင်အာရှနိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှု၊ ငြိမ်းချမ်းရေးနှင့် ညီညွတ်မှုမြှင့်တင်ရေးကို အပြည့်အဝကိုယ်စားပြုမည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကမ္ဘောဒီးယားနိုင်ငံ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပရေးကော်မတီ၏ ကိုယ်စားလှယ် H.E Mr. HOR Sarun က မီးရှူးတိုင်လက်ဆင့်ကမ်းသယ်ဆောင်ခြင်း အခမ်းအနားကို ကမ္ဘောဒီးယားနိုင်ငံရှိ ကမ္ဘာ့အံ့ဖွယ် အန်းကောဝပ်ဘုရားကျောင်းမှ စတင်၍ အာဆီယံ ၁၀ နိုင်ငံသို့ အစီအစဉ်တကျဆက်လက်ထွက်ခွာပြီး ဧပြီ ၂၇ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံသို့ ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ အမှတ်တရမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများအားကစားပြိုင်ပွဲအထိမ်းအမှတ် မီးရှူးတိုင်ကို ကမ္ဘောဒီးယားနိုင်ငံ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးကော်မတီကိုယ်စားလှယ်က မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံရုံးမှ စတင်သယ်ဆောင်လာပြီး ၎င်းမှတစ်ဆင့် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး၊ ၎င်းမှ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုဝန်ကြီးမှ မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ ၎င်းမှ မသန်စွမ်းအားကစားသမားနှင့် လေ့လှော်အားကစားသမားတို့က လက်ဆင့်ကမ်းသယ်ဆောင်၍ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံသို့ လည်းကောင်း၊ ၎င်းမှ ကမ္ဘောဒီးယားနိုင်ငံ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ကိုယ်စားလှယ်သို့ လွှဲပြောင်းပေးအပ်ပြီး ကမ္ဘောဒီးယားနိုင်ငံသံရုံးအတွင်းသို့ သယ်ဆောင်၍ ထွန်းညှိသိမ်းဆည်းထားကာ မြန်မာနိုင်ငံမှ လာအိုနိုင်ငံသို့ ဧပြီ ၂၂ ရက်တွင် ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော် ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် PDF အဖွဲ့ဝင်တစ်ဦးကို ထောက်ပံ့ငွေများ ပေးအပ်စဉ်။




နေပြည်တော် ဖြေ ၂၁

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်းဝင်ရောက်လာသော PDF အဖွဲ့ဝင်များကို ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိပြီး ယနေ့ နေ့လယ်ပိုင်းတွင်လည်း အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဇေယျာသိရိခန်းမ၌ ပြန်လည်ကြိုဆိုလက်ခံခြင်း အခမ်းအနားကိုပြုလုပ်ရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်နှင့် တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများတက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေဆိုင်ရာပုဒ်မများနှင့် အသိပညာပေးဆိုင်ရာတို့နှင့်ပတ်သက်၍ အမှာစကားများ အသီးသီးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တမူးမြို့နယ်၊ ကသာမြို့နယ်နှင့် ရွှေဘိုမြို့နယ်တို့မှ KIA၊PDF အဖွဲ့ဝင် အမျိုးသား ခုနစ်ဦး၊ အမျိုးသမီးတစ်ဦး စုစုပေါင်း ရှစ်ဦးတို့ကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ထောက်ပံ့ငွေများ၊ အဝတ်အထည်နှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သူများကိုယ်စား မိဘအုပ်ထိန်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ပြီး တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သူများကို အသိအမှတ်ပြုကတ်ပြားများပေးအပ်ကာ ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်း အပ်နှံပေးလျက်ရှိကြောင်း သတင်းရရှိသည်။

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးညွန့်ဝင်းဆွေ ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်းအားပေး စကားပြောကြားစဉ်။



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်း ဆေးကုသမှုခံယူနေသူတစ်ဦးကို စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

နေပြည်တော် ဖြေ ၂၁

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးညွန့်ဝင်းဆွေ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်းနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်းရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်သည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးညွန့်ဝင်းဆွေ၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဆေးရုံအတွင်းလှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသိဒ္ဓိမြို့နယ်ရှိ တပ်မတော်သားဖွားမီးယပ်နှင့် ကလေးဆေးရုံ (ခုတင်-၃၀၀)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ကုသမှု ခံယူလျက်ရှိသော သာသနာ့ဝန်ထမ်းသီလရှင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူးများနှင့် အဖွဲ့ဝင်များသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# ဒေသတွင်း စိုက်ပျိုး၊မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုး၊မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဖြေ ၂၁

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများဆောင်ရွက်နေချိန်တွင် ဒေသတွင်း စားရေရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဖြေ ၂၀ ရက်နှင့် ယနေ့တို့တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများက ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ အမှတ်(၃) စိုက်ပျိုး၊မွေးမြူစခန်း(တညင်းကုန်း)၌ အဆင့်မြင့်အသားတိုးဝက်နှင့် အဆင့်မြင့်မျိုးဝက်မများ မွေးမြူထားရှိမှု၊ ငါးမွေးမြူရေကန်များ၌ ငါးတန်၊ ငါးမုတ်၊ မြက်စားငါးကြင်းများ မွေးမြူထားရှိမှု၊ ကာကီကင်း ဥစားဘဲများမွေးမြူထားရှိမှု၊ ခေတ်မီဥစားကြက်များ မွေးမြူထားရှိမှု၊ အမှတ်(၁) စိုက်ပျိုး၊မွေးမြူရေးစခန်း (ဇော်ဘွားကြီးကုန်း)၌ နိုဝိုဂျင်ဘရောင်း မိဘမျိုးဥစားကြက်များ မွေးမြူထားရှိမှု၊ ဥဖောက်စက်များလည်ပတ်နေမှု၊ အစာစပ်စက်ရုံလည်ပတ်နေမှု၊ ခေတ်မီဥစားကြက်များ မွေးမြူထားရှိမှု၊ တစ်သျှူးငှက်ပျောပင်များစိုက်ပျိုးထားရှိမှု၊ သီးပင်စားပင်များ စိုက်ပျိုးထားရှိမှုနှင့် တွံတေးမြို့နယ်ရှိ ရွှေမုယင်းမွေးမြူရေးစခန်း၌ ငါးတန်၊ ငါးမုတ်၊ မြက်စားငါးကြင်းများ မွေးမြူထားရှိမှု၊ ငါးကန်တူးဖော်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း အမှတ်(၁) စိုက်ပျိုး၊ မွေးမြူရေးစခန်း(ဇော်ဘွားကြီးကုန်း)၌ ဥစားကြက်မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များ၌ အခြေခံအင်္ဂလိပ်သဒ္ဒါနှင့် စကားပြောသင်တန်း၊ ကွန်ပျူတာအခြေခံသင်တန်းများဖွင့်လှစ်




အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး သင်တန်းသားတစ်ဦးကို သင်တန်းအထောက်အကူပြုပစ္စည်းများ ပေးအပ်စဉ်။

**နေပြည်တော် မေ ၂၁**

ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နွေရာသီကျောင်းပိတ်ရက်ကာလများတွင် အားလပ်ချိန်ကို အကျိုးရှိစွာအသုံးချနိုင်ရန်၊ အကျင့်စာရိတ္တကောင်းမွန်ပြီး ပညာထူးချွန်သူများဖြစ်လာစေရန်၊ လက်တွေ့အသုံးချဘာသာရပ်များနှင့်အတူ ဗဟုသုတရစေပြီး အသိပညာ၊ အတတ်ပညာတိုးပွားစေရန် ရည်ရွယ်၍ အခြေခံအင်္ဂလိပ်သဒ္ဒါနှင့် စကားပြောသင်တန်း၊ ကွန်ပျူတာသင်တန်းများကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ဖွင့်လှစ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား၊သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းအလိုက် အထောက်အကူပြုပစ္စည်းများပေးအပ်ပြီး သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း၊တပ်ဖွဲ့များ၌လည်း အဆိုပါသင်တန်းများကို ယနေ့တွင် ဖွင့်လှစ်ပြီး တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်သင်တန်းများတွင် သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၄၇၂၂ ဦးဖြင့် သင်တန်းကာလ ရက်သတ္တ လေးပတ်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ် တပ်ရင်း၊ တပ်ဖွဲ့များ၌ ကျောင်းသား၊ ကျောင်းသူများအတွက် နွေရာသီသင်တန်းဖွင့်လှစ်သင်ကြားနေမှုကို ကြည့်ရှု

**နေပြည်တော် မေ ၂၁**

နေပြည်တော်တိုင်း စစ်ဌာနချုပ်ရှိ တပ်မတော်သားမိသားစုဝင် သားသမီးများ ကျောင်းသား၊ ကျောင်းသူ လူငယ်မောင်မယ်များအနေဖြင့် နွေရာသီကျောင်းပိတ်ရက်ကာလတွင် အချိန်ကို အကျိုးရှိစွာအသုံးချတတ်စေရန်၊ ဗလငါးတန်နှင့်ပြည့်စုံပြီး လူတော်လူကောင်းများဖြစ်လာစေရန်ရည်ရွယ်၍ ယဉ်ကျေးလိမ္မာသင်တန်း၊ အင်္ဂလိပ်စာအခြေခံသင်တန်းနှင့် ကွန်ပျူတာအခြေခံသင်တန်းများကို မေ ၁၈ ရက်မှစတင်၍ တပ်နယ်အသီးသီးတွင် ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလင်းနှင့်အဖွဲ့ဝင်များက ပုဗ္ဗသီရိ တပ်နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းနှင့် ဇေယျာသီရိတပ်နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့တွင် ဖွင့်လှစ်ထားရှိသည့် ကွန်ပျူတာ အခြေခံသင်တန်းများသို့ သွားရောက်ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

နေပြည်တော်တိုင်း စစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးတွင် ယဉ်ကျေးလိမ္မာသင်တန်း သင်တန်းသား၊ သင်တန်းသူ ၂၁၆၈ ဦး၊ အင်္ဂလိပ်စာအခြေခံ သင်တန်း သင်တန်းသား၊သင်တန်းသူ ဦးရေ ၁၇၅၀ နှင့် ကွန်ပျူတာအခြေခံ သင်တန်း သင်တန်းသား၊ သင်တန်းသူ ၆၉၁ ဦးတို့ကို မေ ၁၈ ရက်မှ ၂၈ ရက်ထိ ဖွင့်လှစ်သင်ကြားပေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

➤ ➤ ➤



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်း ဇေယျာသီရိတပ်နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် ဖွင့်လှစ်ထားရှိသော အင်္ဂလိပ်စာအခြေခံသင်တန်းသို့ တက်ရောက်နေသည့် သင်တန်းသား၊ သင်တန်းသူများကို ကြည့်ရှုအားပေးစဉ်။

# ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းဇော်မိုး ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များအား မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

**နေပြည်တော် မေ ၂၁**

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များကို ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိပြီး ယနေ့နံနက်ပိုင်းတွင်လည်း အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ ပြန်လည်ကြိုဆိုလက်ခံခြင်းအခမ်းအနားကို ပြုလုပ်ရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းဇော်မိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးက အမှာစကား ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော ရှမ်းပြည်နယ်(တောင်ပိုင်း)မှ PDF အဖွဲ့ဝင် အမျိုးသားငါးဦးနှင့် အမျိုးသမီး နှစ်ဦးကို တာဝန်ရှိသူများက ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သတင်းရရှိသည်။

# ဒလမြို့နယ်အတွင်းရှိ ရပ်ကွက်များသို့ သောက်သုံးရေများ ဖြန့်ဝေလှူဒါန်း

**နေပြည်တော် မေ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်အတွင်းရှိ သောက်သုံးရေရှားပါးမှုကြုံတွေ့နေရသည့် မော်စက်ရပ်ကွက်ရှိ အိမ်ထောင်စု ၂၄၆၁ စု၊ ကမာကဆစ်ရပ်ကွက်ရှိ အိမ်ထောင်စု ၂၉၇၇ စုနှင့် ဗညားဒလ ရပ်ကွက် နန်းဦးပရိယတ္တိစာသင်တိုက်တွင် သီတင်းသုံးနေထိုင်တော်မူသော သံဃာတော် အပါး ၁၅၀ တို့အတွက် သောက်သုံးရေအဆင်ပြေစေရေးအတွက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် ဒလတပ်နယ်မှ နယ်မြေခံတပ်မတော်သားများက နယ်မြေခံရေတပ်စခန်းဌာနချုပ်မှ ရေသယ်ရေယာဉ် ၁၀ စီးဖြင့် သောက်သုံးရေစုစုပေါင်း ဂါလန် ၃၇၅၀၀ ကို သွားရောက်ဖြန့်ဝေလှူဒါန်းပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် ဒလတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး နန်းဦးပရိယတ္တိစာသင်တိုက်သို့ လှူဖွယ်ဝတ္ထုပစ္စည်းများလှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။



ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်အတွင်းရှိ ရပ်ကွက်များသို့ ရန်ကုန်တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် ဒလတပ်နယ်မှ နယ်မြေခံတပ်မတော်သားများက သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းစဉ်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

## မြို့နယ်အလိုက် အခြေခံစားသောက်ကုန်စည်ဈေးနှုန်းများ

| စဉ် | မြို့အမည် | | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ပေါ်ဆန်း | ညှော်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ | အာလူး | ကြက် | ဝက် | ငါးကြင်း | ပုစွန်ကျော့ | အာပွဲခြောက် | ငါးတံခွန်ခြောက် | ကြက်ဥတစ်လုံး | ဘဲဥတစ်လုံး |
| ၁ | နေပြည်တော် | ၃၇၅၀ | ၂၅၀၀ | ၁၄၀၀ | ၁၅၀၀၀ | ၆၅၀၀ | ၁၂၅၀၀-၂၅၀၀၀ | ၁၀၀၀-၁၄၀၀ | ၄၁၅၀-၅၀၀၀ | ၁၃၀၀-၂၄၀၀ | ၉၀၀၀-၁၄၀၀၀ | ၁၅၀၀၀-၁၈၀၀၀ | ၇၅၀၀-၁၃၀၀၀ | ၁၂၀၀၀-၁၈၀၀၀ | ၁၆၀၀၀-၂၀၀၀၀ | ၁၀၀၀၀-၁၈၀၀၀ | ၂၀၀-၂၅၀ | ၂၅၀-၃၅၀ |
| ၂ | ရန်ကုန် | ၄၈၀၀ | ၁၉၀၀ | ၁၄၀၀ | ၁၅၀၀၀ | ၇၂၀၀ | ၂၀၀၀၀-၂၅၀၀၀ | ၁၀၀၀-၁၄၀၀ | ၃၂၀၀-၅၀၀၀ | ၁၃၀၀-၂၄၀၀ | ၉၀၀၀-၁၄၀၀၀ | ၁၅၀၀၀-၁၈၀၀၀ | ၈၀၀၀-၁၃၀၀၀ | ၁၂၀၀၀-၁၈၀၀၀ | ၁၆၀၀၀-၂၀၀၀၀ | ၁၀၀၀၀-၁၈၀၀၀ | ၂၀၀-၂၅၀ | ၂၅၀-၃၅၀ |
| ၃ | မန္တလေး | ၄၂၀၀ | ၂၈၀၀ | ၁၄၀၀ | ၁၅၀၀၀ | ၇၈၀၀ | ၁၂၅၀၀-၂၅၀၀၀ | ၁၀၀၀-၂၄၀၀ | ၄၁၅၀-၅၅၀၀ | ၁၃၀၀-၂၈၀၀ | ၉၀၀၀-၁၄၀၀၀ | ၁၅၀၀၀-၁၈၀၀၀ | ၇၅၀၀-၁၃၀၀၀ | ၁၂၀၀၀-၁၈၀၀၀ | ၁၆၀၀၀-၂၀၀၀၀ | ၁၀၀၀၀-၁၈၀၀၀ | ၂၀၀-၂၅၀ | ၂၅၀-၃၅၀ |
| ၄ | မြစ်ကြီးနား | ၄၅၈၀ | ၂၈၀၀ | ၁၄၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၁၈၀၀၀-၂၀၀၀၀ | ၂၃၀၀-၂၅၀၀ | ၄၅၀၀-၅၀၀၀ | ၂၅၀၀-၃၀၀၀ | ၁၁၀၀၀-၁၂၀၀၀ | ၁၅၀၀၀-၂၂၀၀၀ | ၁၀၀၀၀-၁၄၀၀၀ | ၁၂၀၀၀-၁၈၀၀၀ | ၁၆၀၀၀-၂၀၀၀၀ | ၁၀၀၀၀-၁၈၀၀၀ | ၂၅၀-၃၀၀ | ၃၅၀-၄၀၀ |
| ၅ | လားရှိုး | ၄၅၈၀ | ၂၅၀၀ | ၂၆၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၁၈၀၀၀-၂၀၀၀၀ | ၂၅၀၀-၃၆၀၀ | ၅၀၀၀-၅၅၀၀ | ၂၅၀၀-၃၀၀၀ | ၉၀၀၀-၁၃၀၀၀ | ၁၂၀၀၀-၂၀၀၀၀ | ၁၀၀၀၀-၁၄၀၀၀ | ၁၂၀၀၀-၁၈၀၀၀ | ၁၆၀၀၀-၂၀၀၀၀ | ၁၀၀၀၀-၁၈၀၀၀ | ၂၅၀-၃၀၀ | ၃၂၀-၃၅၀ |
| ၆ | မြိတ် | ၃၂၅၀ | ၂၄၀၀ | ၂၁၀၀ | ၁၆၅၀၀ | ၇၅၀၀ | ၁၆၀၀၀-၁၈၀၀၀ | ၁၈၀၀-၂၀၀၀ | ၅၀၀၀-၆၀၀၀ | ၂၅၀၀-၃၀၀၀ | ၁၀၀၀၀-၁၁၀၀၀ | ၁၇၀၀၀-၁၈၀၀၀ | ၁၅၀၀၀-၁၆၀၀၀ | ၁၂၀၀၀-၁၈၀၀၀ | ၁၀၀၀၀-၁၁၀၀၀ | ၁၂၀၀၀-၁၃၀၀၀ | ၂၅၀-၂၆၀ | ၂၅၀-၃၀၀ |
| ၇ | ပုသိမ် | ၃၆၀၀ | ၂၄၀၀ | ၂၁၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၁၃၀၀၀-၂၀၀၀၀ | ၂၂၅၀-၂၃၀၀ | ၅၀၀၀-၅၅၀၀ | ၂၁၅၀-၂၂၀၀ | ၁၀၀၀၀-၁၂၀၀၀ | ၁၅၀၀၀-၁၇၀၀၀ | ၁၅၀၀၀-၁၆၀၀၀ | ၁၂၀၀၀-၁၈၀၀၀ | ၁၀၀၀၀-၁၁၀၀၀ | ၁၂၀၀၀-၁၃၀၀၀ | ၂၅၀-၂၇၀ | ၃၀၀-၃၅၀ |

**မှတ်ချက်။ ။အထက်ပါဈေးနှုန်းများသည် အချိန်နှင့်အမျှပြောင်းလဲနိုင်ပါသည်။**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

| ရွှေ | | | |
|---|---|---|---|
| အကယ်ဒမီမီးလင်းရွှေဈေး | တစ်ကျပ်သား ကျပ် | | ၂၉၆၇၀၀၀ |
| ကမ္ဘာ့ရွှေဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | | ၁၉၉၁ |
| စက်သုံးဆီ(လက်လီဈေးနှုန်းများ) | | | |
| စက်သုံးဆီ | (နေပြည်တော်) | (ရန်ကုန်) | (မန္တလေး) |
| ဒီဇယ်(တစ်လီတာ) | ၂၀၄၀ ကျပ် | ၁၉၉၅ ကျပ် | ၂၀၄၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၁၂၀ ကျပ် | ၂၀၇၅ ကျပ် | ၂၁၂၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၁၁၀ ကျပ် | ၂၀၆၅ ကျပ် | ၂၁၁၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၂၀၅ ကျပ် | ၂၁၆၀ ကျပ် | ၂၂၁၀ ကျပ် |

| နိုင်ငံတကာ ငွေကြေးများ | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၆ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၃၁၁ |
| ရုရှား | တစ်ရူဘယ် | ကျပ် | ၂၆ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၇၅ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၅ |

**မှတ်ချက်။ ။အထက်ပါဈေးနှုန်းများသည် အချိန်နှင့်အမျှပြောင်းလဲနိုင်ပါသည်။**

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

### သတိပြုရမည့်အပူဒဏ်အန္တရာယ်များ

**(က) အပူဒဏ်ကြောင့်ပင်ပန်းနွမ်းနယ်ခြင်း (Heat Exhaustion)**

- ဂနာမငြိမ်ခြင်း၊
- ခေါင်းမူးနောက်ခြင်း၊ ခေါင်းကိုက်ခြင်း၊
- တစ်ကိုယ်လုံး နုံးချည့် ပျော့ခွေခြင်းနှင့် ကြွက်တက်ခြင်း၊
- ချွေးအလွန်အကျွံထွက်ခြင်းကြောင့် ခန္ဓာကိုယ်အရေပြားအေး၍စိုစွတ်ခြင်း၊
- ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း။

**(ခ) အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke)**

- ခန္ဓာကိုယ်အပူချိန် အလွန်အကျွံမြင့်တက်လာခြင်း၊
- အရေပြားပူ၍ခြောက်သွေ့ခြင်း (သို့မဟုတ်) ချွေးခန်းခြောက်ခြင်း၊
- ကယောင်ကတမ်းဖြစ်ခြင်း၊
- သတိလစ်ခြင်း၊ တက်ခြင်း။

**အပူဒဏ်အန္တရာယ်ကျရောက်သည့်လူနာကို အရေးပေါ်ရှေးဦးပြုစုခြင်း**

- လူနာကို အရိပ်ရပြီးအေးမြသော နေရာသို့ရွှေ့ထားပါ၊
- လေပန်ကာ၊ လေအေးပေးစက် ဖွင့်ထားပေးပါ၊ မရှိပါက ယပ်ခတ်ပေးပါ၊
- လူနာ၏ ခြေရင်းဘက်ကို မြှင့်ထားပေး၍ ပက်လက်အနေအထားဖြင့်ထားပါ၊
- လူနာ၏ အဝတ်အစားများကို ချွတ်ပါ၊
- လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက်တို့ကို ရေပတ်တိုက်ပါ၊
- လူနာကောင်းစွာသတိရနေပါက ရေအေးအေး(သို့) ဓာတ်ဆားရည်တိုက်ပါ။

**အပူဒဏ်ကြောင့် သတိလစ်ခြင်းဖြစ်ပွားမည့်လက္ခဏာများ ပေါ်ပေါက်ပါက အသက်အန္တရာယ်ထိခိုက်နိုင်သည်။ နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းသို့ ချက်ချင်း ပို့ဆောင်ပါ။**

(ဧပြီလ၊ ၂၀၂၃)

## နိုင်ငံ့ဝန်ထမ်းများ၏ လစာနှုန်းထားတိုးမြှင့်မည်ဟု လူမှုကွန်ရက်စာမျက်နှာတွင် ပျံ့နှံ့နေသည့် ကောလာဟလနှင့်ပတ်သက်၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းထိုက်၏ ရှင်းလင်းပြောကြားချက်

လက်ရှိပြင်ပမှာဖြစ်ပေါ်နေတဲ့၊ သတင်းထွက်ပေါ်နေတဲ့ လစာနှုန်းထားတိုးမြှင့်မယ်ဆိုပြီး ထွက်ပေါ်နေတဲ့သတင်းကတော့ ကောလာဟလပဲဖြစ်ပါတယ်။ လစာနှုန်းထားတွေကတော့ လက်ရှိလစာနှုန်းထားအတိုင်းပဲဖြစ်ပါတယ်။ လက်ရှိနိုင်ငံတော်ရဲ့ ဘဏ္ဍာရေးအခြေအနေအရ လစာနှုန်းထားကိုတိုးမြှင့်ဖို့မရှိသေးကြောင်း ပြောကြားအပ်ပါတယ်ခင်ဗျာ။




## ပြည်သူများကျန်းမာစေဖို့ ဆီစားသုံးမှုလျှော့ချစို့

ဆီကို စားသုံးသင့်သည့်ပမာဏထက် ကျော်လွန်စားသုံးခြင်းနှင့် အရည်အသွေးမပြည့်မီသည့်ဆီများစားသုံးခြင်းတို့ကြောင့်-

- နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ လေဖြတ်ခြင်း စသည့်ကျန်းမာရေး ဆိုင်ရာဆိုးကျိုးများစွာခံစားရစေပါသည်။
- ထိုသို့ ဆိုးကျိုးများစွာခံစားလာရသည်နှင့်အမျှ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုများကိုပါ တွေ့ကြုံစေနိုင်သောကြောင့် ဆီစားသုံးမှုကို လျှော့ချစားသုံးသင့်ပါသည်။

# PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက ကန့်ဘလူမြို့နယ် ပဇီကြီးကျေးရွာနှင့် မြိုင်မြို့နယ် မကြီးကန်ကျေးရွာတို့ရှိ ကျေးရွာဘုန်းကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ကျေးလက်ဆေးပေးခန်းများနှင့် လူနေအိမ်များ အကာကွယ်ရယူ၍ အကြမ်းဖက်မှုများလုပ်ဆောင်၊ လုံခြုံရေးတပ်ဖွဲ့များက အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေးဆိုင်ရာ ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်းများ(Rules of Engagement-ROE)နှင့်အညီ ဆောင်ရွက်





PDF အမည်ခံ အကြမ်းဖက်သမားများက ပဇီကြီးရွာ စာသင်ကျောင်းဝင်းအတွင်း ဆက်သွယ်ရေးမြောင်းများနှင့် ပစ်ကျင်းများ ပြုလုပ်ထားရှိမှုကို တွေ့ရစဉ်။









PDF အမည်ခံ အကြမ်းဖက်သမားများက ပဇီကြီးရွာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ဆက်သွယ်ရေးမြောင်းများနှင့် ပစ်ကျင်းများ ပြုလုပ်ထားရှိမှုကို တွေ့ရစဉ်။

**နေပြည်တော် ဧပြီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ပဇီကြီးကျေးရွာအနီးတွင် PDF အမည်ခံ အကြမ်းဖက်သမားများက ၎င်းတို့၏ အကြမ်းဖက်ဌာနချုပ် NUG ရုံးတည်ဆောက်၍ ဧပြီ ၁၁ ရက်တွင် ဖွင့်ပွဲပြုလုပ်ရန် စီစဉ်လျက်ရှိသဖြင့် အကြမ်းဖက်မှုကိုမလိုလားသည့် ဒေသခံပြည်သူတို့၏ အချိန်နှင့်နေရာတိကျစွာ သတင်းပေးပို့လာမှုအရ တပ်မတော်က လေကြောင်းအကန့်အသတ်ဖြင့် တိုက်ခိုက်ချေမှုန်းခဲ့မှုကို နိုင်ငံပိုင်နေ့စဉ်ထုတ်သတင်းစာများနှင့် ရုပ်မြင်သံကြားတို့က မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာတို့ဖြင့် ဧပြီ ၁၃ ရက်တွင် အပြည့်အစုံဖော်ပြခဲ့ပြီးဖြစ်သည်။

ဖော်ပြပါသတင်းများအရ ရောဝတီမြစ်အရှေ့ခြမ်းတွင် NUG အကြမ်းဖက်အဖွဲ့၏ အရှေ့ဘက်ဌာနချုပ်အဖြစ် အခြေပြုရန် ကြိုးပမ်းလျက်ရှိသော မန်ဝိန်း၊ စီသာ၊ မန်ခါး၊ စီသောင်၊ စီမူလေး၊ စီမူကြီး၊ တုံးကောက်၊ ရွာသစ်ကုန်းနှင့် နမ့်လန်ကျေးရွာများတစ်ဝိုက်ရှိ KIA ရင်း(၁၂)နှင့် PDF အမည်ခံ အကြမ်းဖက်သမားများကို မတ် ၂၃ ရက်မှ ဧပြီ ၈ ရက်ထိ စစ်ဆင်ရေးဆောင်ရွက်ခဲ့ရာတွင် အကြမ်းဖက်အဖွဲ့များထံမှ အလောင်းနှင့် လက်နက်၊ ခဲယမ်းများ သိမ်းဆည်းရမိခဲ့ပြီး ကျေးရွာများအတွင်း ဘုန်းကြီးကျောင်း၊ စာသင်ကျောင်း၊ ကျေးလက်ဆေးပေးခန်းနှင့် လူနေအိမ်များတွင် ဘန်ကာများ၊ ပစ်ကျင်းများနှင့် မိုင်းအတားအဆီးများ ထောင်ထားခဲ့ကြောင်း တွေ့ရှိရသည်။

ဆက်လက်၍ KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ကန့်ဘလူမြို့နယ် ပဇီကြီးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများ၌ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန် ထပ်မံရောက်ရှိနေကြောင်း ဒေသခံပြည်သူများ၏ သတင်းပေးပို့မှုအရ ဧပြီ ၂၀ ရက်တွင် တပ်မတော်စစ်ကြောင်းများ ဖြင့်သွားရောက်၍ လုံခြုံရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သမားများနှင့် ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများ မြောက်ဘက်သို့ ဖရိုဖရဲ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

အဆိုပါကျေးရွာ အနီးတစ်ဝိုက်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက အသေးစိတ်ရှာဖွေစစ်ဆေးခဲ့ရာ ဘုန်းကြီးကျောင်းအုတ်တံတိုင်းအနီးမှ အကြမ်းဖက်သမားအလောင်း လေးလောင်း၊ ကျည်အိမ်နှစ်ခု၊ ၄၀ မမ ဗုံးသီးငါးလုံး၊ သဲအိတ်ဘန်ကာများ၊ ကျောင်းခြစည်းရိုးအနီး ဆက်သွယ်ရေးမြောင်းနှင့် ပစ်ကျင်းများ အကြမ်းဖက်သမားများအသုံးပြုခဲ့သည့် ဆိုင်ကယ်ခုနစ်စီး၊ လူနေတဲများ၊ ၁၂ ဗို့ကျည် ၁၀ တောင့်၊ မိုင်းရှာစက်တစ်လုံး၊ ဘက်ထရီအိုးအကြီးသုံးလုံး၊ ပြောက်ကျားယူနီဖောင်းများနှင့် အခြားဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။

အလားတူ မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်အတွင်း မကြီးကန်ကျေးရွာအနီးတစ်ဝိုက်၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များသည် အကြမ်းဖက်လုပ်ငန်းများလုပ်ဆောင်ရန် ရောက်ရှိနေကြောင်း ဒေသခံများကပင် သတင်းပေးပို့လာမှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဧပြီ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် သွားရောက်တိုက်ခိုက်ချေမှုန်းခဲ့ရာ အကြမ်းဖက်သမားများနှင့် ထိတွေ့မှုဖြစ်ပွားခဲ့ပြီး မိမိဘက်မှ အရာရှိ၊ စစ်သည်တချို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ အဆိုပါကျေးရွာ ကျေးလက်ဆေးပေးခန်းအတွင်းမှ အမ်-၂၂ ကျည်အိမ်မျိုးစုံ ၁၀ ခု၊ တရုတ်လက်ပစ်ဗုံးမျိုးစုံ ၁၈ လုံး၊ ဗုံးသီးမျိုးစုံ လေးလုံး၊ ၁၂ ဗို့ကျည် အတောင့် ၃၀၊ ၅. ၅၆ မမကျည် အတောင့် ၆၀၀၊ ၇. ၆၂ မမကျည် အတောင့် ၁၀၀၊ ရိုင်ဖယ်ကျည် အတောင့် ၅၀၊ ကားမျိုးစုံ လေးစီး၊ ဆိုင်ကယ်မျိုးစုံ အစီး ၂၀၊ ပြောက်ကျားယူနီဖောင်းများ ဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ အဆိုပါကျေးရွာရှိ နေအိမ်များအတွင်းမှ လက်လုပ်ရှော့တိုက်ပြောင်းရှစ်ခု၊ လက်လုပ်မိုင်းစုံ ၄၆ လုံး၊ ယမ်းရှစ်ပိဿာ လေးထပ်၊ လက်တော့ပ် နှစ်လုံးနှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

အထက်ပါဖြစ်စဉ်များတွင် ဒေသခံပြည်သူများ၏ သတင်းပေးပို့မှုနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသွားရောက်၍ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်မှုအရ မြေပြင်တွေ့ရှိချက်များသည် တစ်ထပ်တည်းတွေ့ရှိရပြီး သတင်းပေးပို့လာသည့် အချက်အလက်များအတိုင်း အကြမ်းဖက်အဖွဲ့များသည် ကျေးရွာဘုန်းကြီးကျောင်း၊ စာသင်ကျောင်းများ၊ ကျေးလက်ဆေးပေးခန်းများအတွင်း ဘန်ကာများဆောက်လုပ်ခြင်း၊ ပစ်ကျင်းများတူးထားခြင်း၊ ကျေးရွာပတ်လည်တွင် လက်လုပ်မိုင်းများဖြင့် အတားအဆီး ပြုလုပ်ထားခြင်းများကို တွေ့ရှိရသည်။ ထို့ပြင် အကြမ်းဖက်အဖွဲ့များအနေဖြင့် ၎င်းတို့လှုပ်ရှားသွားလာမှုများတွင် အပြစ်မဲ့ဒေသခံ ရွာသူ၊ ရွာသားများကို အလုည့်ကျခေါ်ဆောင်လိုက်ပါစေပြီး တိုက်ပွဲဖြစ်ပွားချိန်များတွင် ရွာသူ၊ ရွာသားများကို လူသားတံတိုင်း(Human Shield)အဖြစ် အသုံးချလျက်ရှိကြောင်းကိုလည်း မြေပြင်တွေ့ရှိချက်များအရ ဖော်ထုတ်သိရှိရသည်။ ၎င်းတို့အသုံးချနေသော ရွာသူ၊ ရွာသားများ ထိခိုက်သေဆုံးမှုရှိပါက တပ်မတော်အပေါ် မီဒီယာအရ ဝါဒဖြန့်မှုများဖြင့် ဂုဏ်သိက္ခာကျဆင်းအောင် လုပ်ဆောင်လျက်ရှိသည်။

ထို့ပြင် အကြမ်းဖက်သမားများသည် ဧပြီ ၂၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မြကန်သာကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များကို မော်တော်ယာဉ် တစ်စီးပေါ်မှ သံဃာတော်များအသွင်ယူ၍ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်တချို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အဆိုပါဖြစ်စဉ်သည် ပြည်သူလူထုအများစု ကိုးကွယ်ယုံကြည်အလေးထားသော ဘုန်းတော်ကြီးများအသွင် ဟန်ဆောင်ကာ သာသနာ၏ အမြတ်တနိုးတန်ဖိုးထားသော သင်္ကန်းကိုအသုံးချ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များကို အငိုက်ဖမ်းတိုက်ခိုက်မှုသည် ပြည်သူလူထုတစ်ရပ်လုံးအပေါ် စိတ်နှလုံးညှိုးနွမ်းစေရုံသာမက နိုင်ငံတကာတွင်လည်း

**စာမျက်နှာ ၂၃ သို့**



မြိုင်မြို့နယ် မကြီးကန်ကျေးရွာ ကျေးလက်ဆေးပေးခန်း၌ လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရရှိသည့် မှတ်တမ်းဓာတ်ပုံ။

စာမျက်နှာ ၂၂ မှအဆက်

နိုင်ငံ၏ဂုဏ်သိက္ခာကို များစွာကျဆင်းစေသောလုပ်ရပ်ဖြစ်သည်။

PDF အမည်ခံ အကြမ်းဖက်သမားများသည် ပြည်သူလူထုနှင့် တပ်မတော်က လိုလားသော ထာဝရငြိမ်းချမ်းရေးကို မျက်ကွယ်ပြုကာ ၎င်းတို့၏ကိုယ်ကျိုးကို ရှေ့တန်းတင်လုပ်ဆောင်နေသော လက်နက်ကိုင်သောင်းကျန်းသူများ၏ အထောက်အပံ့များကိုရယူကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အလှမ်းကွာဝေးသော ဒေသများတွင် ဒေသခံလူထုကို အနိုင်ကျင့်ခြိမ်းခြောက်၍ ကျေးရွာဘုန်းကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ကျေးလက်ဆေးပေးခန်းနှင့် လူနေအိမ်များတွင် သဲအိတ်၊ ဘန်ကာများ ဆောက်လုပ်ခြင်း၊ ပစ်ကျင်းများတူးခြင်း၊ ပတ်ဝန်းကျင်တွင် လက်လုပ်မိုင်းအတားအဆီးများ ထောင်ထားခြင်းများ ပြုလုပ်လာခဲ့သည်။ ထို့ပြင် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရာ၌ ဘုရားကျောင်းကန်၊ ရဟန်းသံဃာနှင့် သီလရှင်များအပေါ်တွင်လည်း ရက်စက်ယုတ်မာမှုများ လုပ်ဆောင်လာခဲ့ပြီး ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားရာ သင်္ကန်းကိုအသုံးချ၍ အကြမ်းဖက်မှုလုပ်ရပ်များကိုလည်း စက်ဆုပ်ရွံရှာဖွယ်ပြုလုပ်လာကြောင်း တွေ့ရှိရသည်။ အဆိုပါ အများနှင့်သက်ဆိုင်သော စစ်ဘက်နှင့်မသက်ဆိုင်သည့် အဆောက်အအုံနေရာများကို အသုံးချခြင်း၊ ပြည်သူများကို လူသားတံတိုင်းအဖြစ်အသုံးချခြင်းသည့် စစ်ရာဇဝတ်မှု(War Crime)ကို ကျူးလွန်ခြင်းဖြစ်ပြီး ၎င်းတို့၏ ယုတ်မာသောလုပ်ရပ်များနှင့် ပတ်သက်၍လည်း ၎င်းတို့အပေါ် ရွံမုန်းကြောက်ရွံ့နေသည့် ပြည်သူများအနေဖြင့် ရရှိသည့်အခွင့်အရေးအပေါ်မူတည်၍ သတင်းအချက်အလက်များကို လုံခြုံရေးတပ်ဖွဲ့များထံ အဆက်မပြတ် ပေးပို့လျက်ရှိသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် ပြည်သူ၏ အသက်အိုးအိမ်စည်းစိမ်နှင့် အေးချမ်းတည်ငြိမ်စွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးအတွက် ဥပဒေမဲ့လုပ်ရပ်များကျူးလွန်ကာ ပြည်သူအပေါ် နိုင်ထက်စီးနင်း အနိုင်ကျင့်သတ်ဖြတ်နေသော အကြမ်းဖက်အဖွဲ့များကို ဥပဒေနှင့်အညီ အင်အားအကန့်အသတ်ဖြင့် အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေး ဆင်နွှဲနေခြင်းဖြစ်သည်။ ထို့ပြင် လက်နက်ကိုင်ပဋိပက္ခများတွင် လိုက်နာရသည့် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေ၊ အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေးဆိုင်ရာ ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်းများ(Rules of Engagement-ROE) နှင့်အညီ လိုက်နာဆောင်ရွက်လျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် ကာကွယ်စောင့်ရှောက်နိုင်ရေး ပြည်သူလူထုနှင့် လက်တွဲပူးပေါင်းကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။





မြိုင်မြို့နယ် မကြီးကန်ကျေးရွာ ကျေးလက်ဆေးပေးခန်းဝင်းအတွင်း၌ PDF အမည်ခံ အကြမ်းဖက်သမားများ နိုအောင်းနေထိုင်ခဲ့သည့်နေရာကို တွေ့ရစဉ်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၂၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ညောင်ပင်သာကျေးရွာနေ နန်းကြည်ထွေးသည် ၎င်းအသုံးပြုသည့် "Nan Kyi Htwe" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၄၁) တိုးချဲ့ရပ်ကွက်နေ ထက်ထက်လှိုင်(ခ)ထက်ထက်၊ အမှတ်(၃၈) ရပ်ကွက်နေ မေပန်းချီစိုးနောင်(ခ) မေပန်းချီနှင့် ရွှေရည်သိန်းတန်၊ စမ်းချောင်းမြို့နယ် မြေနီကုန်း(မြောက်)ရပ်ကွက်နေ ကျော်မင်းဆွေ(ခ)အံ့ဟိန်း(ခ)ကျော်ပိုင်ဟိန်း၊ ရွှေပြည်သာမြို့နယ် သံဖြူဆိုင်မြို့နယ်နေ မေသက်လင်း၊ အလုံမြို့နယ် ကရင်ခြံရပ်ကွက်နေ စောမင်းထက်အေးတို့သည် ၎င်းတို့အသုံးပြုသည့် "Htet Htet" Face-book အကောင့်၊ "May Panche" Facebook အကောင့်၊ "Shwe Yee Thein Tan" Facebook အကောင့်၊ "Kyaw Min Swe" Facebook အကောင့်၊ "Saw Min Htet Aye" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ကျောက်ဖျာဒိုးကျေးရွာနေ ကောင်းလွင်ထူးသည် ၎င်းအသုံးပြုသည့် "Kaung Lwin Htoo" Facebook အကောင့်၊ အမှတ်(၈)ရပ်ကွက်နေ အိရွှေဇင်ဦး(ခ)Nan Ank Yoon သည် ၎င်းအသုံးပြုသည့် "Nan Ank Yoon (Ma Ma Ei)" Facebook အကောင့်၊ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျိုက္ကသာကျေးရွာနေ နှင်းနှင်းခိုင်(ခ)မနှင်းသည် ၎င်းအသုံးပြုသည့် "Ma Hinn" Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ဇွန် ၂၁ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၅ ဦး တွေ့ရှိ

### ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၄၂၅၈ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၆၅၈ ဦး |

**နေပြည်တော် ဇွန် ၂၁**

ဇွန် ၂၀ ရက် ည ၈ နာရီမှ ယနေ့ ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၁၂၉၉၈ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၅ ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

0w Kv d @

# နှံ့ပေတဲ့ကြာ

လင်းလက်ကြယ်(လက်ပံလှ)




(၁)

ကိုထွန်းအတွက် လုပ်စရာရှိတာတွေ လုပ်ပေးပြီးတော့ ရေမြန်မြန်ချိုးလိုက်တယ်။ ရေချိုးပြီးတော့ အဝတ်အစားမလဲသေးဘဲ ထဘီရင်ရှားနဲ့ သားလေးအတွက် ထမင်းချိုင့်ထည့်နေလိုက်တယ်။

“ဝေရေ၊ မင်းဖုန်းတွေကလဲ လာလိုက်တာ။ အဆက်မပြတ်ဘဲ။ ကိုင်လိုက်ပါလားကွာ”

ကိုထွန်းက ညေ့ခန်းထဲမှာ ထိုင်ရင်းနဲ့ လှမ်းပြောလိုက်တယ်။

“ဈေးဝယ်သူတွေနေမှာပါ ကိုထွန်းရယ်။ သူတို့အတွက် ညကထုပ်ထားပြီးသားပါ။ ဝေ မရောက်သေးလို့ ဖုန်းဆက်ကြတာနေမှာ။ သိတယ်မို့လား ဒါမျိုးကလဲ ဘိန်းသမားလိုပဲလေ”

မီးဖိုချောင်ထဲက ထွက်လာရင်း ကိုထွန်းကို လှမ်းပြောလိုက်တယ်။ ကိုထွန်းက ဝေ့ စကားကြောင့် ပြုံးနေလိုက်တယ်။ ပြီးတော့ အနားမှာရှိတဲ့ထွေးခံကို တုတ်လေးနဲ့စမ်းလိုက်တယ်။ အဲဒီတော့မှ ဝါးထားတဲ့ ကွမ်းသွေးကို ထွေးလိုက်တယ်။ ကိုထွန်းကိုကြည့်ပြီး ဝေလဲ အိပ်ခန်းထဲဝင်သွားလိုက်တယ်။

(၂)

ကိုယ်လုံးပေါ် မှန်ဗီရိုရှေ့မှာရပ်ပြီး ခန္ဓာကိုယ်ကို လှည့်ပတ်ကြည့်နေလိုက်တယ်။ မှန်ထဲမှာပေါ်နေတဲ့ ဝေ့ရဲ့ခန္ဓာကိုယ်ကို ဝေကြည့်ပြီး သဘောကျနေမိတယ်။

“မေမေ ဘာလို့ရယ်နေတာလဲ”

မှန်ကြည့်ပြီးရယ်လိုက်တဲ့ ဝေ့ကို သားလေးက မေးလိုက်တယ်။

“ဘာမှမဟုတ်ပါဘူး သားရယ်”

သားလေးစကားကို ပြန်ဖြေရင်း အခန်းအပြင်ကို ထွက်ခဲ့လိုက်တယ်။

“ကိုထွန်း ဝေတို့သွားတော့မယ်နော်”

ကိုထွန်းက ဝေဘက်ကို လှည့်ကြည့်ပြီး ခေါင်းညိတ်ပြလိုက်တယ်။

“ဝေရယ် အလုပ်လုပ်တာတော့ လုပ်တာပေါ့ မိုးချုပ်တဲ့ထိ မနေပါနဲ့ကွာ။ ကိုယ့်မှာ ဝေ ပြန်မရောက်မချင်း စိတ်ပူနေရတာ”

“အင်းပါ ကိုထွန်းရယ်။ ဝေ့အတွက် ဘာမှမပူပါနဲ့။ ကိုထွန်းသာ ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ပါ”

ကိုထွန်းရဲ့နဖူးလေးကို နမ်းလိုက်ရင်း ဝေ ပြောလိုက်တယ်။ ပြီးတော့မှ သားလေးလက်ကိုဆွဲပြီး ကိုထွန်းအနားကနေ ထွက်ခဲ့လိုက်တယ်။

(၃)

“ချစ်ဝေရယ် စောင့်လိုက်ရတာ။ ဖုန်းခေါ်တော့လဲ ဖုန်းက မကိုင်ဘူး။ ကိုယ့်မှာ ခံတွင်းတွေချဉ်နေပြီ”

ကားဂိတ်နားကို ဝေ့ဆိုင်ကယ်ရပ်တော့ စည်သူက ပြောလိုက်တယ်။ စည်သူ့အပြောကြောင့် ဝေ မျက်စောင်းထိုးလိုက်တယ်။

“ပေးပေး ချစ်ဝေ ကိုယ့်ကိုပေး။ ကို ဝိုင်းသယ်ပေးမယ်”

ဆိုင်ကယ်ပေါ်ကနေဆွဲခြင်းကို ဝေ မလိုက်တော့ စည်သူက ဝေ့ဆီကို အပြေးလာပြီးပြောလိုက်တယ်။ ဝေလဲ စည်သူ့ လက်မောင်းကို အသာရိုက်လိုက်ရင်း

“ဘယ်လို ဖြစ်နေတာလဲ စည်သူရယ်။ လူတွေ တစ်မျိုးထင်ပါအုံးမယ်”

“တစ်မျိုးမထင်ဘူး ဝေရေ။ နှစ်မျိုး ထင်နေကြပြီ။ အဲဒီကောင်ကြီးက မရတော့ဘူးဟ”

သုံးဘီးမောင်းတဲ့ ကိုလှသော်ကပါ ဝေ့ကို လှမ်းပြောလိုက်တယ်။ ဝေလဲ ကိုလှသော်ကိုမျက်စောင်းထိုးရင်း ကွမ်းခုံရှိရာကို သွားလိုက်တယ်။ ဒီလိုစကား၊ ဒီလိုစတာတွေက ဝေ့အတွက်တော့ ရိုးနေပါပြီ။ တချို့က ခင်မင်မှုနဲ့ စကြပေမဲ့ တချို့ကတော့ အရသာခံပြီးစကြတယ်။ ဒါတွေကို ဝေသိပေမဲ့ ဝေ့အခြေအနေက ခပ်ကျောကျောမာထန်ထန်နေရမဲ့အနေအထားမှ မဟုတ်တာ။ ပြီးတော့ ဝေ့ လုပ်ငန်းက ယောကျ်ားတွေနဲ့ ဆက်ဆံရတဲ့အလုပ်လေ။ သူတို့တွေနဲ့ အဆင်ပြေမှ ဝေ့အတွက် ဈေးရောင်းကောင်းမှာလေ။ ဝေ ရောင်းတာက ကွမ်းယာဆိုင်လေ။ ကွမ်းရောင်းတော့ ယောကျ်ားတကာနဲ့ပြောဆိုဆက်ဆံရတာပေါ့။ တချို့ကျတော့လဲ ကွမ်းကြိုက်လို့ စားကြပေမဲ့ တချို့ကျတော့လဲ ရမလားဆိုတဲ့ စိတ်လေးတွေနဲ့ ရိသဲ့သဲ့လုပ်ကြတယ်။ ဒါတွေကို ဝေသိပေမဲ့ အားလုံးကို အလိုက်အထိုက်နဲ့ပေါင်းနေလိုက်တယ်။ အဲဒီအထဲမှာ ပိုဆိုးတာက စည်သူ။ ဝေ့မှာ သားလဲရှိတယ်၊ ယောကျ်ားလဲရှိတယ် ပြောထားတာကို ဝေ့ကို တောက်တဲ့ကပ်သလို လိုက်ကပ်နေတာ။ ဝေက မဖြစ်နိုင်ဘူး ငြင်းတာကို ဝေ့ယောကျ်ားကိုပစ်ပြီး သူ့ကို မပေါင်းနိုင်ရင်တောင် သူ့ကို ချစ်တယ်ဆိုတာ ပြောပေးဆိုပြီး အမြဲပြောနေတယ်။ စည်သူစပြောတုန်းကတော့ စပြောပြောနေတာထင်တာ တဖြည်းဖြည်းနဲ့ အကဲခတ်တော့မှ စည်သူက အတည်ပြောနေတာမှန်းသိတယ်။ စည်သူ့ရဲ့ ရုပ်ရည်နဲ့ဆိုရင် ဘယ်မိန်းကလေးကိုပဲကြိုက်ကြိုက် ပြန်ကြိုက်မဲ့ ရုပ်ရည်မျိုးရယ်။ အသားက ဖြူ၊ အရပ်ကရှည်၊ မပိန်မဝခန္ဓာကိုယ်လေးနဲ့ဆိုတော့ ကြည့်ကောင်းတဲ့ အထဲမှာပါတယ်။ ပြီးတော့ စည်သူက ဒီကားဂိတ်မှာ သုံးဘီးမောင်းတယ်။ ဝေ ဒီကားဂိတ်မှာ ကွမ်းစရောင်းတော့ ပထမဆုံး ဝယ်စားတဲ့သူက စည်သူပါ။ အဲဒီတုန်းက ဝေဖြင့် ပျော်လိုက်ရတာ။ အဆင်မှပြေပါ့မလားလို့ တွေးခဲ့မိတဲ့ စိတ်လေးက စည်သူ့ရဲ့အားပေးမှုကြောင့် မေ့ပျောက်သွားတယ်။ အပျိုတုန်းက ကွမ်းရောင်းခဲ့ပေမဲ့ ကိုထွန်းနဲ့အိမ်ထောင်ကျပြီးကတည်းက မရောင်းတော့တာ။ ကိုထွန်းကလဲ သူနဲ့ယူပြီးတော့ ဝေ့ကိုဘာမှ မလုပ်ခိုင်းတော့ဘူး။ ကိုထွန်းက ကုမ္ပဏီဝန်ထမ်းလေ။ အရောင်းအဝယ်ပိုင်းမှာ မန်နေဂျာရာထူးနဲ့ပေါ့။ ကိုထွန်းရဲ့လစာနဲ့ ဝေတို့မိသားစုလေးဟာ အဆင်ပြေခဲ့တယ်။ ကိုယ်ပိုင်ခြံ၊ ကိုယ်ပိုင်အိမ်လေးနဲ့ သာယာတဲ့ မိသားစုလေးဖြစ်နေခဲ့တယ်။ ဒါပေမဲ့ အဲဒီသာယာတဲ့ မိသားစုလေးကို ကံကြမ္မာမုန်တိုင်းက မထင်မှတ်ဘဲ ဝင်တိုက်ခဲ့တယ်။ ကိုထွန်း အလုပ်ကိစ္စနဲ့နယ်တွေသွားတော့ ကိုထွန်းတို့ကားဟာ တောင်အဆင်းတစ်ခုမှာ မှောက်သွားခဲ့တယ်။ လူက မသေခဲ့ပေမဲ့ ခြေထောက်နှစ်ဖက်ကကျိုးပြီး မှန်ကွဲစတွေကြောင့် မျက်စိတွေထိခိုက်ခဲ့တယ်။ အခြားဒဏ်ရာတွေကပျောက်ခဲ့ပေမဲ့ ကိုထွန်းရဲ့မျက်စိတွေကတော့ ပြန်မမြင်ခဲ့တော့ဘူး။ အခုတော့ အားကိုးရသူ ကိုထွန်းက ဘာမှမလုပ်နိုင်တော့ ရှိတာလေးတွေလဲ ကုန်သလောက်ဖြစ်နေပြီ။ နောက်ဆုံးတော့ ခြံနဲ့အိမ်လေးကို ပြန်ရောင်းကာ အခြားရပ်ကွက်လေးမှာ ဈေးသင့်တဲ့မြေနေရာလေးကိုရှာပြီး ပြန်ဝယ်လိုက်တယ်။ ကိုထွန်းကတော့ သူ့ဘဝဒီလိုတွေဖြစ်နေတော့ စိတ်ဓာတ်တွေကျနေခဲ့တယ်။ ကိုထွန်းကိုအားပေးရင်းနဲ့ ဝေလဲအလုပ်လုပ်ဖို့ဆုံးဖြတ်လိုက်တယ်။ ဝေ ကွမ်းယာပြန်ရောင်းမယ်ပြောတုန်းက ကိုထွန်းက မရောင်းစေချင်ဘူး။ ဒါပေမဲ့ ဘဝက ဒီလိုလုပ်မှ ဒီလိုဖြစ်မယ်ဆိုတာကို သဘောပေါက်တဲ့အတွက် ဝေ့သဘောလို့ နောက်ဆုံးပြောလိုက်တယ်။ အဲဒီနေ့က ကိုထွန်း သက်ပြင်းချတဲ့အသံကို ဝေကြားခဲ့သေးတယ်။

“ဝေဘယ်မှာလဲ ကိုယ့်အတွက်”

စည်သူက ဝေပေးတဲ့ ကွမ်းထုပ်ကိုယူပြီး မေးလိုက်တော့ ဝေ ကြောင်အမ်းအမ်းဖြစ်သွားတယ်။

“အဲဒီမှာလေ”

စည်သူ့အမေးကို စည်သူ့ဆီက ကွမ်းထုပ်ကို ထိုးပြလိုက်တယ်။

“ကိုယ်ပြောတာက ဝေ့ဆီက ချစ်တယ်ဆိုတဲ့စကား”

“ဘာတွေလာပြောနေလဲ မသိဘူး။ သွားလုပ်စရာရှိတာသွားလုပ်အုံး”

စည်သူ့ကို ဝေ့အနားလေးကနေ တွန်းထုတ်လိုက်တယ်။ အဲဒီအချိန် ကိုလှသော်တို့အဖွဲ့တွေကပါ ဝေတို့အဖြစ်ကိုကြည့်ပြီး ရယ်နေကြတယ်။

(၄)

“ဝေရယ် ကိုယ်တို့အပြင်မှာ တစ်ခါလောက် အေးအေးဆေးဆေးတွေ့ရအောင်နော်”

နေ့လယ်နေခင်း လူပါးတဲ့အချိန်၊ ဝေ့ရဲ့ ကွမ်းယာဆိုင်လေးထဲမှာ ဝေနဲ့ စည်သူ နှစ်ယောက်တည်းရှိနေတဲ့အချိန် စည်သူက ပြောလိုက်တယ်။ စည်သူ့အပြောကြောင့် ကွမ်းသီးညှပ်နေရင်း စည်သူ့ကို ကြည့်လိုက်မိတယ်။ ညှိုးငယ်နေတဲ့ မျက်ဝန်းတွေနဲ့ ကြည့်နေတဲ့ စည်သူ့ကိုကြည့်ရင်း ဝေ သနားနေမိတယ်။ ဝေ့ရင်ထဲမှာလဲ စည်သူနဲ့ပတ်သက်ပြီး ခံစားနေမိတယ်။ ချစ်တာလား၊ သနားတာလားဆိုတာ ဝေ ဝေခွဲမရခဲ့ဘူး။ တစ်ခါတလေ စည်သူ့ကို မတွေ့ရရင် ရင်ထဲမှာ တစ်မျိုးကြီးဖြစ်နေမိတယ်။ အဲဒီလို ခံစားရတော့ ကိုထွန်းအပေါ် ကို မချစ်တော့လို့လားဆိုတော့ မဟုတ်ပြန်ဘူး။

“ကိုယ် ပြောတာကို ပြန်ဖြေပါအုံး ဝေရယ်”

စည်သူက ကွမ်းသီးညှပ်နေတဲ့ ဝေ့လက်ကို လှမ်းကိုင်ရင်းပြောလိုက်တယ်။ စည်သူ လက်ကိုင်လိုက်တော့ ဝေ့ရဲ့လက်တွေကို နောက်ဆုတ်လိုက်တယ်။ ပြီးတော့ ပတ်ဝန်းကျင်ကိုလဲလျှောက်ကြည့်လိုက်တယ်။

“ဘယ်သူမှ မမြင်ပါဘူး ဝေရယ်”

စည်သူက ဝေ စိုးရိမ်တာကို သိသွားပြီး ပြန်ပြောလိုက်တယ်။ တကယ်ဆို စည်သူ့ကို ချစ်တယ်ဆိုတဲ့ စကား ဝေမပြောသင့်ခဲ့ဘူး။ အခုတော့ အဲဒီစကားလေးကြောင့်ပဲ ကိုထွန်းအပေါ် ကိုလဲ သစ္စာဖောက်ရာကျသလို စည်သူ့ကိုလဲ မျှော်လင့်ချက်တွေ ပေးနေမိတယ်။ စည်သူကလဲ တဖြည်းဖြည်းနဲ့အဆင့်တွေ တိုးချင်နေတယ်။ အရင်တုန်းက ချစ်တယ်ဆိုတဲ့စကားလေးပဲပြောရင် ကျေနပ်ပြီတဲ့။ နောက်တော့ လူချင်း အေးအေးဆေးဆေးတွေ့ချင်တယ်တဲ့။ အဲဒီစကားကိုတော့ ဝေ ငြင်းဆန်ခဲ့တယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီတွေ့ဆုံမှုရဲ့နောက်မှာ ဖြစ်လာမဲ့အရာတွေကို ကြိုသိနေလို့လေ။ ပြီးတော့ ဝေ့ဘဝမှာ အမျိုးသားနဲ့ နှစ်ယောက်တည်း ချိန်းတွေ့ခဲ့ဖူးတာဆိုလို့ ကိုထွန်းနဲ့ပဲ တွေ့ဖူးတာ။ အဲဒီလိုတွေ့ဖူးတဲ့ ကိုထွန်းနဲ့ပဲ အိမ်ထောင်ကျခဲ့တယ်။ အခု စည်သူက ချိန်းတွေ့ဖို့ပြောနေပြီ။ ဒီလိုစကားကို စည်သူပြောလာတာ လပေါင်းမနည်းတော့ဘူး။ ဝေကလဲငြင်းခဲ့တာ လပေါင်းမနည်းခဲ့ဘူး။ အခုတော့ ဝေငြင်းရမှာလဲ အားနာသလို၊ သနားသလို ဖြစ်နေမိတယ်။

“ဒီတစ်ခါတည်းပါ ဝေရယ်”

စည်သူက ဝေ့ လက်နှစ်ဖက်ကို ဆုပ်ကိုင်ပြောလိုက်တယ်။ ရုတ်တရက်ဆိုတော့ ဝေ လန့်သွားတယ်။

“လွှတ်ပါ စည်သူရယ်။ အဲဒီလို မလုပ်ပါနဲ့”

“အဲဒါဆို ကိုယ်ပြောတာကို လက်ခံလိုက်နော်”

စည်သူ့အပြောကို ဝေ ခေါင်းညိတ်ပေးလိုက်တယ်။ စည်သူကလဲ ဝေ့ လက်နှစ်ဖက်ကို လွှတ်ရင်း ဝေ့အနားကနေ ပျော်ပြီးထွက်သွားလိုက်တယ်။

(၅)

ဒီနေ့မနက်မှာတော့ ဝေ ရင်တွေခုန်နေမိတယ်။ ညက စည်သူနဲ့ဖုန်းပြောပြီးတော့ ကောင်းကောင်း အိပ်မပျော်ခဲ့ဘူး။ ဒီနေ့ဟာ စည်သူနဲ့ချိန်းတွေ့မဲ့နေ့။ နေရာကိုတော့ စည်သူက ဝေ့ သိက္ခာကို ငဲ့ကွက်တဲ့ အနေနဲ့ မန္တလေးမှာ တွေ့မယ်ဆိုပြီး ပြောထားတယ်။ မန္တလေးဆိုတာကလဲ ဝေတို့လက်ပံလှရွာကလေးနဲ့ မိုင် ၅၀ လောက်ဝေးတယ်။

“မဝေ ဒီနေ့အစောကြီးပါလား”

ဝေ ဈေးထဲရောက်တော့ ဟင်းသီးဟင်းရွက်ရောင်းတဲ့ အမေလှက ဝေ့ကို လှမ်းပြောလိုက်တယ်။

စာမျက်နှာ ၂၅ သို့ ➤

# ရေဦးမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၁၄၁၅ ဧက စိုက်ပျိုးပြီးစီး



**ရေဦး ဧပြီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၁၄၁၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

ရေဦးမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါးဧက ၄၀၂၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလက စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ နွေစပါး ၁၄၁၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ရေဦးမြို့နယ်မှာ နွေစပါးဧက ၄၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ နွေစပါး ၁၄၁၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နွေစပါးစိုက်ပျိုးမှုကတော့ မနှစ်ကထက် ပိုပြီးစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနှစ် နွေစပါးဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နည်းပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ပြီးခဲ့သည့် နွေသီးနှံစိုက်ပျိုးရာသီက ရေဦးမြို့နယ်တွင် နွေစပါး ၄၅၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးမြို့နယ်တွင် ယခုနှစ် နွေစပါးစိုက်ပျိုးတောင်သူများအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရန်၊ သဘာဝမြေသြဇာပြုလုပ်သုံးစွဲနိုင်ရန်၊ မိုးသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားမျိုးများ စိုက်ပျိုးကြရန် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# မြောက်ဦးမြို့နယ် ကျေးရွာနှစ်ရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မြောက်ဦး ဧပြီ ၂၁**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ခွေးတောက်ချောင်းကျေးရွာနှင့် နတ်ချောင်းဟောင်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဧပြီ ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြောက်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဦးကျော်ညွန့်၊ မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဦးဘစောနှင့် ခရိုင်၊ မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ခွေးတောက်ချောင်းကျေးရွာနှင့် နတ်ချောင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဦးကျော်ညွန့်က ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။



ခွေးတောက်ချောင်းကျေးရွာနှင့် နတ်ချောင်းဟောင်းကျေးရွာ၌ အရှည်ပေ ၉၀၀၊ အကျယ် ခြောက်ပေ၊ အမြင့်ခြောက်လက်မစီရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများကို VDP စီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၂၀ စုစုပေါင်း ငွေကျပ် သိန်း ၁၂၀ စီဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက နည်းပညာပံ့ပိုးကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

**ကိုသန်း**

➤ စာမျက်နှာ ၂၄ မှအဆက်

"ဟုတ်တယ် အမေလှရေ၊ ဒီနေ့က မန္တလေးကို ဈေးဝယ်သွားရမှာဆိုတော့ ကိုထွန်းနဲ့ သားလေးအတွက် ချက်ပေးဖို့ ဈေးကို စောစောထွက်လာတာ။ ပြီးတော့ အချိန်မရလို့ ညအိပ်ဖြစ်ရင်သားအဖနှစ်ယောက် ဒုက္ခရောက်မှာစိုးလို့ လိုအပ်တာတွေ လာဝယ်တာ"

"သာဓု သာဓု သာဓုပါကွယ်"

"ဟင် အမေလှကလဲ ဝေဖြင့် ဘာမှ မဝယ်သေးဘဲနဲ့ သာဓုခေါ်နေတာ"

အမေလှက သူ့ဆီ ဈေးဝယ်တဲ့သူတွေကို အမြဲတမ်းဆုပေးတတ်တယ်။ ဝေ့ဆို အမေလှဆီ ဈေးဝယ်ရင် အမေလှ ဆုပေးသံလေးကြားမှ ကျေနပ်နေမိတာ။ အခုလဲ ဝေ ဘာမှမဝယ်သေးဘဲနဲ့ အမေလှက ဝေ့ကို သာဓုခေါ်နေတော့ စလိုက်မိတယ်။

"မဟုတ်ပါဘူး မဝေရယ်။ အမေလှ သာဓု ခေါ်တာက မဝေကို မိန်းမမြတ်လေးမို့လို့ လေးစားပြီး ခေါ်လိုက်တာပါ"

အမေလှစကားကြောင့် ဝေ မျက်လုံးပြူးသွားတယ်။

"ဘာဖြစ်လို့လဲဆိုတော့ မဝေဟာ ငယ်ရွယ်သူ ဖြစ်ပြီး ရုပ်ရည်ကလဲ ချောမောပေမဲ့ မျက်မမြင်လင်ယောကျ်ားအပေါ်မှာ မဖောက်မပြန်ဘဲ သစ္စာရှိရှိ လုပ်ကျွေးနေလို့လေ။ ဖြစ်နိုင်ရင် အမေလှတို့ ငယ်ငယ်က လူကြီးသူမတွေပြောပြတဲ့ တော်လေးဝဝင်အမျိုးသမီးတွေထဲမှာ မဝေကို ထည့်ပေးလိုက်ချင်တယ်။ မဝေကြားဖူးလားတော့ မသိဘူး။ အမရာ၊ ကိန္နရီ၊ မဒ္ဒီ၊ သမ္ဗုလဆိုတဲ့ တော်လေးဝဝင်အမျိုးသမီးတွေဟာ ရုပ်ရည်ကြောင့် တော်လေးဝ ဖြစ်ခဲ့တာမဟုတ်ဘူး။သူတို့ဟာ သူတို့ယောကျ်ားတွေအပေါ်မှာ ပါရမီဖြည့်ဖက်ကောင်းပီသစွာနဲ့ ပေါင်းဖက်ခဲ့လို့ပဲ။ သူတို့ယောကျ်ားတွေ ဆင်းရဲတဲ့ဘဝ ရောက်နေပေမဲ့ သူတို့ဟာ ယောကျ်ားတွေနဲ့အတူလိုက်ပြီး အေးအတူပူအမျှ နေထိုင်ခဲ့ကြတယ်။ နောက်ပြီး သူတို့ရဲ့ ကိုယ်စိတ်နှစ်ပါးကို အခြားယောကျ်ားသားတွေက အာဏာနဲ့၊ စည်းစိမ်နဲ့၊ ပညာနဲ့၊ အပြောအဆိုနဲ့၊ ရုပ်ရည်နဲ့မြူဆွယ်စည်းရုံးပေမဲ့လဲ သူတို့ယောကျ်ားကလွဲပြီး ဘယ်ယောကျ်ားအပေါ်မှ သာယာမိန်းမောခြင်းမရှိခဲ့ဘူးကွဲ့။ အခုလဲ မဝေက အဲဒီ အမျိုးသမီးတွေလို ကျင့်ကြံနေထိုင်လို့ အမေလှက သာဓုခေါ်လိုက်တာပါကွယ်"

အမေလှပြောတဲ့စကားကြားရတော့ ဝေ့ကိုယ်ဝေ ရှက်သွားမိတယ်။ စိတ်ထဲကလဲ ငါများပြီဆိုပြီး ပြောလိုက်မိတယ်။ အမေလှကိုလဲ ဘာမှပြန်မပြောတော့ဘဲ အိမ်ကိုပဲ ပြန်ခဲ့လိုက်တယ်။ အိမ်ပြန်လမ်းမှာတော့ အမေလှပြောတဲ့ စကားတွေကို ပြန်ကြားနေရတယ်။

"ကြာဆိုတာက နွံထဲမှာ ပေါက်တော့ အပင်ကို နွံပေပေမဲ့ အပွင့်ကိုတော့ နွံမပေဘူးလေ။ အဲဒီလို ပဲပေါ့ မဝေရယ်။ အမေလှတို့ မိန်းမတွေဟာ ဝမ်းရေးအတွက် ကိုယ့်လင်သားမဟုတ်တဲ့ ယောကျ်ားသားတွေနဲ့ ဆက်ဆံရပေမဲ့လဲ မိန်းမတစ်ယောက်ရဲ့ တန်ဖိုးကိုတော့ ထိန်းရတာမဟုတ်လား။ အပျိုဘဝကလဲ အပျိုတန်ဖိုး၊ အိမ်ထောင်သည်ဘဝရောက်တော့လဲ အိမ်ထောင်သည်တန်ဖိုးကို ထိန်းရတယ်မဟုတ်လား။ မဝေ အခုလိုတန်ဖိုးထိန်းပြီးနေတော့ အမေလှက လေးစားလို့ပါကွယ်"

## မင်္ဂလာစကား

\- စကားပြောလျှင် ပျားသကာတမျှ
ချိုသာလှဖို့ လိုပါတယ်။

\- ရိုင်းပျဖွယ်ရာ မပြောမိအောင်
သတိဆောင်လို့ နေရမယ်။

\- တည်တည်ငြိမ်ငြိမ် အသံထားနဲ့
အမှန်စကားလည်း ဆိုမှကွယ်။

\- မဟုတ်မမှန် မုန်းစကားကို
ယုံစားမိက မှားလိမ့်မယ်။

\- မိဘဆရာ ဆုံးမစကားလည်း
မှတ်သားစွဲမြဲ ကျင့်လို့ရယ်။

\- ကြီးငယ်မဟူ အရေးထားလို့
လေးစားဆက်ဆံ တတ်ရမယ်။

\- အကောင်းမြင်စွာ အမှန်တရားနဲ့
မေတ္တာရှေ့ထား ရှိစေရှယ်။

\- မင်္ဂလာရှိစွာ ပြောဆိုတတ်တော့
လာဘ်လာဘပွင့် တင့်စေမယ်
လိုအင်တွေလည်း ပြည့်စေမယ်
ကျင့်ဖွယ် မှတ်ဖွယ်။ ။

**နိုင်နိုင်နွယ်(ပညာရေး)**

# မြို့သစ်မြို့နယ် သီးပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မြို့သစ် ဧပြီ ၂၁**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကုစားပေးနိုင်ရန်နှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ သီးပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေ ဒသမအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက် ၁၀ နာရီက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သူဇာလွင်က ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကုစားပေးနိုင်ရန်နှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဦးစီးအရာရှိ ဒေါ်သူဇာလွင်နှင့်စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၅၁ ဒသမ ၆၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များက သီးပင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၂၁၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၁ ဒသမ ၆၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သူသူငြိမ်း**

စာပေမြင့်မှ လူမျိုးတင့်မည်

# အိုကလာဟိုးမားပြည်နယ်တွင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် လူသုံးဦးသေဆုံး



ဝါရှင်တန် ဧပြီ ၂၁

အမေရိကန်နိုင်ငံ အိုကလာဟိုးမားပြည်နယ်တွင် ဧပြီ ၁၉ ရက် ညပိုင်းမှစ၍ ပြင်းထန်သောမုန်တိုင်းနှင့်အတူ လေဆင်နှာမောင်းဝင်ရောက်တိုက်ခတ်မှုကြောင့် လူသုံးဦးသေဆုံးခဲ့ကြောင်း CBS News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

အမေရိကန်နိုင်ငံ အလယ်ပိုင်းဒေသများသို့ ဧပြီ ၁၉ ရက် ညပိုင်းမှစ၍ ပြင်းထန်သောမုန်တိုင်းတစ်ခုဝင်ရောက်တိုက်ခတ်ခဲ့ရာ အိုကလာဟိုးမားပြည်နယ်တွင် လူသုံးဦးသေဆုံးခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူအများအပြားရှိခဲ့ကာ ထောင်နှင့်ချီသောပြည်သူများ လျှပ်စစ်ဓာတ်အားပြတ်တောက်ခဲ့ရသည့်အပြင် လာမည့်ရက်များအတွင်း ရာသီဥတုအခြေအနေပိုမိုဆိုးရွားလာနိုင်ဖွယ်ရှိကြောင်း မိုးလေဝသပညာရှင်များက သတိပေးထားကြောင်း သိရသည်။

အမျိုးသားမိုးလေဝသဌာနက ဧပြီ ၁၉ ရက်က အိုကလာဟိုးမား၊ အာကန်ဆက်နှင့် အိုင်အိုဝါပြည်နယ်တို့တွင် မိုးကြိုးမုန်တိုင်းသတိပေးချက်တစ်ရပ်ကို ကြိုတင်ထုတ်ပြန်ပေးခဲ့ပြီးနောက် ၎င်းနေ့ညနေပိုင်းမှစ၍ မုန်တိုင်းစတင်တိုက်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အိုကလာဟိုးမားပြည်နယ်အုပ်ချုပ်ရေးမှူး Kevin Stitt နှင့် တာဝန်ရှိသူများသည် မုန်တိုင်းဒဏ်ခံခဲ့ရသောဒေသများသို့ ဧပြီ ၂၀ ရက်က သွားရောက်၍ ပျက်စီးဆုံးရှုံးမှုပမာဏကို ဆန်းစစ်ခဲ့ကြသော်လည်း ထိခိုက်ဒဏ်ရာရရှိသူအရေအတွက်နှင့် အဆောက်အအုံပျက်စီးဆုံးရှုံးမှု အရေအတွက်ကို အတိအကျသတင်းမထုတ်ပြန်နိုင်သေးကြောင်း အရေးပေါ်စီမံခန့်ခွဲရေးဌာနမှ တာဝန်ခံအရာရှိ Benny Fulkerson က ပြောကြားခဲ့သည်။

မုန်တိုင်းသည် အာကန်ဆက်ပြည်နယ်ကိုဖြတ်သန်း၍ မစ်ဆိုရီပြည်နယ်၊ အီလီနွိုက်ပြည်နယ်နှင့် ဝစ်ကွန်ဆင်ပြည်နယ်တို့သို့ ဆက်လက်ရွေ့လျားလျက်ရှိပြီး ကြီးမားသောမိုးသီးမုန်တိုင်းများနှင့် လေဆင်နှာမောင်းများ ဆက်လက်ဖြစ်ပေါ်နိုင်ကြောင်း အမျိုးသားမိုးလေဝသဌာန ခန့်မှန်းရေးစင်တာမှ ခန့်မှန်းထားကြောင်း သိရသည်။

AZH

# စပိန်နိုင်ငံတွင် မိုးခေါင်မှုကြောင့် လယ်သမားများ သီးနှံဆုံးရှုံးမှုများဖြင့် ရင်ဆိုင်နေရ

မက်ဒရစ် ဧပြီ ၂၁

စပိန်နိုင်ငံတွင် လပေါင်းများစွာ မိုးခေါင်နေမှုကြောင့် လယ်သမားများအနေဖြင့် သီးနှံများဆုံးရှုံးမှုဖြင့် ရင်ဆိုင်နေရပြီး နိုင်ငံအတွင်း သီးနှံစိုက်ဧက စတုရန်းကီလိုမီတာ ၃၅၀၀၀ ကျော် ပျက်စီးခဲ့ကြောင်း တောင်သူလယ်သမားအသင်း၏ သတိပေးကြေညာချက်တစ်ရပ်အရ သိရှိရသည်ဟု China Daily သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

ယခုနှစ် မိုးခေါင်ရေရှားမှုကြောင့် နိုင်ငံ၏ကျေးလက်ဒေသရာခိုင်နှုန်း ၆၀ ကို ထိခိုက်စေခဲ့ပြီး ပြုပြင်၍မရသော ဆုံးရှုံးမှုများဖြစ်ပေါ်နေကြောင်း စပိန်စိုက်ပျိုးရေးကဏ္ဍ၏ ပူးပေါင်းထိန်းညှိရေးအစိုးရအဖွဲ့အစည်းတစ်ခုဖြစ်သည့် (COAG ) မှ ထုတ်ပြန်သောအစီရင်ခံစာသစ်တွင် ဖော်ပြထားကြောင်း သိရသည်။

၂၀၂၂ ခုနှစ်သည် စပိန်နိုင်ငံအတွက် စံချိန်တင်အပူဆုံးနှစ်ဖြစ်ခဲ့ပြီး ၁၉၆၀ ပြည့်နှစ်နောက်ပိုင်းမှစ၍ အပူချိန် ၁ ဒသမ ၃ ဒီဂရီစင်တီဂရိတ်ထိမြင့်တက်ခဲ့ကာ နိုင်ငံအရှေ့မြောက်ဘက် ကက်တလိုနီးယားဒေသ ဘာစီလိုနာမြို့အပါအဝင် လူဦးရေ ၇ ဒသမ ၅ သန်းကျော်နေထိုင်ရာဒေသတွင် ယခုနှစ်စက်တင်ဘာလအတွင်း မိုးခေါင်ရေရှားမှု အရေးပေါ်အခြေအနေသို့ ရောက်ရှိနိုင်ကြောင်း ကတ်တလန် အာဏာပိုင်များက ပြောကြားထားကြောင်း သိရသည်။

စပိန်ဂေဟဗေဒပညာရှင်များက လယ်သမားများအနေဖြင့် ဂျုံနှင့် မုယောစပါးထုတ်လုပ်မှု ဆက်လက်ကျဆင်းနိုင်ပြီး စပါး၊ နေကြာ၊ ဆန်နှင့် ဝါစိုက်ပျိုးရေးလုပ်ငန်းများတွင်လည်း ရေလိုအပ်ချက်များဖြစ်ပေါ်လျက်ရှိရာ ထုတ်လုပ်မှုလုပ်ငန်းများ ထိခိုက်မှုဖြစ်ပေါ်နိုင်ကြောင်း သတိပေးထားသည်။

"ရက်အနည်းငယ်အတွင်း မိုးရွာသွန်းမှုမရှိရင် ဆောင်းသီးနှံတွေရော မိုးသီးနှံတွေပါ သိသိသာသာ အထွက်နှုန်းကျဆင်းသွားမှာပါ"ဟု ဇာရာဂိုဇာဂေဟဗေဒသိပ္ပံမှ သုတေသီ Sergio Vicente-Serrano က ပြောကြားခဲ့သည်။

သုံးနှစ်နီးပါး မိုးခေါင်မှုကြောင့် ကက်တလိုနီးယားဒေသတွင် ရေလှောင်ကန်များ ရေသိုလှောင်နိုင်မှုပမာဏ ၂၇ ရာခိုင်နှုန်းထိ ကျဆင်းသွားခဲ့ရာ စပိန်အစိုးရအနေဖြင့် ရေသုံးစွဲမှုကန့်သတ်ရေးလုပ်ငန်းများဆောင်ရွက်ရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။ AZH

# အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က အမေဇုန်သစ်တောပြုန်းတီးမှုလျှော့ချရေး ပါဝင်ကူညီမည်ဟုဆို

ဝါရှင်တန် ဧပြီ ၂၁

အမေရိကန်နိုင်ငံ ဝါရှင်တန်တွင် ဧပြီ ၂၀ ရက်က ကျင်းပခဲ့သည့် စွမ်းအင်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အဓိကစီးပွားရေးဖိုရမ် (MEF) တွင် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် တက်ရောက်သွားခဲ့ပြီး ရာသီဥတုဖောက်ပြန်မှုထိန်းသိမ်းရေးဆိုင်ရာစီမံချက်အရ ကမ္ဘာ့ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးအတွက် အဓိကကျသည့် အမေဇုန်သစ်တောပြုန်းတီးမှု လျှော့ချရေး ပါဝင်ကူညီသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု ITV သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ဂျိုးဘိုင်ဒင်သည် ကမ္ဘာ့ရာသီဥတုဖောက်ပြန်မှု ထိန်းချုပ်ရေးအတွက် အရေးပါသည့် ဘရာဇီးနိုင်ငံ အမေဇုန်သစ်တောပြုန်းတီးမှုကာကွယ်ရေးအတွက် နှစ်စဉ်ရန်ပုံငွေထည့်ဝင်သွားမည်ဖြစ်ကြောင်း ကတိပေးပြောကြားခဲ့သည်။

"နိုင်ငံတိုင်းအတွက် အန္တရာယ်ရှိတဲ့ ရာသီဥတုဖောက်ပြန်မှုပြဿနာနဲ့ ရင်ဆိုင်နေရပါတယ်။ ဒီအန္တရာယ်ကို ကျော်လွှားနိုင်ဖို့အတွက် ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးစီမံချက်မှာ ပါဝင်သွားဖို့ ကတိကဝတ်ပြုထားတဲ့ နိုင်ငံအားလုံး စီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်သွားသင့်ပါတယ်။ အဓိကအရေးကြီးဆုံးကတော့ ကမ္ဘာမြေကြီးပူနွေးမှု ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်ထက် မကျော်လွန်စေရေးအတွက် အရှိန်အဟုန်နဲ့ ဆောင်ရွက်သွားသင့်ပါတယ်"ဟု MEF ဖိုရမ်တွင် အမေရိကန်သမ္မတဂျိုးဘိုင်ဒင်က ပြောကြားခဲ့သည်။



အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် အမေဇုန်သစ်တောပြုန်းတီးမှုထိန်းချုပ်နိုင်ရေးအတွက် ရန်ပုံငွေအဖြစ် အမေရိကန်ဒေါ်လာ ၁ ဘီလီယံထိကူညီသွားရန် စီစဉ်နေပြီး အမေရိကန်ဒေါ်လာ ၁ ဘီလီယံ ပြည့်မြောက်ရန်အတွက်လည်း နှစ်စဉ်အချိုးကျထွက်ချက်ကာ ထည့်ဝင်ပေးသွားမည်ဖြစ်ကြောင်း သမ္မတဂျိုးဘိုင်ဒင်က အစည်းအဝေးပွဲတွင် ပြောကြားခဲ့သည်။

နိုင်းဆက်

# မဟာရက်ရှ်ထရာပြည်နယ်တွင် အပူလှိုင်းဖြတ်သန်းမှုကြောင့် စာသင်ကျောင်းများ ယာယီပိတ်ထား

နယူးဒေလီ ဧပြီ ၂၁

အိန္ဒိယနိုင်ငံ မဟာရက်ရှ်ထရာပြည်နယ်တွင် အပူလှိုင်းဖြတ်သန်းကာ အပူချိန်စံချိန်တင်မြင့်တက်နေသည့်အတွက် စာသင်ကျောင်းများကို ဧပြီ ၂၀ ရက်မှစတင်၍ ယာယီပိတ်ထားကြောင်း မဟာရက်ရှ်ထရာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု Outlook India သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

မဟာရက်ရှ်ထရာပြည်နယ်ပညာရေးဝန်ကြီးဌာနကလည်း အပူချိန် မြင့်တက်နေသည့်အတွက် ကျောင်းသား၊ ကျောင်းသူများ အန္တရာယ်ရှိနိုင်သောကြောင့် စာသင်ကျောင်းများကို ယာယီပိတ်ထားရန် ဆုံးဖြတ်ခဲ့ကြောင်း၊ ရာသီဥတုအခြေအနေပေါ် မူတည်၍ စာသင်ကျောင်းများကို ပြန်လည်ဖွင့်လှစ် သွားမည်ဖြစ်ကြောင်း သိရသည်။

"အပူလှိုင်းတွေ ဖြတ်သန်းပြီး အပူချိန်တွေ မြင့်တက်လာမှုကြောင့် နွေရာသီအတန်းတွေကို ယာယီပိတ်ထားမှာ ဖြစ်ပါတယ်။ ဘယ်အချိန်ပြန်ဖွင့်နိုင်မလဲဆိုတာတော့ မပြောနိုင်သေးပါဘူး။ ဇွန် ၁၅ ရက်မှာ ပြန်လည်စတင်မဲ့ စာသင်နှစ်မှပဲ ပြန်ဖွင့်နိုင်မဲ့အခြေအနေဖြစ်နေပါတယ်။ အပူချိန်မြင့်မားနေတဲ့အချိန် အတန်းတက်ဖို့ဆိုတာ အန္တရာယ်ရှိနိုင်တဲ့အတွက် စာသင်ကျောင်းတွေကို ယာယီပိတ်ဖို့ ဆုံးဖြတ်ရတာလဲဖြစ်ပါတယ်"ဟု မဟာရက်ရှ်ထရာပြည်နယ် ပညာရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

နွေရာသီအတန်းတက်နေသည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အပူချိန်မြင့်တက်မှုကြောင့် အတန်းချိန်တက်စရာမလိုဘဲ ဇွန် ၁၅ ရက်တွင် ပြန်လည်စတင်မည့်စာသင်နှစ်မှသာ ကျောင်းပြန်တက်ရဖွယ်ရှိနေကြောင်း၊ မဟာရက်ရှ်ထရာပြည်နယ်တွင် အပူချိန်မြင့်တက်မှုကြောင့် ဧပြီလအတွင်း သေဆုံးသူ ၁၆ ဦးထိရှိနေခြင်းကြောင့်လည်း သေဆုံးသူဆက်လက်မြင့်တက်မလာစေရေးအတွက် လူစုလူဝေးဖြစ်စေမည့်ကိစ္စရပ်များကို ရှောင်ရှားရန်လည်း ပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက ညွှန်ကြားခဲ့သည်။

အပူလှိုင်းဖြတ်သန်းကာ အပူချိန်မြင့်တက်မှုကြောင့် မဟာရက်ရှ်ထရာပြည်နယ်အတွင်း အပူချိန်မှာ ၃၈ ဒသမ ၅ ဒီဂရီစင်တီဂရိတ်မှ ၄၂ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေကြောင်း သိရသည်။ နိုင်းဆက်

# ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်အတွင်း ကမ္ဘာ့အပူချိန် စံချိန်တင်မြင့်တက်လာဖွယ်ရှိနေ

ဘရပ်ဆဲလ် ဧပြီ ၂၁

ဘယ်လ်ဂျီယံနိုင်ငံ အခြေစိုက် ဥရောပသမဂ္ဂအဖွဲ့အစည်းလက်အောက်ခံ ကိုပါနီကပ်ရာသီဥတုပြောင်းလဲမှုဦးစီးဌာန(CCCS) မှ သုတေသီများက ရာသီဥတုပြောင်းလဲမှုနှင့်ပတ်သက်ပြီး သုတေသနလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ CCCS မှ သုတေသီများ၏ သုတေသနရလဒ်အရ ရာသီဥတုဖောက်ပြန်မှုကြောင့် ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်အတွင်း တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် အပူချိန်စံချိန်တင်မြင့်တက်မှုပြဿနာဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း သတိပေးချက်ထုတ်ပြန်သွားခဲ့သည်ဟု Euro News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

အယ်လ်နီညိုရာသီဥတုကြောင့် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် အပူချိန် မြင့်တက်လာမည်ဖြစ်သည်ဟု CCCS မှ သုတေသီများက သုတေသနရလဒ်နှင့်တကွ ထုတ်ပြန်ခဲ့ကြောင်း၊ အယ်လ်နီညိုရာသီဥတုသည် ယခုနှစ် နွေရာသီတွင် စတင်ဖြစ်ပေါ်လာနိုင်ပြီး သမုဒ္ဒရာရေမျက်နှာပြင်များလည်း အပူချိန်မြင့်တက်လာဖွယ်ရှိနေကြောင်း CCCS မှ သုတေသီများက သတိပေးခဲ့သည်။

"ရာသီဥတုပြောင်းလဲမှုတွေကြောင့် အယ်လ်နီညိုရာသီဥတုတွေ ဖြစ်ပေါ်လာနိုင်ပါတယ်။ အယ်လ်နီညိုရာသီဥတုကြောင့် သမုဒ္ဒရာမျက်နှာပြင်ပူနွေးမှုတွေ ဖြစ်ပေါ်လာနိုင်တယ်။ အယ်လ်နီညိုရာသီဥတုဟာ ဒီနှစ်နွေရာသီအတွင်း စတင်မှာဖြစ်ပြီးတော့ နှစ်ကုန်ပိုင်းထိ ဖြစ်ပေါ်လာနိုင်ပါတယ်။ အယ်လ်နီညို ရာသီဥတုကြောင့် ၂၀၂၃ ခုနှစ်နဲ့ ၂၀၂၄ ခုနှစ်မှာ တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ အပူချိန်တွေ စံချိန်တင်မြင့်တက်လာနိုင်ပါတယ်။ စံချိန်တင်အပူချိန်မြင့်တက်ဖို့က ရာခိုင်နှုန်းများနေပါတယ်"ဟု CCCS ၏ ဒါရိုက်တာဖြစ်သူ ကာလိုဘွန်တမ်ပိုက ပြောကြားခဲ့သည်။

အယ်လ်နီညိုရာသီဥတုသည် နွေရာသီအတွင်း ဖြစ်ပေါ်လာပြီးပါက နှစ်ကုန်ပိုင်းထိ ဖြစ်ပေါ်နိုင်သလို နှစ်ကုန်ပိုင်းတွင်လည်း အယ်လ်နီညိုရာသီဥတုအခြေအနေမှာ ပိုမိုဆိုးရွားလာနိုင်ကြောင်း CCCS မှ သုတေသီများက သုတေသနရလဒ်နှင့်တကွ ဖော်ပြခဲ့သည်။

နိုင်းဆက်

# ရခိုင်ပြည်နယ်မှ ရေထွက်ကုန် ကဏန်းများ တရုတ်နိုင်ငံသို့ စစ်တွေ-မန္တလေး-မူဆယ် လမ်းကြောင်းအတိုင်းတင်ပို့လျက်ရှိပြီး ဈေးကောင်းရရှိနေ



**စစ်တွေ ဧပြီ ၂၁**

ရခိုင်ပြည်နယ်မှ ရေထွက်ကုန် ကဏန်းများ တရုတ်နိုင်ငံသို့ စစ်တွေ-မန္တလေး-မူဆယ် လမ်းကြောင်းအတိုင်း တင်ပို့လျက်ရှိပြီး ဈေးကောင်းရရှိနေကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် (ရခိုင်ပြည်နယ်)မှ ဇဟိုအလုပ်အမှုဆောင် ဦးထွန်းချေက ပြောပြ၍ သိရသည်။

ထိုကဲ့သို့ ရခိုင်ပြည်နယ်မှ ရေထွက်ကုန် ကဏန်းများကို တရုတ်နိုင်ငံသို့ တိုက်ရိုက်တင်ပို့ရာတွင် စစ်တွေ-မန္တလေး-မူဆယ် လမ်းကြောင်းအတိုင်း တင်ပို့လျက်ရှိပြီး ကဏန်းများ ဈေးကောင်းရနေသည့်အပြင် တစ်ရက်လျှင် ကုန်တင်ယာဉ် ခြောက်ဘီးကား လေးစီးခန့်ဖြင့် ကဏန်းများတင်ပို့နေရကြောင်း သိရသည်။

"ကဏန်း တစ်ကီလိုဂရမ်ကို မြန်မာငွေနဲ့ဆိုရင် ငွေကျပ် ၁၅၀၀၀ ကနေ ငွေကျပ် ၂၀၀၀၀ လောက်ထိ ဈေးရပါတယ်။ ကဏန်းရှာတဲ့သူတွေကလဲ ဈေးကောင်းရနေတဲ့အတွက် အဆင်ပြေပါတယ်။ ကဏန်းကားကတော့ လမ်းခရီး တစ်လျှောက် သွားရ၊ လာရ အဆင်ပြေတယ်။ တစ်ရက်ကို ခြောက်ဘီးကား သုံးစီးနဲ့လေးစီးကြား (တန် ၆၀ လောက်) မူဆယ်ကို တင်ပို့နေပါတယ်"ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် (ရခိုင်ပြည်နယ်)မှ ဇဟိုအလုပ်အမှုဆောင် ဦးထွန်းချေက ပြောပြသည်။

ရခိုင်ပြည်နယ်တွင် ကဏန်း မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်းကို စစ်တွေ၊ တောင်ကုတ်၊ ကျောက်ဖြူ မြို့နယ်တို့တွင် အဓိကမွေးမြူလျက်ရှိပြီး ကဏန်းပျော့များကို ဂျပန်၊ တရုတ်(တိုင်ပေ)၊ ဟောင်ကောင်၊ စင်ကာပူ၊ မလေးရှားနှင့် အီးယူနိုင်ငံများသို့ ပင်လယ်ရေကြောင်းမှ တင်ပို့လျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်သည် ပင်လယ်ကမ်းခြေဒေသဖြစ်ပြီး ရေထွက်ပစ္စည်းများဖြစ်သည့် ငါး၊ ပုစွန်၊ ကဏန်းလုပ်ငန်းများကို အဓိကထားလုပ်ကိုင်နေရကြောင်း သိရသည်။

ASH

# လှိုင်းဘွဲ့မြို့နယ် ရွာသာအေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**လှိုင်းဘွဲ့ ဧပြီ ၂၁**

ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ရွာသာအေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကရင်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးရန်မျိုးနိုင်နှင့် ခရိုင်၊ မြို့နယ်တာဝန်ရှိသူများက မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့် အတူ ရွာသာအေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊မရှိနှင့် စီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူး ဦးရန်မျိုးနိုင်က အတိုးငွေများကို သတ်မှတ်ကာလအတွင်း အချိန်မီပေးသွင်းနိုင်ရေး ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ရွာသာအေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်က ငွေကျပ်သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အရင်း၊ အတိုးငွေ စုစုပေါင်း ၃၂ ဒသမ ၉၇၂ သန်းရရှိနေပြီး ဒုတိယအကြိမ်အဖြစ် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၂၇ သိန်း ထုတ်ချေးပေးထားကြောင်း ပြည်နယ်ဦးစီးမှူး ဦးရန်မျိုးနိုင်ထံမှ သိရသည်။

**အိုအို**

# ရွှေသောင်ယံကမ်းခြေသို့ သင်္ကြန်ရုံးပိတ်ရက်အတွင်း ခရီးသွား ၅၆၉၄၄ ဦး လာရောက်လည်ပတ်ခဲ့

**ပုသိမ် ဧပြီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့ရှိ ရွှေသောင်ယံကမ်းခြေသို့ သင်္ကြန်ကာလ ရုံးပိတ်ရက်အတွင်း ပြည်တွင်း၊ ပြည်ပခရီးသွား ၅၆၉၄၄ ဦး လာရောက်လည်ပတ်ခဲ့ကြောင်း ပုသိမ်မြို့နယ် ခရီးသွားလုပ်ငန်းအသင်းမှ သိရသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ခရီးသွားဒေသများတွင် တစ်ခုအပါအဝင်ဖြစ်သည့် ရွှေသောင်ယံမြို့ရှိ ရွှေသောင်ယံကမ်းခြေသို့ သင်္ကြန်ကာလ ဧပြီ ၁၂ ရက်မှ ၁၇ ရက်ထိ ရုံးပိတ်ရက်ကာလအတွင်း ပြည်တွင်း၊ ပြည်ပ ခရီးသွား ၅၆၉၄၄ ဦး လာရောက်လည်ပတ်ခဲ့ပြီး သင်္ကြန်ကာလမတိုင်မီ မတ်လအတွင်းက ပြည်တွင်း၊ ပြည်ပ ခရီးသွား ၁၈၅၄၄ ဦးထိသာ လာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

"ရွှေသောင်ယံကမ်းခြေကို ဧပြီ ၁၂ ရက် အခါသင်္ကြန် ရုံးပိတ်ရက်ကနေ စတင်ပြီး လာရောက်သူတွေများခဲ့ပါတယ်။ ခရီးသွားတွေက ဧပြီ ၁၇ ရက်ထိကို မပြတ်လာခဲ့တာပါ။ အခြား ပိတ်ရက်တွေနဲ့ယှဉ်ရင် သင်္ကြန်ပိတ်ရက်က လာရောက်လည်ပတ်တဲ့သူတွေ တော်တော်များခဲ့ပါတယ်။ ဒီနှစ် ရွှေသောင်ယံကမ်းခြေကို လာမဲ့မိုးရာသီ မရောက်မီထိ ခရီးသွားတွေ လာရောက်နေလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။ ကမ်းခြေကိုလာတဲ့ ဧည့်သည်တွေများတော့ ဟိုတယ်တွေနဲ့အခြား ကမ်းခြေကလုပ်ငန်းတွေ ပိုမိုအဆင်ပြေတာတွေ့ရပါတယ်"ဟု ပုသိမ်မြို့နယ် ခရီးသွားလုပ်ငန်းအသင်းမှ ဧည့်လမ်းညွှန်တာဝန်ခံ ဒေါ်ကေကေခိုင်က ပြောပြသည်။



ရွှေသောင်ယံကမ်းခြေသို့ သင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း လာရောက်လည်ပတ်ခဲ့သည့် ခရီးသွား ၅၆၉၄၄ ဦးတွင် ရန်ကုန်တိုင်းဒေသကြီးမှ အများဆုံး လာရောက်လည်ပတ်ခဲ့ကြောင်း၊ အဆိုပါကမ်းခြေတွင် ဟိုတယ်နှင့် တည်းခိုရိပ်သာအလုံးရေ စုစုပေါင်း ၂၀ ကျော်ဖြင့် ခရီးသွားများကို ဝန်ဆောင်မှုပေးနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဇီးကုန်းမြို့နယ် သပြေစမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဇီးကုန်း ဧပြီ ၂၁**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာကာ ဆင်းရဲမှုလျော့ကျလာစေရန်ရည်ရွယ်၍ သပြေစမ်းကျေးရွာနှင့် သာလိကာကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက သပြေစမ်းကျေးရွာရှိ စုရပ်၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နိုင်နိုင်ဝင်းနှင့် ဝန်ထမ်းများက သပြေစမ်းကျေးရွာနှင့် သာလိကာကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး ကျေးလက်နေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ အသင်းသား၊ အသင်းသူများ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေ ပြည်သူများ၏တာဝန်များ၊ ရပိုင်ခွင့်များအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဖြိုးသီရိဝေက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး သပြေစမ်းကျေးရွာနှင့် သာလိကာကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၉ ဒသမ ၇၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက သပြေစမ်းကျေးရွာနှင့် သာလိကာကျေးရွာ တို့အတွက် နဝမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၈၄ ဦးကို ငွေကျပ် ၃၄ ဒသမ ၆၆ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၇ ဦးကို ငွေကျပ် ၁၅ ဒသမ ၀၉ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၉ ဒသမ ၇၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညီ**

# ချောက်မြို့နယ် ခပေါင်းစမ်းကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ချောက် ဧပြီ ၂၁**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေကို အိမ်တိုင်ရာရောက် ရယူသုံးစွဲနိုင်ရေးအတွက် ချောက်မြို့နယ်သံဘိုကျေးရွာအုပ်စု ခပေါင်းစမ်းကျေးရွာ၌ အိမ်တိုင်ရာရောက်ရေမီတာသုံး ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဧပြီ ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်နှင့် ချောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက ခပေါင်းစမ်းကျေးရွာ သောက်သုံးရေရရှိရေးကော်မတီဝင်များနှင့်အတူ အိမ်တိုင်ရာရောက် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်က ကျေးရွာသောက်သုံးရေ ရရှိရေးကော်မတီဝင်များနှင့်တာဝန်ရှိ ရပ်မိ၊ ရပ်ဖများကို လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲစေရေး ဝိုင်းဝန်း ထိန်းသိမ်းကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ချောက်မြို့နယ် သံဘိုကျေးရွာအုပ်စု ခပေါင်းစမ်းကျေးရွာ၌ အရှည်ပေ ၈၆၆၂၈၀ ရှိ အိမ်တိုင်ရာရောက် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နည်းပညာများပံ့ပိုးမှု၊ ယူနီဆက်က လိုအပ်သောရေပိုက်များ ပံ့ပိုးပေးမှု၊ ကျေးရွာမှလုပ်အားပူးပေါင်းပါဝင်မှု (ပြည်သူ+ကျေးလက်+ယူနီဆက်)ဖြင့် ယခုနှစ် မတ်လ ပထမပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်သဖြင့် ခပေါင်းစမ်းကျေးရွာရှိ အိမ်ခြေ ၁၀၃ အိမ်၊ လူဦးရေ ၄၅၇ ဦးတို့ အိမ်တိုင်ရာရောက် သန့်ရှင်းသော သောက်သုံးရေကို ရာသီမရွေး အလွယ်တကူ ရရှိမည်ဖြစ်ပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ချောက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်က ပြောပြ၍ သိရသည်။

**နွံ့ယဉ်**

စာအုပ်စာပေ လှူမိတ်ဆွေ

# မင်းအောင်၏ မိုးအောက်မြေပြင်

## ပုသိမ်အောင်သန်းဦး

မင်းအောင်၏ မိုးအောက်မြေပြင်လုံးချင်းဝတ္ထုစာအုပ်သည် မြန်မာနိုင်ငံ လွတ်လပ်ရေးရသည့် ၁၉၄၈ ခုနှစ်တွင် ပေါ်ပေါက်လာသည့် ဝတ္ထုဖြစ်ရုံမက စာပေဗိမာန်ဆု ပထမဆုံးရရှိသည့် ဝတ္ထုရှည်ဖြစ်သည်။ ဇာတ်လမ်းအကျဉ်းချုံးမှာ-

ဖခင် ဦးသာလှက သား အောင်စိုးကို နိုင်ငံရေးနှင့်လူမှုရေးလုပ်ငန်းများလုပ်ကိုင်လိုပါက သူ၏ဇာတိရွာ ကံကြီးစုတွင်သွားရောက်လုပ်ကိုင်ရန် ညွှန်ကြားခဲ့သည်။ အောင်စိုးသည် အင်္ဂလိပ်ကို မောင်းထုတ်ရာတွင်လည်းကောင်း၊ ဂျပန်ကိုတော်လှန်ရာတွင်လည်းကောင်း ဗမာ့တပ်မတော်ထဲတွင် ဝင်ရောက်အမှုထမ်းခဲ့သူဖြစ်သည်။

ဖခင်ကွယ်လွန်ပြီး ခြောက်လခန့်အကြာတွင် ကံကြီးစုရွာသို့ ထွက်ခွာခဲ့သည်။ လမ်းတွင် မြို့မှ ဈေးဝယ်ပြန်လာသော နှင်းနုတို့ပစ္စည်းများကို လှည်းပေါ်တင်ယူလာခဲ့သည်။

နှင်းနု၏ဖခင် ဦးစံကဲမှာ အရပ်တစ်ပါးသို့ သွားရောက်အလုပ်လုပ်နေခဲ့ရာမှ ဇနီးသည် သေဆုံးကြောင်းသိရလျှင် ရွာသို့အမြန်ပြန်လာရာ သင်္ဂြိုဟ်စရိတ်အတွက် လယ်တစ်ကွက်ကို မြေရှင် ရွာသူဌေး ဦးကျော်စွာထံ ပေါင်နှံခဲ့ရသည်။ နှစ်နှစ်ခန့်အကြာ ထိုလယ်ကို ချွေးနဲ့စာဖြင့် ပြန်လည်ရွေးယူသောအခါ ရွေး၍မရတော့။ ဦးကျော်စွာက ထိုလယ်ကွက်ကို သူအပေါင်ခံခဲ့ခြင်းမဟုတ်၊ အပြီးအပြတ် ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း ရင့်ကျက်သောသမာဓိဖြင့် ဆိုလေသည်။ ဦးစံကဲ မခံမရပ်နိုင်ဖြစ်၍ ရုံးတက်တရားစွဲရာ ထူးခြားမှုမရှိရုံမက ရှိစုမဲ့စု လယ်ကိုးဧက၊ ၁၀ ဧကအနက် တစ်ဝက်လောက်ပြုတ်သောအခါ တရားစွဲခြင်းကို အလျှော့ပေးကာ ရပ်လိုက်ရတော့သည်။

အင်္ဂလိပ်ပြန်ဝင်ပြီး တစ်နှစ်ခန့်အကြာ ဦးစံကဲ နွားခိုးမှုဖြင့် အဖမ်းခံရပြန်သည်။ ဦးစံကဲအပေါ် အငြိုးထားသူတစ်ဦး၏ ချောက်တွန်းမှုကြောင့်ဖြစ်သည်။ ဤအမှုအတွက် လင့်စင်ကုန်းရွာမှ မြေပိုင်ရှင် ဦးလူကျော်ထံမှ ငွေ ၂၀၀ ချေးရပြန်သည်။ အမှုမှ လွတ်သောအခါ ဦးစံကဲသည် အလုပ်နှင့်လက် မပြတ်အောင်လုပ်ပြီး ကြွေးကိုဆပ်သည်။

ကြွေးကို အပြီးအပိုင်ဆပ်နိုင်ရန် အားခဲလျက် အခြားတစ်နယ်သို့ လှတိုက်လိုက်သည်။ သုံးလခန့်ထိ ပြန်မလာသဖြင့် စုံစမ်းသောအခါ ရွာပြန်ခါနီး ၁၀ ရက်ခန့်အလိုတွင် ပန်းဖျား ဖျားပြီး သုံးရက်အတွင်း ကွယ်လွန်သွားကြောင်း သိရသည်။

ဖခင်မရှိသောအခါ နှင်းနုသည် အိမ်ထောင်ဦးစီးဖြစ်လာသည်။ လယ်ငါးဧကကို သူများနှင့်လက်စားလိုက်လုပ်ရသည်။ စပါးပေါ်သောအခါ ဦးလူကျော်၏ကြွေးကို ဖွဲ့ဆပ်ရသည်။ ငွေ ၂၅၀ ထိ ဆပ်ပြီးသော်လည်း ကြွေးက မကျေသေးဟုဆိုသည်။ ထို့ကြောင့် ဦးလူကျော်တို့သားအဖရန်ကို နှင်းနု ကြောက်နေရသည်။

ဤအချိန် ကံကြီးစုရွာသို့ အောင်စိုးရောက်လာပြီး ရွာသားများကိုဖိတ်ခေါ်ကာ စာကြည့်တိုက်ဖွင့်လှစ်ရန်၊ စာသင်ကျောင်းဆောက်ရန်နှင့် စုပေါင်းစပါးကျီဖွင့်ရန်တို့ကို စည်းရုံးသည်။ ရွာသားများသဘောတူကြသည်။ နှင်းနုကား အောင်စိုးကိုပို၍ လေးစားအထင်ကြီးမိသည်။

သည်ကြားထဲ နှင်းနုမောင်လေး မှတ်ထူး အပြင်းဖျားပြီးဆုံးသည်။ အောင်စိုးက ဆေးကုရန် ငွေ ၁၅၀ ထုတ်ပေးသော်လည်း အသက်ကို မကယ်နိုင်၊ သို့သော် အောင်စိုးတည်ထောင်သော စာကြည့်တိုက်နှင့် စာသင်ကျောင်းတို့ အကောင်အထည်ပေါ်လာသည်။

သူတို့ပေးရမည့် ကြွေးကိစ္စလည်း မပြီးပြတ်သေး။ ကြွေးကိစ္စနှင့်ပတ်သက်၍ အောင်စိုးက ပူပန်စရာမလိုကြောင်း၊ သူဖြေရှင်းပေးမည်ဖြစ်ကြောင်း ပြောသည်။

အောင်စိုးနှင့်နှင်းနုတို့လက်ထပ်ရန် တစ်ရက်မျှအလိုညတွင် မသမာသူများ၏ ချောင်းမြောင်းပစ်ခတ်မှုကိုခံရပြီး အောင်စိုး မြို့ဆေးရုံသို့တက်ရောက်ကုသမှုခံယူရသည်။ ၁၀ ရက်ခန့်အကြာ သက်သာပျောက်ကင်းလာသည်။ သီဟနှင့်အေးရင်တို့လည်း နောက်နှစ်ရက်ခန့်အကြာတွင် မင်္ဂလာဆောင်ကြတော့မည်။ ထိုအချိန်တွင် ထိတ်လန့်ဖွယ်ရာအဖြစ်အပျက် ဖြစ်ပွားခဲ့သည်။ ၎င်းအဖြစ်အပျက်ကား နှင်းဥသည် သီဟကို ဓားဖြင့်ထိုးသတ်ပြီးနောက် မိမိကိုယ်ကိုလည်း အဆုံးစီရင်လိုက်ခြင်းဖြစ်သည်။

❖ စာပေဗိမာန်ဆု ရွေးချယ်ရေးအဖွဲ့ကလည်း ဤသို့ မှတ်ချက်ချထားပါသည်။ မိုးအောက်မြေပြင်သည် တောရွာဘွဲ့ဝတ္ထုကောင်းတစ်ပုဒ်ဖြစ်သည်။ စာရေးသူသည် အထက်အညာတောရွာ၏ သဘောတစ်ခုကို ထင်ရှားစွာဖွဲ့နိုင်ခဲ့ပေသည်။ ဇာတ်လမ်း၊ ဇာတ်ကွက်မှာ ငြီးငွေ့ဖွယ်မရှိ၊ ရိုးရိုးလေးနှင့်သဘာဝကျသည်။ လောက၌ ဖြစ်တတ်သောသဘောများကိုလည်း ထင်ရှားစေသည်။ ဝတ္ထုလုပ်ငန်းမဟုတ်လှသည့် အရေးအသား အလွန်အကျွံ အနည်းငယ်ပါသော်လည်း ဝတ္ထုတစ်ပုဒ်လုံးမှာ အဆင့်အတန်းမီသည်။ ❖

နှင်းနုက သူ့မောင် ပေသီးကို အောင်စိုး၏စာသင်ကျောင်းတွင် ထားသည်။ သူကိုယ်တိုင်လည်း လူရေးလူရာသင်တန်းသို့ တက်သည်။

အောင်စိုးကို နှင်းနုနှင့်တကွ ရွာသူ၊ ရွာသားအများက လေးစားကြသလောက် ဦးကျော်စွာနှင့် ဦးလူကျော်တို့မြေပိုင်ရှင်များက မုန်းတီးနေကြသည်။ သည့်နောက် အောင်စိုးနှင့် နှင်းနုတို့ စေ့စပ်လိုက်ကြသည်။ မင်္ဂလာဆောင်အတွက် ပစ္စည်းဝယ်ရန် အောင်စိုးမြို့တက်ခိုက် ဦးလူကျော်ရောက်လာပြီး ကြွေးတောင်းသည်။ ငွေ ၂၀၀ ချေးသည်ကို ငွေ ၂၅၀ ဆပ်ပြီး နောက်ထပ်ငွေ ၃၀၀ ဆပ်ရဦးမည်ဟုဆိုသည်။

ဦးလူကျော်ပြန်သွားပြီးနောက် ငိုရှိုက်နေသော ညီမနှင်းဥကို နှင်းနုတွေ့ရသည်။ နှင်းဥတွင် သီဟနှင့်ကိုယ်ဝန်ရှိနေပြီဟု ဆိုသည်။ ယခု သီဟက အေးရင်နှင့် လက်ထပ်တော့မည်ဖြစ်သည်။

မိုးဦးရာသီတွင် အောင်စိုးနှင့်နှင်းနုတို့ လက်ထပ်လိုက်ကြသည်။

ဆရာ မလိခက မိုးအောက်မြေပြင်ဝတ္ထုနှင့်ပတ်သက်၍ ဤသို့သုံးသပ်ထားပါသည်။

မိုးအောက်မြေပြင်၏ဦးတည်ချက်သည် ကျေးလက်တောရွာ ပြုပြင်ရေးဖြစ်သည်။ အဆိုပါဦးတည်ချက်ကို ဖော်ညွှန်းရာတွင် စာရေးဆရာသည် ဇာတ်ဆောင်နှင့် ဇာတ်လမ်းကိုအားမပြုဘဲ တရားဟောပြောမှုကို အားပြုထားလေသည်။

အဓိကဇာတ်ဆောင် အောင်စိုးသည် အင်မတန်ကိုယ်ကျိုးစွန့်သူ၊ အင်မတန်သဘောကောင်းသူ၊ အင်မတန် ရဲရင့်သူအဖြစ် ထင်းထင်းကြီးပေါ်နေသည်။ တစ်နည်းဆိုရလျှင် ဆိုရှယ်လစ်သူရဲကောင်းဝါဒဖြစ်ပေသည်။ ထို့ကြောင့်ပင် ဤဆိုရှယ်လစ်တရားဟောဝတ္ထုတွင် အောက်မျက်ခမ်းများလှုပ်ခြင်းကို အလေးပေးသော အယူသည်းမှုများ ရောစွက်နေခြင်းဖြစ်ပေသည်ဟူ၍ မှတ်ချက်ပြုထားပါသည်။

စာပေဗိမာန်ဆု ရွေးချယ်ရေးအဖွဲ့ကလည်း ဤသို့မှတ်ချက်ချထားပါသည်။

မိုးအောက်မြေပြင်သည် တောရွာဘွဲ့ဝတ္ထုကောင်းတစ်ပုဒ်ဖြစ်သည်။ စာရေးသူသည် အထက်အညာတောရွာ၏ သဘောတစ်ခုကို ထင်ရှားစွာဖွဲ့နိုင်ခဲ့ပေသည်။ ဇာတ်လမ်း၊ ဇာတ်ကွက်မှာ ငြီးငွေ့ဖွယ်မရှိ၊ ရိုးရိုးလေးနှင့်သဘာဝကျသည်။ လောက၌ ဖြစ်တတ်သော သဘောများကိုလည်း ထင်ရှားစေသည်။ ဝတ္ထုလုပ်ငန်းမဟုတ်လှသည့် အရေးအသား အလွန်အကျွံ အနည်းငယ်ပါသော်လည်း ဝတ္ထုတစ်ပုဒ်လုံးမှာ အဆင့်အတန်းမီသည်။

ဇာတ်ဆောင်တစ်ဦးက ရှည်လျားစွာ တရားဟောခြင်း၊ သင်တန်းပို့ချခြင်းသာမက စာရေးဆရာ၏ အာဘော်ကို တစ်ထွေးတစ်ပိုက်ကြီး ကြားညှပ်ထည့်သွင်းထားခြင်းများသည် ဝတ္ထုကောင်းတို့၏အင်္ဂါရပ်များမဟုတ်ချေ။ သို့သော် မိုးအောက်မြေပြင်ကို ၁၉၄၈ ခုနှစ်ဝန်းကျင် နိုင်ငံရေးအခြေအနေ စာပေအရှိအမှန်နှင့်ချိန်ထိုးကြည့်လျှင်မူ ပြောစမှတ်ပြုထိုက်သော ဝတ္ထုတစ်ပုဒ်ဖြစ်ပေသည်။ စစ်ပြီးသည်နှင့် ဝတ္ထုများအောတိုက်၍ ထွက်လာသော်လည်း အရည်အချင်းမပါဘဲ အရေအတွက်သာဖြစ်ရလေသည်။ များသောအားဖြင့် အပျော်ဖတ်ဝတ္ထုများသာဖြစ်ပေသည်ဟု ဆရာ မလိခက မှတ်ချက်ပြုပါသည်။

ဆရာမင်းအောင်သည် ရွှေဘိုခရိုင် ခင်ဦးမြို့အပိုင် ဆန်ဆွဲရွာဇာတိဖြစ်သည်။ အဖ ဦးစံပွင့်၊ အမိ ဒေါ်ငွေမတို့မှ ၁၂၇၈ ခုနှစ် ဝါဆိုလဆန်း ၇ ရက်နေ့တွင် ဖွားမြင်သည်။ ငယ်စဉ်က ရွာဘုန်းတော်ကြီးကျောင်းတွင် စာသင်ခဲ့သည်။ ဆရာမင်းအောင်၏ ထင်ရှားသောဝတ္ထုများမှာ ဥတုသုံးလီ (၁၉၅၀)၊ စာရေးဆရာ (၁၉၅၇)၊ ဘုံလယ်မြေ (၁၉၆၄)၊ အငုံ (၁၉၆၅)၊ အငုံကို "ပန်ချင်သူပျို့ချစ်ဦးရယ်"အမည်ဖြင့် ရုပ်ရှင်ရိုက်သည်။

မင်းအောင်သည် မိုးအောက်မြေပြင်ကို ရုပ်ရှင်အဖြစ်ကူးပြောင်းရာတွင် ကိုယ်တိုင်ဇာတ်ဆောင်တစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့သည်။ ထို့နောက် သူသည် ရုပ်ရှင်လောကတွင် သရုပ်ဆောင်သူ၊ ဇာတ်ညွှန်းရေးသူ၊ ဒါရိုက်တာ စသည်ဖြင့် ရုပ်ရှင်လောကတွင် ကျင်လည်နေခဲ့သည်။

မင်းအောင်သည် မြန်မာနိုင်ငံစာရေးဆရာအသင်း အမှုဆောင်တစ်ဦးလည်း ဖြစ်ခဲ့လေသည်။

**ကိုးကား**

**– မလိခ မြန်မာဝတ္ထုအညွှန်း ၁၊ ၂**

# မင်းဘူးမြို့နယ် ခရကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အငှမအကြိမ်ထုတ်ချေး

**မင်းဘူး မေ ၂၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်စေရန်ရည်ရွယ်၍ ခရကန်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အငှမအကြိမ် ထုတ်ချေးခြင်းကို မေ ၂၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာအုပ်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ အတိုး၊ အရင်းများကို သတ်မှတ်ရက်အတွင်း အချိန်မီပေးသွင်းနိုင်ရေး အလေးထားဆောင်ရွက်ကြစေလိုကြောင်း၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်တို့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ခရကန်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၁၁ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ခရကန်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ခရကန်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၆ ဦးကို ငွေကျပ် ၂၂၈ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၈၃ ဦးကို ငွေကျပ် ၂၅၈ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၂၅ သိန်း စုစုပေါင်းအသင်းသားအသင်းသူ ၁၃၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၁၁ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ခင်မာ**



# တနင်္ဂနွေနေ့ညမှာကစားမဲ့ ဥရောပအမှတ်ပေးပွဲစဉ်တွေထဲက တိုက်စစ်ထက်မြက်နေတဲ့ စပါး၊ လိုက်ပ်ဇစ်၊ အေတီကိုအသင်းတို့ကို အားပေးရမှာပါ



ဒီတစ်ပတ် တနင်္ဂနွေနေ့ညမှာတော့ ဥရောပအမှတ်ပေးပြိုင်ပွဲတွေက ခြေရည်တူအသင်းတွေနဲ့ အသင်းကြီးတွေ ထိပ်တိုက်တွေ့ဆုံနေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်အုံးမှာသေချာပါတယ်။ လက်ရှိမှာ ကြားရက်က ဥရောပပြိုင်ပွဲ ကစားထားရတဲ့ အသင်းတွေအနေနဲ့ ပွဲပန်းမှုဒဏ်တွေရှိနေသလို ကစားသမားစုဖွဲ့မှုအားနည်းပြီး အလှည့်ကျကစားသမားအသုံးမပြုတဲ့ အသင်းတွေဟာ ရလဒ်ကောင်းဖို့ ရှန်းကန်ရမှာပါ။ ဒ့ါပြင် ရာသီပိတ်သိမ်းဖို့ ပွဲအနည်းငယ်အလိုမှာ အသင်းငယ်တွေကလဲ တန်းဆင်းဇုန်ဖိအားတွေကြောင့် အစွမ်းကုန်ကြိုးစားလာလို့ မမျှော်လင့်တဲ့ရလဒ်တွေထွက်ပေါ်နေတာကိုတွေ့ရမှာပါ။ လာမဲ့တနင်္ဂနွေနေ့ညပွဲစဉ်တွေမှာတော့ အစဉ်အလာအရ အသာရထားပြီး တိုက်စစ်ပိုင်းထက်မြက်နေတဲ့ အသင်းတွေကိုပဲ အားပေးရမှာဖြစ်ပါတယ်။

**စပါးအသင်း ရလဒ်ကောင်းမှာပါ**

တနင်္ဂနွေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ နယူးကာဆယ်အသင်းနဲ့ စပါးအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ နယူးကာဆယ်အသင်းဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာ အေဗီလာအသင်းကို သုံးဂိုးပြတ်ရှုံးခဲ့ပြီး ရမှတ်ဆုံးရှုံးခဲ့တာကိုတွေ့ရမှာပါ။ အဲဒီပွဲစဉ်မှာ သူတို့အသင်းဟာ အေဗီလာရဲ့ကစားကွက်အောက်မှာ ထိန်းချုပ်ခံခဲ့ရသလို တစ်ပွဲလုံးမှာလဲ ဂိုးပေါက်ခြိမ်းခြောက်မှုတစ်ကြိမ်ပဲ ပြုလုပ်နိုင်ခဲ့ပြီး ချေပဂိုးမရရှိဘဲ သုံးဂိုးပြတ်ရှုံးခဲ့တာဖြစ်ပါတယ်။ နယူးကာဆယ်ဟာ နောက်ဆုံးငါးပွဲမှာ လေးပွဲနိုင်၊ တစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပြီး ရမှတ် ၅၆ မှတ်ရရှိခဲ့တာကြောင့် အဆင့်(၄)မှာ ရပ်တည်နေတာကိုတွေ့ရမှာပါ။ ဒါပေမဲ့ အဆင့်(၅)က စပါး၊ အဆင့်(၆) က အေဗီလာတို့နဲ့ ရမှတ်ကွာဟမှုကျဉ်းမြောင်းနေတာကြောင့် အဆင့်(၄) နေရာအတွက် လက်ကျန်ပွဲစဉ်တွေမှာ ရှန်းကန်ရမှာဖြစ်ပါတယ်။ အခုပွဲစဉ်မှာတော့ မက်ဆီမန်၊ အယ်မီရွန်တို့လို တိုက်စစ်ကစားသမားတွေ မပါနိုင်ပေမဲ့ အစ်ဆက်ခ်၊ ဝယ်ဆင်၊ ဂျိုးလင်တန်တို့ပါဝင်နိုင်မှာဖြစ်ပါတယ်။ နယူးကာဆယ်အသင်းဟာ ကစားအားကျဆင်းသွားမှာမဟုတ်ပေမဲ့ အေဗီလာနဲ့ပွဲမျိုးက ကစားပုံနဲ့ဆို ရမှတ်လိုအပ်နေတဲ့စပါးကို အနိုင်ရဖို့မလွယ်ပါဘူး။

စပါးအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်မှာ တိုက်စစ်ပိုင်းထက်မြက်လာတာကြောင့် နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပြီး တိုက်စစ်ပိုင်းက ၁၁ ဂိုးထိသွင်းယူနိုင်ခဲ့ပါတယ်။ သူတို့အသင်းဟာ နည်းပြကွန်တီနဲ့ လမ်းခွဲပြီးနောက်ပိုင်း လက်ထောက်နည်းပြ စတယ်လီနီကို ယာယီခန့်အပ်ထားတာကို တွေ့ရမှာပါ။ စတယ်လီနီ လက်ထက်မှာလဲ အသင်းတိုက်စစ်ကစားပုံ တိုးတက်လာတာကိုတွေ့ရပေမဲ့ အဓိကခံစစ်ကစားသမားအများစု ဒဏ်ရာရနေတာကြောင့် ပေးဂိုးများနေဆဲဖြစ်ပါတယ်။ လက်ရှိမှာ စပါးအသင်းဟာ ၃၁ ပွဲ ကစားပြီးချိန်မှာ ရမှတ် ၅၃ နဲ့ အဆင့်(၅) မှာ ရောက်ရှိနေတာကြောင့် ချန်ပီယံလိဂ်ဝင်ခွင့်သေချာဖို့ အခုပွဲစဉ်ဟာ အရေးကြီးနေတာကိုတွေ့ရမှာပါ။ လက်ရှိမှာ တိုက်စစ်မှူး ဟယ်ရီကိန်းဟာ သွင်းဂိုး ၂၃ ဂိုးထိ သွင်းယူထားပြီး ပရီးမီးယားလိဂ်ရဲ့ ဒုတိယဂိုးအများဆုံးသွင်းထားတဲ့ ကစားသမားတစ်ယောက်ဖြစ်တာကို တွေ့ရမှာပါ။ နှစ်သင်းစလုံး ရမှတ်လိုအပ်နေချိန်မှာ အိမ်ကွင်းခံစစ်ကောင်းတဲ့ နယူးကာဆယ်အနေနဲ့ တိုက်စစ်ထက်မြက်တဲ့စပါးကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ခက်ခဲနိုင်သလို တွေ့ဆုံမှုအစဉ်အလာမှာလဲ စပါးအသင်းကပဲ အသာရခဲ့တာကြောင့် ညှိသည့်စပါးပဲ ရလဒ်ကောင်းသွားမှာပါ။

**နယူးကာဆယ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| နော်တင်ဟမ် | ၁ | - | ၂ | နယူးကာဆယ် |
| နယူးကာဆယ် | ၂ | - | ၀ | မန်ယူ |
| ဝက်စ်ဟမ်း | ၁ | - | ၅ | နယူးကာဆယ် |
| ဘရန့်ဖို့ဒ် | ၁ | - | ၂ | နယူးကာဆယ် |
| အေဗီလာ | ၀ | - | ၃ | နယူးကာဆယ် |

**စပါးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| စပါး | ၃ | - | ၁ | နော်တင်ဟမ် |
| ဆောက်သမ်တန် | ၃ | - | ၃ | စပါး |
| အဲဗာတန် | ၁ | - | ၁ | စပါး |
| စပါး | ၂ | - | ၁ | ဘရိုက်တန် |
| စပါး | ၂ | - | ၃ | ဘုန်းမောက် |

**လိုက်ပ်ဇစ်အသင်းကို ရွေးချယ်ရမှာပါ**

တနင်္ဂနွေနေ့ညမှာကစားမဲ့ ဘွန်ဒက်လီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ လေဗာကူဆင်နဲ့ လိုက်ပ်ဇစ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ နည်းပြအလွန်ဆို တာဝန်ယူပြီးနောက်ပိုင်း ကစားပုံတိုးတက်လာတဲ့ လေဗာကူဆင်ဟာ နောက်ဆုံးအိမ်ကွင်းငါးပွဲဆက် မရှုံးသေးတာကိုတွေ့ရမှာပါ။ အဲဒီပွဲစဉ်တွေမှာ ဖရန့်ဖတ်၊ ဘိုင်ယန်မြူးနစ်တို့လိုအသင်းကြီးတွေကိုအနိုင်ရခဲ့ပြီး တိုက်စစ်က ပွဲတိုင်းဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ ဒါပေမဲ့ ကစားသမားစုဖွဲ့မှု သာမန်ပဲရှိနေတဲ့ သူတို့အသင်းဟာ ပွဲဆက်တွေများလာတာကြောင့် ပွဲပန်းမှုဒဏ်ကို ခံစားရမှာသေချာပါတယ်။ သူတို့အသင်းဟာ အမှတ်ပေးပြိုင်ပွဲ ၂၈ ပွဲ ကစားပြီးချိန်မှာ ရမှတ် ၄၄ မှတ်နဲ့ အဆင့်(၆) မှာရောက်ရှိနေပေမဲ့ အဆင့် (၇)၊ အဆင့် (၈) က ဖရန့်ဖတ်၊ မိန့်ဇ်အသင်းတို့နဲ့ ရမှတ်ကွာဟမှုကျဉ်းမြောင်းတာကြောင့် အခုပွဲစဉ်ကို ရှုံးခဲ့ရင် အမှတ်ပေးဇယားပြောင်းလဲမှုဖြစ်မှာ သေချာပါတယ်။ နည်းပြအလွန်ဆိုလက်အောက်မှာတော့ တိုက်စစ်မှူး ဒီယာဘီက သွင်းဂိုးကိုးဂိုးထိသွင်းယူပြီး ဂိုးသွင်းအများဆုံးကစားသမားအဖြစ် ရပ်တည်နေပေမဲ့ သူ့အနေနဲ့ ခံစစ်ကောင်းတဲ့အသင်းတွေနဲ့တွေ့ရင် ဂိုးရဖို့ရှုန်းကန်နေရတာကို တွေ့ရမှာပါ။

လိုက်ပ်ဇစ်အသင်းဟာ ချန်ပီယံလိဂ်ပြိုင်ပွဲက ထွက်ခွာခဲ့ရပြီးနောက်ပိုင်း ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိတော့ပေမဲ့ လက်ရှိအမှတ်ပေးဇယားမှာ ၁၅ ပွဲနိုင်၊ ခြောက်ပွဲသရေ၊ ခုနစ်ပွဲရှုံးနဲ့ အဆင့်(၄)မှာ ရပ်တည်နေတာကို တွေ့ရမှာပါ။ ဒါပေမဲ့ အဆင့်(၅) က ဖရန့်ဖတ်နဲ့ ရမှတ်တစ်မှတ်ပဲကွာဟနေတာကြောင့် လာမဲ့ပွဲစဉ်တွေကို အမှားမခံဘဲ အာရုံစိုက်ကစားနေပါတယ်။ သူတို့အသင်းဟာ ဘွန်ဒက်လီဂါမှာ တိုက်စစ်ကောင်းတဲ့အသင်းတွေထဲက တစ်သင်းဖြစ်တာကြောင့် ခံစစ်အားနည်းတဲ့အသင်းတွေနဲ့ဆို တိုက်စစ်ပိုင်းဂိုးမြူးလေ့ရှိပါတယ်။ လက်ရှိမှာလဲ ကာလရှည်အနားယူနေရတဲ့ တိုက်စစ်မှူး အန်ကူကူပါဝင်နိုင်ပြီဖြစ်သလို တီမိုဝါနာ၊ အန်ဒရီဆေးဗားတို့လို ခြေစွမ်းပြကစားသမားတွေကြောင့် တိုက်စစ်ကစားပုံ ကျဆင်းသွားတာမရှိပါဘူး။ ဒါကြောင့် နည်းပြရိုစ့်ဟာ အဝေးကွင်းဖြစ်ပေမဲ့ တိုက်စစ်အသားပေးကစားပြီး ခံစစ်အားနည်းတဲ့ လေဗာကူဆင်ကို ဖိအားပေးဖို့ ပြင်ဆင်လာမှာပါ။ လက်ရှိ လေဗာကူဆင်ဟာလဲ ပွဲဆက်တွေများနေတာကြောင့် ခံစစ်အားနည်းချက်ကိုမပြင်ဘဲ တိုက်စစ်ဖွင့်ကစားမယ်ဆိုရင် လိုက်ပ်ဇစ်အသင်းကို နိုင်ပွဲရဖို့ ခက်သွားမှာပါ။ ဒ့ါပြင် ထိပ်တိုက်တွေ့ဆုံမှုအစဉ်အလာမှာလဲ လိုက်ပ်ဇစ်က ခုနစ်ပွဲနိုင်၊ လေးပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်နဲ့ အသာရနေသလို ကစားသမားစုဖွဲ့မှုမှာလဲ လေဗာကူဆင်ထက် သာလွန်နေတာကြောင့် ရမှတ်လိုအပ်နေတဲ့ လိုက်ပ်ဇစ်အသင်းကိုပဲ ရွေးချယ်ရမှာပါ။

**လေဗာကူဆင်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ရှော်လ်ကေး | ၀ | - | ၃ | လေဗာကူဆင် |
| လေဗာကူဆင် | ၃ | - | ၁ | ဖရန့်ဖတ် |
| လေဗာကူဆင် | ၁ | - | ၁ | စိန့်ဂျိလိုစီ |
| ဝုဖ်ဘတ် | ၀ | - | ၀ | လေဗာကူဆင် |
| စိန့်ဂျိလိုစီ | ၁ | - | ၄ | လေဗာကူဆင် |

**လိုက်ပ်ဇစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘိုချမ် | ၁ | - | ၀ | လိုက်ပ်ဇစ် |
| လိုက်ပ်ဇစ် | ၀ | - | ၃ | မိန့်ဇ် |
| လိုက်ပ်ဇစ် | ၂ | - | ၀ | ဒေါ့မွန် |
| ဟာသာဘာလင် | ၀ | - | ၁ | လိုက်ပ်ဇစ် |
| လိုက်ပ်ဇစ် | ၃ | - | ၂ | အော့စ်ဘတ် |

**အေတီကိုအသင်းနဲ့ လက်တွဲရမှာပါ**

တနင်္ဂနွေနေ့ညမှာကစားမဲ့ လာလီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ဘာစီလိုနာနဲ့ အေတီကိုအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းပထမအကျော့တွေ့ဆုံမှုမှာ ဘာစီလိုနာက အဝေးကွင်းကနေ ဒမ်ဘီလီရဲ့သွင်းဂိုးနဲ့ အနိုင်ရခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ လာလီဂါ ၂၉ ပွဲအပြီးမှာ ၂၃ ပွဲနိုင်၊ လေးပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်နဲ့ ရမှတ် ၇၃ မှတ်ထိရယူနိုင်ခဲ့ပြီး ဒုတိယနေရာက ရီးရဲလ်မက်ဒရစ်ကို ရမှတ် ၁၁ မှတ်ထိ ဖြတ်တောက်နိုင်ခဲ့လို့ ချန်ပီယံဆုရဖို့ သေချာသလောက်ရှိနေပါတယ်။ နည်းပြဇာဗီလက်ထက်မှာ သူတို့အသင်းခံစစ်ကစားပုံတိုးတက်လာလို့ အခုပြိုင်ပွဲမှာ ဂိုးမရှေးတဲ့ပွဲ ၂၂ ပွဲနဲ့ ခံစစ်အကောင်းဆုံးအသင်းအဖြစ် ရပ်တည်နေပေမဲ့ လက်ရှိခံစစ်ပိုင်းက ရော်ဘတ်တို၊ ခရစ်စတန်ဆန်တို့ ဒဏ်ရာရနေလို့ ခံစစ်ပိုင်းအားနည်းချက်ရှိမှာသေချာပါတယ်။ ဒါကြောင့် ကစားသမားစုဖွဲ့မှုအားနည်းနေတဲ့ ဘာစီလိုနာဟာ အခုပွဲမှာ အိမ်ကွင်းအားသာချက်တစ်ခုနဲ့ အေတီကိုကို ယှဉ်ဆိုင်ရမှာဖြစ်လို့ ရမှတ်ခွဲပေးရဖို့ သေချာနေတာကိုတွေ့ရမှာပါ။

ဇန်နဝါရီလနောက်ပိုင်းကစလို့ ရှုံးပွဲမရှိသေးတဲ့ အေတီကိုအသင်းဟာ အမှတ်ပေးပြိုင်ပွဲမှာ ပုံစံကောင်းရရှိနေတာကို တွေ့ရမှာပါ။ သူတို့အသင်းအနေနဲ့ အမှတ်ပေးပွဲ ၂၉ ပွဲမှာ ရမှတ် ၆၀ ထိ ရရှိခဲ့လို့ အဆင့် (၃)မှာ ရောက်ရှိနေသလို အဆင့်(၂)က ရီးရဲလ်မက်ဒရစ်နဲ့ ရမှတ်နှစ်မှတ်ပဲ ကွာဟနေပါတယ်။ သူတို့အသင်းဟာ အခုပြိုင်ပွဲရဲ့အသင်းကြီးတွေထဲမှာ ရလဒ်ပိုင်းတည်ငြိမ်မှုရှိတဲ့အသင်းအဖြစ်ရပ်တည်နေပေမဲ့ ၂၀၂၃ ခုနှစ်အတွင်း ကစားခဲ့တဲ့ပွဲတွေမှာ ခံစစ်အသားပေးကစားပြီး တန်ပြန်တိုက်စစ်နဲ့ပဲ ပြိုင်ဘက်ကိုအနိုင်ယူခဲ့တာကို သတိပြုရမှာပါ။ လက်ရှိနည်းပြ ဆီမွန်နီလက်အောက်မှာ မိုရာတာနဲ့ ဂရစ်ဇ်မန်းတို့က အသင်းတိုက်စစ်ကိုဦးဆောင်နေပြီး ဂရစ်ဇ်မန်းက သွင်းဂိုး ၁၁ ဂိုးထိ သွင်းယူထားပါတယ်။ အေတီကိုဟာလဲ အခုပြိုင်ပွဲအဝေးကွင်း ၁၄ ပွဲမှာ ရှုံးပွဲသုံးပွဲပဲရှိခဲ့ပြီး ဒုတိယမြောက် အဝေးကွင်းအကောင်းဆုံးအသင်းဖြစ်နေတာကို သတိပြုရမှာပါ။ အဓိကကစားသမားတွေမပါနိုင်တဲ့ဘာစီလိုနာခံစစ်ပိုင်းအနေနဲ့ အေတီကိုအသင်းရဲ့ ဂရစ်ဇ်မန်း၊ မိုရာတာတို့ တိုက်စစ်အတွဲကိုမထိန်းချုပ်နိုင်ရင် ပေးဂိုးများသွားနိုင်တာကြောင့် ပုံစံကောင်းရနေတဲ့ အေတီကိုအသင်းနဲ့ပဲလက်တွဲရမှာပါ။

**ဘာစီလိုနာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘာစီလိုနာ | ၂ | - | ၁ | ရီးရဲလ်မက်ဒရစ် |
| အယ်ချီ | ၀ | - | ၄ | ဘာစီလိုနာ |
| ဘာစီလိုနာ | ၀ | - | ၄ | ရီးရဲလ်မက်ဒရစ် |
| ဘာစီလိုနာ | ၀ | - | ၀ | ဂျီရိုနာ |
| ဂီတာဖေး | ၀ | - | ၀ | ဘာစီလိုနာ |

**အေတီကိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အေတီကို | ၃ | - | ၀ | ဗလင်စီယာ |
| အေတီကို | ၁ | - | ၀ | ဘက်တစ် |
| ဗယ်လ်ကာနို | ၁ | - | ၂ | အေတီကို |
| ဘက်ဆစ်တပ် | ၂ | - | ၀ | အေတီကို |
| အေတီကို | ၂ | - | ၁ | အယ်မာရီယာ |

# ရောဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် မွေးမြူရေးအသားစားကြက် တစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀ ထိ ဈေးကောင်းရရှိ



မအူပင် ဧပြီ ၂၁

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ဧပြီလအတွင်း မွေးမြူရေး အသားစားကြက် တစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀ ထိ ဈေးကောင်းရရှိနေကြောင်း မအူပင်မြို့နယ်မှ ကြက်၊ ဘဲ၊ ကြက်ဥ၊ ဘဲဥရောင်းဝယ်ရေးပွဲရုံ လုပ်ငန်းရှင် ဒေါ်သူဇာဝင်းက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်တွင် ပြီးခဲ့သည့် မတ်လအတွင်းက မွေးမြူရေး အသားစားကြက် တစ်ပိဿာလျှင် ငွေကျပ် ၆၇၀၀ ထိသာ ဈေးရရှိခဲ့ပြီး ဧပြီ ၁ ရက်မှ ယနေ့ထိ မွေးမြူရေး အသားစားကြက် တစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀ ထိ ဈေးကောင်း ရရှိနေကြောင်း၊ မအူပင်ဒေသတွင် ကြက်မွေးမြူသူ လျော့နည်းလာခြင်းကြောင့် အသားစားကြက် ဈေးကောင်းရရှိလာခြင်းဖြစ်ကြောင်း သိရသည်။

"မအူပင်မြို့နယ်မှာ အသားစားကြက်ဈေးက ဧပြီလပထမပတ်ကနေစတင်ပြီး ဒီနေ့ထိ တစ်ပိဿာကိုငွေကျပ် ၈၅၀၀ ထိ ဈေးကောင်းရရှိနေပါတယ်။ ဒေသက အသားစားကြက်တွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ အခုနှစ်ထဲမှာ အသားစားကြက်မွေးမြူတဲ့သူတွေ လျော့နည်းလာလို့ အခုလိုဈေးကောင်းရရှိတာပါ။ မွေးမြူရေးအသားစားကြက်ဈေးကောင်းရရှိလာတော့ မွေးမြူရေးလုပ်ငန်းရှင်တွေ အဓိကအဆင်ပြေနေတာတွေ့ရပါတယ်။ မအူပင်မြို့နယ်က မွေးမြူရေးလုပ်ငန်းရှင်တွေက အသားစားကြက်ကို အများဆုံး မွေးမြူကြပါတယ်"ဟု မအူပင်မြို့နယ်မှ ကြက်၊ ဘဲ၊ ကြက်ဥ၊ ဘဲဥရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းရှင် ဒေါ်သူဇာဝင်းက ပြောပြသည်။

မွေးမြူရေးအသားစားကြက်၏ သက်တမ်းသည် ကြက်ပေါက်စတင်မွေးမြူချိန်မှ ရောင်းချချိန်ထိ ၄၅ ရက်မှ ရက် ၅၀ ထိကြာမြင့်ပြီး ယခင်က ကြက်ပေါက်တစ်ကောင်လျှင်ငွေကျပ် ၇၀၀ မှ ၁၀၀၀ ထိသာ ဈေးပေးဝယ်ယူမွေးမြူခဲ့ရပြီး ယခုအခါ ကြက်ပေါက်တစ်ကောင်လျှင် ငွေကျပ် ၁၃၀၀ မှ ၁၅၀၀ ထိ ဈေးပေးဝယ်ယူမွေးမြူနေရကြောင်း၊ ကြက်စာမှာလည်း ယခင်က တစ်အိတ်လျှင် ငွေကျပ် ၂၈၀၀၀ ထိသာ ဈေးရှိခဲ့ပြီး ယခုအခါ တစ်အိတ်လျှင်ငွေကျပ် ၄၀၀၀၀ ထိ ဈေးမြင့်တက်လာကြောင်း မအူပင်မြို့နယ် အသားစားကြက်မွေးမြူရေးလုပ်ငန်းရှင်များထံမှ သိရသည်။ **ကျော်ကျော်လင်း**

# မကွေးမြို့နယ် ယင်းသာစည်(န)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

မကွေး ဧပြီ ၂၁

မကွေးတိုင်းဒေသကြီး မကွေးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မကွေးမြို့နယ် ယင်းသာစည်(န)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ် လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးနေမှု အခြေအနေကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာ မကွေးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကြီး၊ မကွေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အိသဉ္ဇာဖူးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံဝန်ထမ်းများက ယင်းသာစည်(န) ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လမ်းရေရှည်တည်တံ့ခိုင်မြဲအောင် ပိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ယင်းသာစည်(န) ကျေးရွာ၌ အရှည်ပေ ၆၇၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေများအနက် ငွေကျပ် ၁၄ သန်းနှင့် ကျေးရွာနေပြည်သူတို့ လုပ်အားထည့်ဝင်မှုတို့ဖြင့် မတ်လစတုတ္ထပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

မကွေးမြို့နယ် ယင်းသာစည်(န) ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်မှုကြောင့် မိုးတွင်းကာလတွင် အဆိုပါကျေးရွာ၌ လမ်းသားပျက်စီးမှုမှ ခံနိုင်ရည်ရှိခြင်း၊ ရာသီမရွေး သွားလာနိုင်ခြင်း၊ ကျေးရွာတွင်း သန့်ရှင်းသာယာ လှပမှုရှိခြင်း ကျေးရွာနေ ပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေး ယခင်ကထက်ပိုမိုကောင်းမွန်ကာ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **ကိုလှိုင်**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၂-၄-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၅၅ | ၂၁၀၀ | ၂၀၉၅ | ၂၀၆၀ | ၂၁၀၀ | ၂၁၂၅ | ၂၁၁၀ | ၂၀၈၅ | ၂၁၈၅ | ၂၂၀၀ | ၂၀၉၅ | ၂၁၀၀ | ၂၁၄၀ | ၂၁၄၀ | ၂၁၄၀ | ၂၃၇၀ | ၂၈၁၀ |
| 95 Ron | ၂၁၄၅ | ၂၁၉၅ | ၂၁၉၅ | ၂၁၅၅ | ၂၁၉၅ | ၂၂၁၅ | ၂၂၀၀ | ၂၁၈၀ | ၂၂၇၅ | ၂၂၉၅ | ၂၁၈၅ | ၂၂၀၀ | ၂၂၃၀ | ၂၂၃၀ | ၂၂၃၅ | ၂၄၆၅ | ၂၈၈၅ |
| HSD (500 ppm) | ၁၉၇၅ | ၂၀၂၅ | ၂၀၂၀ | ၁၉၈၀ | ၂၀၂၀ | ၂၀၄၅ | ၂၀၄၀ | ၂၀၀၅ | ၂၁၂၅ | ၂၁၂၀ | ၂၀၁၅ | ၂၀၂၅ | ၂၀၆၀ | ၂၀၆၀ | ၂၀၆၅ | ၂၂၉၀ | ၃၁၀၀ |
| HSD (50 ppm) | ၂၀၅၅ | ၂၁၀၅ | ၂၁၀၀ | ၂၀၆၀ | ၂၁၀၀ | ၂၁၂၅ | ၂၁၂၀ | ၂၀၈၅ | ၂၂၀၅ | ၂၂၀၀ | ၂၀၉၅ | ၂၁၀၅ | ၂၁၄၀ | ၂၁၄၀ | ၂၁၄၅ | ၂၃၇၀ | ၃၁၃၀ |
| HSD (10 ppm) | ၂၀၅၅ | ၂၁၀၅ | ၂၁၀၀ | ၂၀၆၀ | ၂၁၀၀ | ၂၁၂၅ | ၂၁၂၀ | ၂၀၈၅ | ၂၂၀၅ | ၂၂၀၀ | ၂၀၉၅ | ၂၁၀၅ | ၂၁၄၀ | ၂၁၄၀ | ၂၁၄၅ | ၂၃၇၀ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၄၇ | ၂၀၂၀ |
| 95 Ron | ၂၀၃၇ | ၂၁၁၁ |
| HSD (500 ppm) | ၁၈၇၄ | ၁၉၄၁ |
| HSD (50 ppm) | ၁၉၄၈ | ၂၀၁၆ |
| HSD (10 ppm) | ၁၉၄၈ | ၂၀၁၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မိသားစုဘဝ လုံခြုံစိတ်ချဖို့

ကျန်းမာရေးအာမခံ

ထားကြစို့!

# အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်



We Protect The Family



၁။ ပြည်သူ့ပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူ့ပြည်သားနစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ



အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃

၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇



## ဝန်ထမ်းအလိုရှိသည်

| | | | |
|---|---|---|---|
| 1. | Sale / Drive (ရောင်း/မောင်း) | ကျား | (5) ဦး |
| 2. | Sale Man | ကျား | (5) ဦး |
| 3. | အထွေထွေဝန်ထမ်း | ကျား | (5) ဦး |
| 4. | အထွေထွေဝန်ထမ်း | မ | (5) ဦး |

-အမှတ်စဉ်(1)အတွက် ယာဉ်မောင်းလိုင်စင်သက်တမ်း (3)နှစ်နှင့်အထက်ရှိရမည်။
-အမှတ်စဉ်(1),(2),(3)အတွက် အသောက်အစားကင်းရှင်းရမည်။
-အမှတ်စဉ်အားလုံးအတွက် စာရိတ္တကောင်းမွန်ရမည်။ ဆက်ဆံရေးကောင်းမွန်ရမည်။ လုပ်ငန်းကို စိတ်ပါဝင်စားစွာ လုပ်ကိုင်နိုင်ရမည်။
-စိတ်ဝင်စားပါက CV Form နှင့်တကွ လိုအပ်သော စာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။
မှတ်ချက် ။ ။ အိမ်နေအိမ်စားများလည်း လျှောက်ထားနိုင်ပါသည်။
လိပ်စာ ။ ။ အမှတ်(14)၊ 85 လမ်း၊ 28×29လမ်းကြား၊ မန္တလေးမြို့။
09-5069199 , 02-4069291



## မန္တလေးမြို့တွင် လုပ်ကိုင်ရန်

| | | |
|---|---|---|
| -မုန့်စက်ရုံအထွေထွေဝန်ထမ်း | ကျား | (၅)ဦး |
| -မုန့်ထုတ်ဝန်ထမ်း | မ | (၅) ဦး |

မှတ်ပုံတင်ရှိရမည်။အကျင့်စာရိတ္တကောင်းမွန်ရမည်။ အများနှင့် လိုက်လျောညီထွေ လုပ်ကိုင်နိုင်ရမည်။
09-768070029 , 09-2007275
ဖုန်းအား ရုံးချိန်အတွင်း (9 am-5 pm) ဆက်ပေးရပါမည်။



## အမည်ပြောင်း

မလှိုင်မြို့၊ အ.ထ.က(မလှိုင်) Grade-10 (B) (အောင်)မှ မောင်ဘုန်းပြည့်လျှံ (ဘ) ဦးဝင်းကို (၉/မလန(နိုင်)၁၈၆၁၃၇) အား မောင်ထက်လင်းပိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
မောင်ထက်လင်းပိုင် (၉/မလန(နိုင်)၁၈၆၁၃၇)


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။


## N' Modes
## Sportwears & Fashion
## ဝန်ထမ်းအလိုရှိသည်

| | | |
|---|---|---|
| - အရောင်းစာရေးမ | | (3) ဦး |
| - Cashier | မ | (1) ဦး |

-စကားပြောပြေပြစ်ပြီး ဆက်ဆံရေးကောင်းမွန်သူ ဦးစားပေးမည်။
-CV Form နှင့်တကွ လူကိုယ်တိုင် လျှောက်ထားနိုင်ပါသည်။
62လမ်း၊ 38×39လမ်းကြား၊ မန္တလေးမြို့။
09-779222434 , 09-899619995


လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။
ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)


### ပျောက်ဆုံးကြောင်း

ကန့်ဘလူမြို့နယ်နေ မောင်ယွန်း (ဘ) ဦးညီဘေသင် (၅/ကဘလ(နိုင်) ၁၅၈၁၀၇)၏ နိုင်ငံကူးလက်မှတ်အမှတ် (မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၆၄၄၄၃၄၇



### ပျောက်ဆုံးကြောင်း

အိမ်မဲမြို့နေ ဦးသန်းထိုက် (ဘ) ဦးဘင်ဦး (၁၄/အအန(နိုင်)၁၈၉၉၄၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၉၈၇၄၃၅၆၇



### ပျောက်ဆုံးကြောင်း

ကျုံပျော်မြို့နေ ဝင်းဝင်းမြိုး (ဘ) မန်းထွန်းညွှက် (၁၄/ကပန(နိုင်)၂၂၃၃၂)၏ နိုင်ငံကူးလက်မှတ်အမှတ် (မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၇၉၃၁၀၁၂၅


မူးယစ်ကိုပစ် ပန်းတိုင်သစ်
စိတ်သစ် လူသစ် ဘဝသစ်

ပလင်းတန် ဖွံ့ဖြိုးဖို့
စာအုပ် စာပေ ဖတ်ကြစို့

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ မိမိတို့နိုင်ငံသမိုင်းတွင် လူမျိုးစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲအမျိုးမျိုးတို့ကြောင့် တိုင်းရင်းသားအချင်းချင်း၊ ပြည်သူအချင်းချင်း စိတ်ဝမ်းကွဲပြားကာ ပဋိပက္ခများဖြစ်ပွားနေသည်မှာ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရာတွင် သင်ခန်းစာယူရမည့် အချက်ဖြစ်ပါသည်။ မိမိအယူအဆ၊ သဘောထားဆန္ဒများနှင့် မကိုက်ညီသူများကို ရန်သူကဲ့သို့သဘောထားပြီး ခွဲခြားဆက်ဆံခြင်း၊ ဖယ်ကြဉ်ခြင်း၊ ရန်ပြုတိုက်ခိုက်ခြင်းတို့သည် ဒီမိုကရေစီစနစ်နှင့်ကိုက်ညီမှုမရှိပါ။ ထို့အတူ ဒေသစွဲ၊ ပုဂ္ဂိုလ်စွဲစိတ်ဓာတ်များသည် စည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး နိုင်ငံတော်ပြိုကွဲပျက်စီးမည့်အန္တရာယ်ကို ဖြစ်စေသဖြင့် မတူကွဲပြားမှုများကို သဟဇာတဖြစ်အောင် ပေါင်းစည်းနေထိုင်ကြရေး အလေးထားစဉ်းစားကြရန် တိုက်တွန်းမှာကြားလိုပါသည်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်) ၁၂.၂.၂၀၂၃

# (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် (၁၂)ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများအားကစားပြိုင်ပွဲအထိမ်းအမှတ် မီးရှူးတိုင်သယ်ယူခြင်းအခမ်းအနားကျင်းပ



(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများအားကစားပြိုင်ပွဲအထိမ်းအမှတ် မီးရှူးတိုင်သယ်ယူခြင်းအခမ်းအနား ကျင်းပစဉ်။

ရန်ကုန် ဧပြီ ၂၁

ကမ္ဘောဒီးယားနိုင်ငံတွင် မေ ၅ ရက်မှ ၁၇ ရက်ထိ ကျင်းပမည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် ဇွန် ၃ ရက်မှ ၉ ရက်ထိ ကျင်းပမည့် (၁၂)ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲအထိမ်းအမှတ် မီးရှူးတိုင်လက်ဆင့်ကမ်းသယ်ယူခြင်းအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး

စာမျက်နှာ ၁၈ ကော်လံ ၁ ☆

**PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက ကန့်ဘလူမြို့နယ် ပဒီကြီးကျေးရွာနှင့် မြိုင်မြို့နယ် မကြီးကန်ကျေးရွာတို့ရှိ ကျေးရွာဘုန်းကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ကျေးလက်ဆေးပေးခန်းများနှင့် လူနေအိမ်များ အကာကွယ်ရယူ၍ အကြမ်းဖက်မှုများလုပ်ဆောင်၊ လုံခြုံရေးတပ်ဖွဲ့များက အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေးဆိုင်ရာ ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်းများ (Rules of Engagement-ROE)နှင့်အညီ ဆောင်ရွက်**

စာမျက်နှာ - ၂၂

**မြို့နယ်အလိုက် အခြေခံစားသောက်ကုန်စည်ဈေးနှုန်းများ**

စာမျက်နှာ - ၂၁

### ထူးခြားသည့် နေ့အပူချိန်များ

(၂၁-၄-၂၀၂၃)

| | |
|---|---|
| ချောက်မြို့ | ၄၆ ဒီဂရီစင်တီဂရိတ် |
| မြင်းမူမြို့ | ၄၄ ဒီဂရီစင်တီဂရိတ် |
| မြင်းခြံမြို့ | ၄၄ ဒီဂရီစင်တီဂရိတ် |
| ညောင်ဦးမြို့ | ၄၄ ဒီဂရီစင်တီဂရိတ် |
| တံတားဦးမြို့ | ၄၄ ဒီဂရီစင်တီဂရိတ် |

